# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)


၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ တနင်္လာနေ့။ Monday, 13 November 2017 ၉၁၀၇


# ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အမျိုးသားစည်းလုံးညီညွတ်မှုအင်အားဖြင့် ကြိုးပမ်းဆောင်ရွက်

## (၉၇)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပေးပို့သည့်သဝဏ်လွှာ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူပြည်သား အပေါင်းတို့ခင်ဗျား-**

ယနေ့ ၁၃၇၉ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၉၇)နှစ်မြောက် အမျိုးသားနေ့အခါသမယတွင် တိုင်းရင်းသားပြည်သူပြည်သားအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပြီး ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

နှစ်စဉ် အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားများ ကျင်းပရခြင်း၏ သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုလျှင် မြန်မာပြည်သူအများ တက္ကသိုလ်ပညာသင်ကြားနိုင်ရေး ကန့်သတ်ပိတ်ပင်ထားသည့် ယူနီဗာစီတီအက်ဥပဒေကို ရေးဆွဲပြဋ္ဌာန်းခဲ့ချိန်၊ မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်(၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်)နေ့တွင် ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်ကျောင်းသားများက ယူနီဗာစီတီအက်ဥပဒေကို စတင်သပိတ်မှောက်ခဲ့ကြပါသည်။ မတရားသည့် ယူနီဗာစီတီအက်ဥပဒေကို ဆန့်ကျင်သပိတ်မှောက်ရာမှ ကျောင်းသားသပိတ်သည် နိုင်ငံတစ်နံတစ်လျား ပျံ့နှံ့ရိုက်ခတ်သွားခဲ့ပါသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳





အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေး၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားစဉ်။

# မြန်မာနိုင်ငံအနေဖြင့် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နေမှုကြောင့် နိုင်ငံရဲ့စီးပွားရေး အလျင်အမြန်တိုးတက်နေသကဲ့သို့ ကုန်သွယ်မှုပြုလုပ်ရာတွင် ကြိုးနီစနစ်လျှော့ချဖို့နဲ့ ပုဂ္ဂလိကလုပ်ငန်း ကြီးပွားတိုးတက်မယ့် စီးပွားရေးဝန်းကျင်တစ်ရပ် ဖန်တီးဆောင်ရွက်နေ

မနီလာ(ဖိလစ်ပိုင်) နိုဝင်ဘာ ၁၂

ဖိလစ်ပိုင်နိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့တွင် အာဆီယံစီးပွားရေးအကြံပေးကောင်စီ(ASEAN BAC)က ကြီးမှူးကျင်းပသည့် အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေး(ABIS)၊ နှစ်(၅၀)ပြည့် အာဆီယံဂုဏ်ပြုညစာစားပွဲနှင့် အရှေ့အာရှ ထိပ်သီးအစည်းအဝေး၏ သီးသန့်အစည်းအဝေး(EAS Leaders' Retreat)တို့သို့ တက်ရောက်သည်။ စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍

**(၉၇)နှစ်မြောက် အမျိုးသားနေ့ကို ဂုဏ်ပြုပါ၏**




# ကြေးမုံ

## အမျိုးသားအောင်ပွဲ အမျိုးသားရေးစိတ်ဓာတ်

၁၈၈၅ ခုနှစ်အကုန် မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝသို့ ကျရောက်ပြီးနောက် မြန်မာလူမျိုးများ အမျိုးသားရေးစိတ်ဓာတ်ထက်သန်နိုးကြားလာစေသည့် လှုပ်ရှားမှုများမှာ များစွာရှိပါသည်။ သူ့ကျွန်ဘဝသို့ ကျရောက်ပြီး အစောပိုင်းကာလ ဆယ်နှစ်တာအတွင်း သူ့ကျွန်မခံ တွန်းလှန်လိုကြသော မျိုးချစ်သူရဲကောင်း ခေါင်းဆောင်များက နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများ ဆင်နွှဲခဲ့ကြပြီးနောက် အမျိုးသားရေးစိတ်ဓာတ်နိုးကြားထက်သန်စေမည့် ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေကဲ့သို့သော အသင်းအဖွဲ့များ ပထမဆုံးပေါ်ပေါက်လာခဲ့သည်။

ထို့နောက် မျိုးချစ်လူငယ်များဦးဆောင်သည့် ၁၉၂၀ ပြည့်နှစ် ပထမကျောင်းသားသပိတ်နှင့် ၁၉၃၆ ခုနှစ် ဒုတိယကျောင်းသားသပိတ်တို့မှတစ်ဆင့် တစ်မျိုးသားလုံး၊ တစ်နိုင်ငံလုံး မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်များ လွှမ်းခြုံဖြစ်ပေါ်လာကာ သူ့ကျွန်ဘဝမှ လွတ်မြောက်အောင် ကြိုးပမ်းအားထုတ်နိုင်ခဲ့သည်။ ယင်းသည် မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်မှ သန္ဓေတည်သည့် ညီညွတ်သော စွမ်းအားပင်ဖြစ်သည်။

မျိုးချစ်စိတ်ဓာတ်မှ သန္ဓေတည်သည့် အမျိုးသားရေးလှုပ်ရှားမှုများတွင် ၁၉၂၀ ပြည့်နှစ် ပထမကျောင်းသားလှုပ်ရှားမှု (ကျောင်းသားသပိတ်)မှာ ထူးခြားသော အသွင်ဆောင်သည်။ သူ့ကျွန်ဘဝသို့ ကျရောက်ပြီးနောက် ဒုတိယအကြိမ် ပြန်လည်နိုးကြားလာသော အမျိုးသားရေးစိတ်ဓာတ်မီးမှာ ပထမဆုံးအကြိမ်အဖြစ် တောက်လောင်ခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က ကျောင်းသား ကျောင်းသူအားလုံး အမျိုးသားရေးလှုပ်ရှားမှုတွင် ပါဝင်လာကြသည်။ ကျွန်ပညာရေးကို ကန့်ကွက်ကြသည်။ အမျိုးသားရေးလွတ်မြောက်မှုအတွက် တောင်းဆိုသံများ စီစီညံခဲ့သည်။ ခေတ်သစ်လူထုလှုပ်ရှားမှုများနှင့် နှိုင်းစာလျှင် ကျောင်းသားသပိတ်သည် ချည့်နဲ့သည်ဟု ဆိုနိုင်သော်လည်း နိုင်ငံလွတ်မြောက်ရေး၏အစ၊ နယ်ချဲ့အုပ်ချုပ်မှုနိဂုံး၏ အစသင်္ကေတဖြစ်၍ မနှိုင်းယှဉ်အပ်သော ကြီးကျယ်မြင့်မားမှုဖြစ်သည်။

နယ်ချဲ့တို့၏ ကိုလိုနီပညာရေးသည် အစေခိုင်းခံ မြန်မာလူငယ်များကို မွေးထုတ်ပေးသော ကျွန်ပညာရေးသာဖြစ်သည်။ မြေရှင်၊ ဓနရှင်၊ အရင်းရှင်၊ အုပ်ချုပ်သူလူတန်းစားများနှင့် နယ်ချဲ့တို့၏ နောက်တော်ပါးများအတွက်သာ ဖန်တီးထားသော ပညာရေးစနစ်ဖြစ်သည်။ ယင်းကို မျိုးချစ်မြန်မာ ကျောင်းသား ကျောင်းသူ လူငယ်များက လက်မခံ၊ ကန့်ကွက်ခဲ့ကြသော်လည်း အရာမထင် လျစ်လျူရှုခဲ့သောကြောင့် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက် (မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်)နေ့တွင် တက္ကသိုလ်အက်ဥပဒေကို လုံးဝကန့်ကွက်ကြောင်း ဖော်ပြလိုသည့်အနေဖြင့် ကျောင်းမတက်ကြတော့ဘဲ ဆန့်ကျင်အရေးဆိုခဲ့သည်။

၁၉၂၀ ပြည့်နှစ် ပထမကျောင်းသားသပိတ် သို့မဟုတ် ကိုလိုနီပညာရေးစနစ်ကို ဆန့်ကျင်ကန့်ကွက်ခဲ့သော အရေးဆိုပွဲသည် နယ်ချဲ့ဆန့်ကျင်ရေးနှင့် ဝံသာနုလှုပ်ရှားမှုများကို အထောက်အကူဖြစ်စေခဲ့သည်။ ထိုလှုပ်ရှားမှုကြောင့် အမျိုးသားကျောင်းများ ပေါ်ပေါက်လာပြီး ခေတ်သစ်အမျိုးသားပညာရေး အတွေးအခေါ်များ ဖြစ်ထွန်းလာသည်။ မြန်မာတစ်မျိုးသားလုံးအတွက် နိုင်ငံရေးစိတ်ဓာတ်နိုးကြားလာပြီး မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်များလည်း မြင့်မားခိုင်ကျည်လာစေသည်။

မြန်မာတို့အတွက် စိတ်ဓာတ်မြှင့်တင်ရေး၊ အမျိုးသားရေးစိတ်ဓာတ်မြင့်မားရေး၊ နယ်ချဲ့တို့၏ ကိုလိုနီပညာရေးကို ရိုက်ချိုးပစ်ရေး၊ မြန်မာတစ်မျိုးသားလုံး သွေးစည်းညီညွတ်ရေး၊ စိတ်ဓာတ်ခွန်အားတိုးပွားစေရေးစသည့် ထက်သန်သော စိတ်ဓာတ်များကို ပျိုးထောင်ပေးနိုင်ခဲ့သည့် ပထမကျောင်းသားသပိတ် စတင်သောနေ့၊ ကိုလိုနီပညာရေးစနစ်ကို စတင်ရိုက်ချိုးသောနေ့ကို အမျိုးသားအောင်ပွဲနေ့အဖြစ် အောင်မြင်စွာ အသိအမှတ်ပြု သတ်မှတ်ခဲ့ပေသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်နှစ်တိုင်းကျင်းပခဲ့သည့် အမျိုးသားနေ့ (အမျိုးသားအောင်ပွဲနေ့)သည် ယခုအခါ ၉၇ နှစ် တိုင်ခဲ့ပြီဖြစ်သည်။ ရှေးဘိုးဘေးဘီဘင် မျိုးချစ်ခေါင်းဆောင်များ စိုက်ထူခဲ့သော အမျိုးသားရေးမီးရှူးတန်ဆောင်သည် ယနေ့ထက်တိုင် တောက်လောင်နေဆဲဖြစ်သည်။ ရှင်သန်နေဆဲဖြစ်သည်။ မြန်မာတို့၏ အမျိုးသားရေးစိတ်ဓာတ်သည်ကားမည်သည့်အခါမျှ မှေးမှိန်ပျောက်ကွယ်သွားမည် မဟုတ်ချေ။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားနေသမျှ ဆက်လက်ရှင်သန်နေမည်သာဖြစ်သည်။

ယခုအခါ အမျိုးသားရေးစိတ်ဓာတ် မျိုးစေ့ချပေးခဲ့သော မျိုးချစ်ပုဂ္ဂိုလ်ကြီးများ သက်ရှိထင်ရှားရှိနေဦးမည်ဆိုလျှင် အသက်တစ်ရာကျော်ပေလိမ့်မည်။ မျိုးစေ့ချပေးခဲ့သော မျိုးချစ်ပုဂ္ဂိုလ်ကြီးများ ယနေ့ချိန်ခါတွင် မရှိကြတော့ပြီ။ ကျန်ရှိသော မျိုးဆက်သစ်များက ဘိုးဘွားအမွေ အမျိုးသားရေးစိတ်ဓာတ်များ မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရမည့် သမိုင်းပေးတာဝန် ရှိနေပါသည်။ ။

## (၃၁) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများမတိုင်မီ အာဆီယံစီးပွားရေးဝန်ကြီးများ၏ အကြိုညှိနှိုင်းအစည်းအဝေး ကျင်းပ

**မနီလာ နိုဝင်ဘာ ၁၂**

ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့၌ နိုဝင်ဘာ ၁၃ ရက်မှ ၁၄ ရက်အထိ ကျင်းပမည့် (၃၁) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ် ထိပ်သီးအစည်းအဝေးများ မတိုင်မီ အာဆီယံစီးပွားရေးဝန်ကြီးများ၏ အကြိုညှိနှိုင်း အစည်းအဝေး၊ (၁၅) ကြိမ်မြောက် အာဆီယံစီးပွားရေး အသိုက်အဝန်းကောင်စီ အစည်းအဝေး၊ အာဆီယံ-ဂျပန် စီးပွားရေး ဝန်ကြီးများ၏ အလွတ်သဘော အစည်းအဝေးနှင့် ဒေသတွင်း ဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးအဆင့် အစည်းအဝေးတို့ကို Marriott Hotel ၌ နိုဝင်ဘာ ၁၂ ရက်တွင် ကျင်းပရာ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးကျော်ဝင်းနှင့်အဖွဲ့ တက်ရောက်သည်။



အဆိုပါ အစည်းအဝေးများသို့ အာဆီယံစီးပွားရေးဝန်ကြီးများ၊ ဒေသတွင်း ဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွင် ပါဝင်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများ၊ ကိုယ်စားလှယ်များ၊ အာဆီယံ ဒုတိယ အထွေထွေအတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ တက်ရောက်သည်။

အစည်းအဝေး များတွင် အာဆီယံ-ဂျပန် ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို ပြင်ဆင်သည့် အခြေပြစာချုပ် (မူကြမ်း)ကို အပြီးသတ်ညှိနှိုင်း၍ ၂၀၁၈ ခုနှစ်တွင် လက်မှတ်ရေးထိုးနိုင်ရေးကိစ္စ၊ ၂၀၁၇ ခုနှစ်အတွင်း ဖိလစ်ပိုင်သမ္မတနိုင်ငံ အာဆီယံ အလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်နေစဉ် စီးပွားရေးပိုင်းနှင့်စပ်လျဉ်းပြီး ဦးစားပေး ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ ၂၀၁၇ ခုနှစ်အတွင်း ဆောင်ရွက်နိုင်ခဲ့သည့် အာဆီယံ စီးပွားရေး အသိုက်အဝန်း အကောင်အထည်ဖော်မှု အခြေအနေနှင့် တိုးတက်မှုများ၊ ဒေသတွင်း ဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ ညှိနှိုင်းမှုများ အပြီးသတ်နိုင်ရေးအတွက် ရှေ့ဆက်လက် ဆောင်ရွက်ရန် ကိစ္စများနှင့် စပ်လျဉ်းသည့် အကြောင်းအရာများအပေါ် ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး အာဆီယံထိပ်သီး အစည်းအဝေးများ ကာလအတွင်း နိုင်ငံ့ခေါင်းဆောင်များသို့ တင်ပြမည့် အာဆီယံစီးပွားရေး အသိုက်အဝန်း ကောင်စီ၏ အစီရင်ခံစာ၊ (၃၁) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကြေညာချက်တွင် ပါဝင်သည့် စီးပွားရေးပိုင်းနှင့် စပ်လျဉ်း၍ အကြောင်းအရာများနှင့် ဒေသတွင်း ဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့်စပ်လျဉ်းသည့် ဆန်းစစ်မှုအစီရင်ခံစာတို့အပေါ် အတည်ပြုသည်။

ပြည်ထောင်စု ဝန်ကြီးသည် အစည်းအဝေးများ တက်ရောက်ပြီး ယင်းနေ့ ညနေပိုင်းတွင် Solaire Hotel ၌ ASEAN Business and Investment Summit ကာလအတွင်း ကျင်းပသည့် Forum on Unleashing Women Economic Power and Human Capital Development သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




## မှုခင်းအသိပညာပေး ပြခန်းယာဉ်ဖြင့် ရေးမြို့နယ်တွင် ဟောပြော

**မော်လမြိုင် နိုဝင်ဘာ ၁၂**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၊ မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး သိန်းထွန်းဦး၊ ရေးမြို့နယ် ခေတ္တရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သိန်းနိုင်တို့ ကြီးကြပ်မှုဖြင့် နိုဝင်ဘာ ၁၁ ရက်က ရေးမြို့နယ် ဇီးဖြူသောင်ကျေးရွာ ဘောလုံးကွင်း၌ မှုခင်းအသိပညာပေး ပြခန်းယာဉ်ဖြင့် ပြည်သူ့အတွက် ၂၄ နာရီ ဗီဒီယိုဇာတ်ကားနှင့် မူးယစ်ဆေးဝါးအသိပညာပေး ဇာတ်ကားများကို ပြသခဲ့သည်။

ရေးမြို့မဒုတိယရဲစခန်းမှူး ရဲအုပ်မောင်မောင်စိုးဦးက သက်ငယ်မုဒိမ်းမှုများ ပပျောက်ရေးနှင့် ယာဉ်/လမ်းစည်းကမ်းများနှင့်ပတ်သက်၍ လည်းကောင်း၊ အမှတ်(၉) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (ရေး)ရဲအုပ်ကျော်သူလွင်က လူကုန်ကူးမှုနှင့်ပတ်သက်၍လည်းကောင်း၊ အမှတ်(၃၉) မူးယစ်ဆေးဝါးနှိမ်နင်းရေးတပ်ဖွဲ့စု(ရေး) ရဲအုပ်မျိုးသန့်နိုင်က မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍လည်းကောင်း ဟောပြောခဲ့ကြပြီး မှုခင်းအသိပညာပေး လက်ကမ်းစာစောင်များ ဝေငှပေးခဲ့သည်။

**မြို့နယ်ရဲတပ်ဖွဲ့**


သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကို စိုး



ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**✻ ရှေ့ဖုံးမှ**

ဤသပိတ်၏ အကျိုးဆက်ကြောင့် များမကြာမီအတွင်း အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုရင့်သန်လာပြီး အမျိုးသားကျောင်းများ နိုင်ငံနှင့်အဝှမ်း ပေါ်ပေါက်လာခဲ့ပါသည်။ ထိုသို့ သပိတ်မှောက်ခဲ့ခြင်းသည် တက္ကသိုလ်ပညာရေးဖြင့်သာ သက်ဆိုင်သည့်အရေးကိစ္စမဟုတ်ဘဲ မြန်မာပြည်သူများကို အမျိုးသားရေးအသိစိတ်ဓာတ်များ နှိုးဆော်ပေးလိုက်သည့် အရေးတော်ပုံကြီးပင် ဖြစ်ပါသည်။ ထိုအရေးတော်ပုံမှစတင်၍ မွေးဖွားပေးခဲ့သည့် အမျိုးသားရေးနိုးကြားမှု အသိစိတ်ဓာတ်များသည် မြန်မာနိုင်ငံလွတ်လပ်ရေးကို ရယူနိုင်စွမ်းရှိသည်အထိ အရှိန်အဟုန်ဖြင့် ဖြစ်ထွန်းတိုးတက်လာခဲ့ပါသည်။

၁၉၂၀ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့မှ ၂၄ ရက်နေ့အထိ မန္တလေးမြို့တွင် ကျင်းပခဲ့သည့် န၀မအကြိမ်မြောက် ဂျီစီဘီအေညီလာခံကြီးက ပထမကျောင်းသားသပိတ် စတင်ခဲ့သည့် ၁၂၈၂ ခု တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ပြဋ္ဌာန်းရန် စတင်ဆွေးနွေးခဲ့ပြီး ၁၉၂၂ ခုနှစ် ဇွန်လ ၁၇ ရက်နေ့ ရန်ကုန်မြို့တွင် စတင်ကျင်းပခဲ့သည့် ဂျီစီဘီအေ အထူးညီလာခံက ၎င်းနေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ကြောင်း ဆုံးဖြတ်အတည်ပြုပေးခဲ့ပါသည်။ ထိုအချိန်မှစ၍ တိုင်းရင်းသားပြည်သူအားလုံး၏ နှလုံးသည်းပွတ်တွင် အမျိုးသားရေးစိတ်ဓာတ် အစဉ်ကိန်းအောင်းနေစေခြင်းငှာ နှစ်စဉ်နှစ်တိုင်း နိုင်ငံနှင့်အဝှမ်း အမျိုးသားနေ့အဖြစ် သတ်မှတ်၍ အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားများ ခြိမ့်ခြိမ့်သဲသဲ ကျင်းပလာခဲ့ကြပြီး ယခုဆိုလျှင် ရာပြည့်အကြို (၉၇)နှစ် တိုင်ခဲ့ပြီဖြစ်ပါသည်။

ယခုအချိန်အခါတွင် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးအနေဖြင့် စည်းလုံးညီညွတ်မှုစွမ်းအားကို အမြင့်ဆုံးမြှင့်တင်ရတော့မည့်အချိန် ဖြစ်ပါသည်။ အစိုးရ၊ ပြည်သူ၊ တပ်မတော်၊ လွှတ်တော်၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ မကြံုစဖူး စည်းလုံးညီညွတ်မှုနှင့်အတူ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါ လမ်းကြောင်းမှန်အတိုင်း မတိမ်းမစောင်း၊ မယိမ်းမယိုင် တည်ငြိမ်ဖြောင့်မတ်စွာ ဆက်လက်လျှောက်လှမ်းနိုင်ရေးအတွက် အဖွဲ့အစည်းအသီးသီးတို့သည် ပြည်သူနှင့်အတူ စည်းလုံးညီညွတ်မှုစွမ်းအားကို အရှိန်မြှင့်တင် မွေးမြူဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ယနေ့ မြန်မာနိုင်ငံသည် စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရန်အတွက် (၂၁)ရာစုပင်လုံဟု ခေါ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကိုလည်း ကျင်းပလျက်ရှိပါသည်။

ခိုင်မာသည့် ရည်မှန်းချက်ဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ယနေ့ကျရောက်သည့် အမျိုးသားနေ့ ဦးတည်ချက်များဖြစ်သည့်-

- ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- ပြည်ထောင်စုငြိမ်းချမ်းရေးတည်ဆောက်ရေး
- တိုင်းရင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး
- ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး

တို့ကို ဦးထိပ်ထားလျက် ပြည်သူတို့၏ အမျိုးသားစည်းလုံးညီညွတ်မှုအင်အားဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

# မြန်မာနိုင်ငံကင်းထောက် ရာပြည့်အထိမ်းအမှတ်အခမ်းအနား အောင်မြင်မှုကို ဂုဏ်ပြုသည့် မြန်မာကင်းထောက်ဂီတပွဲတော် ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၂**

မြန်မာကင်းထောက် ရာပြည့်အထိမ်းအမှတ်အခမ်းအနား အောင်မြင်မှုကို ဂီတအနုပညာစွမ်းပကားဖြင့် ထပ်ဆင့်ဂုဏ်ပြုမြှင့်တင်ရန်၊ မွန်မြတ်သောစိတ်စေတနာ ပြည့်ဝသည့် ကင်းထောက်မောင်မယ်လူငယ်များအပေါ် မိဘပြည်သူများက စိတ်ဝင်တစား အားပေးဂုဏ်ပြုချီးမြှင့်လာစေရန်၊ ကင်းထောက်လူငယ်များအကြား ကင်းထောက်စိတ်ဓာတ်ကို အခြေပြု၍ ဂီတအနုပညာများနှင့် ပူးပေါင်းကာ မိမိနှင့် မိမိအဖွဲ့အစည်းကို အကျိုးပြုနိုင်သည့်အခန်းကဏ္ဍကို ပိုမိုမြှင့်တင်နိုင်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။



မြန်မာကင်းထောက်ဂီတပွဲတော်ကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ သုဝဏ္ဏအမျိုးသားအားကစား ပြိုင်ပွဲရုံ(၁)တွင် ကျင်းပသည်။ မြန်မာကင်းထောက်ဂီတပွဲတော်သို့ ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံကင်းထောက်ကော်မတီ ဥက္ကဋ္ဌ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ အမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာဒေါ်တင်လှကြည်နှင့် ကင်းထောက်ကြီးများ၊ ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ တက္ကသိုလ်/ကောလိပ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ကင်းထောက်ဖွဲ့စည်းပြီး မြို့နယ်များမှ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ ကင်းထောက်ခေါင်းဆောင်များနှင့် ကင်းထောက်မောင်မယ်များ၊ အနုပညာရှင်များနှင့် မိဘပြည်သူများ ကြည့်ရှုအားပေးကြသည်။

မြန်မာကင်းထောက်ဂီတပွဲတော်ကို အခြေခံပညာကျောင်းများမှ ကင်းထောက်မောင်မယ်များက ကင်းထောက်ခရာသံကျူးရင့်ကာ ကင်းထောက်ကတိ(၃)ပါး ရွတ်ဆိုပြီး အခမ်းအနားကို ဖွင့်လှစ်ကာ အခြေခံပညာကျောင်းများမှ ကင်းထောက်မောင်မယ်များ၏ "ကင်းထောက်ဂုဏ်ရည်" "ပြည်သူ့အတွက်အစဉ်အသင့်"တေးသီချင်းများ၊ တက္ကသိုလ်/ကောလိပ်များမှ ကင်းထောက်မောင်မယ်များ၏ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းများကို ဂုဏ်ပြုထားသည့် "ငြိမ်းချမ်းရေးသံတမန်များ(Messenger of Peace)" တေးသီချင်း၊ အမျိုးသမီးကင်းထောက်များ၏ " World Song" တေးသီချင်းများ ဖျော်ဖြေကြသည့်အပြင် တေးသံရှင် Rဇာနည်၊ ဝေလ၊ သအို၊ ဖြိုးပြည့်စုံ၊ ဌေးလင်း၊ ဘိုဘိုထွဋ်၊ သားငယ်၊ G Latt၊ ဟန်ထွန်း၊ နီနီခင်ဇော်၊ လွှမ်းရတီဇော်၊ ဆိုဖီယာ၊ ဖြူဖြူဟန်၊ ဘီလီလမင်းအေးတို့က ခေတ်ပေါ်တေးသီချင်းသရုပ်ဖော်အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် မြန်မာကင်းထောက်ဂီတပွဲတော်သို့ လာရောက်ကြသည့် မိဘပြည်သူများနှင့် ကင်းထောက်မောင်မယ်များသည် ကင်းထောက်လုပ်ငန်း၏ ရည်ရွယ်ချက်များ၊ လှုပ်ရှားမှုလုပ်ငန်းရပ်များကို စိတ်ပါဝင်စားစွာ သိရှိနိုင်ရန်အတွက် ဖွင့်လှစ်ပြသထားသည့် အမျိုးသားကင်းထောက်အဖွဲ့ ပြခန်း၊ အမျိုးသမီးကင်းထောက်အဖွဲ့ပြခန်းတွင် ကြိုးချည်နည်းများ၊ အချက်ပြစနစ်၊ သင်္ကေတများ၊ မြန်မာနိုင်ငံနှင့် ကမ္ဘာ့ကင်းထောက်အဖွဲ့လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ စာအုပ်များ၊ ကင်းထောက်တဲများ၊ ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းများမှ ကင်းထောက်ပြခန်းများ ပြသထားမှုများကို ကြည့်ရှုကြပြီး အထိမ်းအမှတ်ပစ္စည်းအရောင်းဆိုင်များ၊ သက်သာချောင်ချိရေး စားသောက်ဆိုင်များတွင် ဝယ်ယူအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**✻ ငြိမ်းချမ်းရေးမှ**

ရန်ကုန်မှ အဆိုရှင် မေသူကျော်(PMF10)၊ ရန်ကုန်မှ အဆိုရှင် Rဝါလင်း(PMF11)တို့ ဖြစ်သည်။

၎င်းတို့သည် ပွဲစဉ်(၂)ပြိုင်ပွဲတွင် မိမိနှစ်သက်ရာ တေးသီချင်းတစ်ပုဒ်စီဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်။ အဆိုပါပွဲစဉ်တွင်လည်း ဒိုင်များ၏ ဆုံးဖြတ်ချက်အပြင် ပရိသတ်မဲပေးမှု ရလဒ်များပေါ်မူတည်ကာ မဲအနည်းအများဖြင့် ထပ်မံ ရွေးချယ်သွားမည်ဖြစ်သည်။ ယင်းကြောင့် ပရိသတ်ကြီးအနေဖြင့် မိမိနှစ်သက်ရာ တေးသံရှင်အတွက် ပြိုင်ပွဲပြီးဆုံးချိန်မှ ၄၈ နာရီအတွင်း SMS ဖြင့် မဲပေးနိုင်ကြောင်း သိရသည်။ မဲပေးလိုပါက မိမိကိုင်ဆောင်သည့်ဖုန်း MPT(7676)၊ Ooredoo (6031)၊ Telenor(6600)တို့မှ တစ်ဆင့် အလွယ်တကူ မဲပေးနိုင်မည် ဖြစ်သည်။ ရလဒ်များကိုမူ ယင်းပွဲစဉ်နှင့်ကပ်လျက် ပွဲစဉ်တွင် အမှတ်အနည်းအများအလိုက် ကြေညာပေးသွားမည်ဖြစ်ပြီး အမှတ်အနည်းဆုံး ပြိုင်ပွဲ နှစ်ဦးကမူ နုတ်ထွက်သွားရမည် ဖြစ်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ငြိမ်းချမ်းရေးဂီတပွဲတော်အတွက် ပွဲစဉ်များကို မြို့နေရာများ သတ်မှတ်ကာ ကျင်းပခဲ့ရာတွင် Level 1 အဆင့် ၁ ဒေသလက်ရွေးစင်ရွေးချယ်ပွဲများကို တောင်ကြီး၊ မြစ်ကြီးနား၊ မော်လမြိုင်၊ လားရှိုး၊ ပုသိမ်၊ ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ဘားအံ၊ ကလေးမြို့များတွင် ကျင်းပခဲ့သည်။ အဆိုပါမြို့များမှ လက်ရွေးစင် ၃၆ ဦး ထွက်ပေါ်လာခဲ့သည်။ ဆက်လက်၍ Level 2 အဆင့် ပွဲစဉ်လေးခုကို ကျင်းပခဲ့ပြီးနောက် ပြိုင်ပွဲဝင် ၁၁ ဦးကို Level 3 အဆင့်အတွက် ရွေးချယ်နိုင်ခဲ့သည်။ Level 3 အဆင့်ကိုလည်း ပွဲစဉ် လေးခုဖြင့် ကျင်းပသွားမည်ဖြစ်ပြီး နောက်ဆုံးပြိုင်ပွဲကြီးကို ဒီဇင်ဘာ ၁၀ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် ငြိမ်းချမ်းရေးဂီတပွဲတော်ကို ကျင်းပရခြင်းမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပြည်သူများ၏ စိတ်ပါဝင်စားမှု၊ ထောက်ခံပါဝင်မှု၊ ပူးပေါင်းဆောင်ရွက်မှု ပိုမိုရရှိစေရန်နှင့် အထောက်အကူပြုစေရေးတို့အတွက် ရည်ရွယ်၍ ပြိုင်ပွဲများကို ကျင်းပနေခြင်း ဖြစ်သည်။

ယနေ့ကျင်းပသည့် ငြိမ်းချမ်းရေးဂီတပွဲတော်သို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဟန်ထူး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# ရုပ်ရှင်နှစ်ကားကို တစ်ပြိုင်တည်းပြသနိုင်မည့် အဆင့်မြင့်ရုပ်ရှင်ရုံသစ်ကြီး မော်လမြိုင်၌ ဖွင့်လှစ်

**မော်လမြိုင် နိုဝင်ဘာ ၁၂**

ခေတ်မီပြစက် အသံစနစ်များဖြင့် ရုပ်ရှင်နှစ်ကားကို တစ်ပြိုင်တည်းပြသနိုင်မည့် Theatre နှစ်ခုပါသော မွန်ပြည်နယ်၏ ဒုတိယမြောက် ရုပ်ရှင်ရုံဖြစ်သည့် မော်လမြိုင် 3Dအဆင့်မြင့်ရုပ်ရှင်ရုံသစ်ကြီး ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ ကွင်းရပ်အထက်လမ်းနှင့် ကျောက်မီးသွေးရုံလမ်းထောင့်ရှိ (ယခင်သီရိမြိုင်ရုပ်ရှင်ရုံ)နေရာတွင် ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ယနေ့သည် မွန်ပြည်နယ်မြို့တော် မော်လမြိုင်မြို့အတွက် ပြည်သူလူထု အပန်းဖြေနိုင်မည့် ရုပ်ရှင်ရုံတစ်ရုံ ထပ်မံပေါ်ထွန်းလာသည့်အတွက် ဝမ်းသာဂုဏ်ယူမိကြောင်း၊ ရုပ်ရှင်သည် ပြည်သူနှင့်တစ်သားတည်းဖြစ်ပြီး ရုပ်ရှင်အနုပညာရှင်များသည်လည်း ပြည်သူများ၏ ချစ်ခင်မှုကိုခံရသည့် အနုပညာရှင်များဖြစ်ကြောင်း၊ တစ်ခေတ်တစ်ခါက ရုပ်ရှင်ကိုပဲ ပြည်သူလူထုက အားကိုးကြည့်ရှုခဲ့ရပြီး မည်သည့်ဖျော်ဖြေရေးပဲရှိရှိ ရုပ်ရှင်ရုံထဲတွင် ကြည့်ရှုရသည့် အရသာမှာ ရုပ်ရှင်ရုံရှိမှသာ ကြည့်ရှု ခံစားနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ရုပ်ရှင်ရုံများ တိုးပွားလာပြီး ရုပ်ရှင်ကားကောင်းများ ပြသလာသည်ကို တွေ့ရသည့်အတွက် ရုပ်ရှင်လောက ပိုမိုအောင်မြင်လာမည်ဟု မျှော်လင့်မိကြောင်း ပြောကြားသည်။

မော်လမြိုင်ရုပ်ရှင်ရုံသည် မြန်မာ့ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် Paradiso Cinemas Co.,Ltd. မှ မြန်မာနိုင်ငံအတွင်း ရုပ်ရှင်ရုံ ၁၀၀ စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေသော ရုံများထဲတွင် တစ်ရုံအပါအဝင်ဖြစ်ပြီး သထုံရုပ်ရှင်ရုံပြီးလျှင် မွန်ပြည်နယ်အတွက် ဒုတိယမြောက် ရုပ်ရှင်ရုံဖြစ်ကာ ရုံ ၁၀၀ စီမံကိန်းအတွက် ဒသမမြောက်ဖွင့်လှစ်သော ရုပ်ရှင်ရုံသစ်လည်း ဖြစ်သည်။

ရုပ်ရှင်ရုံသစ်များဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ပါရာဒီဆိုကုမ္ပဏီမှ ဒုတိယ ဥက္ကဋ္ဌ ရုပ်ရှင်သရုပ်ဆောင်လွင်မိုးက "ကျွန်တော်တို့ဘက်မှာ နည်းပညာပိုင်းနဲ့ ငွေကြေးပိုင်းတွေ ရှိနေသော်လည်း အစိုးရတာဝန်ရှိသူတွေ အဖွဲ့အစည်းတွေရဲ့ ကူညီပံ့ပိုးမှုတွေ မပါရင် အခက်အခဲတွေ ရှိနိုင်ပါတယ်၊ ရုပ်ရှင်ရုံတွေ ဖွင့်တယ်ဆိုတာကလည်း အကျိုးမြတ်တစ်ခုတည်းအတွက် မဟုတ်ဘဲ ရုပ်ရှင်လောက အောင်မြင်တိုးတက်ဖို့အတွက် ရည်ရွယ်ပြီး လုပ်ဆောင်တာဖြစ်ပါတယ်၊ ဖျော်ဖြေရေးတွေသာ မရှိဘူးဆိုရင် နေ့စဉ်လှုပ်ရှားရုန်းကန်နေရတဲ့ ပြည်သူတွေဟာ အပန်းဖြေမယ့်နေရာတွေ ရှာလာကြမှာဖြစ်ပါတယ်။ ရုပ်ရှင်ရုံတွေကသာ စိတ်ကျေနပ်မှုအပြည့်အဝပေးနိုင်မယ်ဆိုရင် ရုပ်ရှင်ရုံထဲကို ရုပ်ရှင်ချစ်ပရိသတ်တွေ ပြန်လည်ရောက်ရှိလာမှာပါ"ဟု ပြောသည်။

Paradiso 3D ရုပ်ရှင်ရုံကြီးများကို မော်ဘီ၊ မုံရွာ၊ ဖျာပုံ၊ အောင်ပန်း၊ ကျောက်ပန်းတောင်း၊ သထုံ၊ ရွှေဘို၊ ဘိုကလေးနှင့် မတ္တရာမြို့များတွင် အောင်မြင်စွာဖွင့်လှစ်ခဲ့ရာ ယခုအခါတွင်လည်း Theatre နှစ်ခုပါဝင်သော Paradiso(မော်လမြိုင်) 3D အဆင့်မြင့် ရုပ်ရှင်ရုံသစ်ကြီးကို ဖွင့်လှစ်ခြင်းဖြစ်သည်။ ဆက်လက်၍ ပျဉ်းမနား၊ ရမည်းသင်းနှင့် အခြားမြို့တို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

မော်လမြိုင်ရုပ်ရှင်ရုံ၏ Theatre နှစ်ရုံတွင် နေ့စဉ်ပြသမည့်ပွဲချိန်များမှာ Theatre(၁) ၌ နံနက် ၉း၃၀၊ နေ့လယ် ၁၂း၃၀၊ ညနေ ၃း၃၀၊ ည ၆း၃၀ နာရီတို့ဖြစ်ပြီး Theatre(၂) ၌ နံနက် ၁၀း၀၀၊ နေ့လယ် ၁း၀၀၊ ညနေ ၄း၀၀၊ ည ၇း၀၀ နာရီတို့တွင် ပြသမည်ဖြစ်သည်။ လက်မှတ်ဈေးနှုန်းများအနေဖြင့် (2D) ရုပ်ရှင် ဇာတ်ကားများကို ကျပ် ၁၂၀၀၊ ၁၇၀၀၊ ၂၂၀၀ နှင့် နှစ်ယောက်တွဲခုံ ကျပ် ၅၄၀၀ သတ်မှတ်ထားကာ (3D)ရုပ်ရှင်ဇာတ်ကားများအတွက် ကျပ် ၁၅၀၀၊ ၂၀၀၀၊ ၂၅၀၀ နှင့် နှစ်ယောက်တွဲခုံ ကျပ် ၆၀၀၀ တို့ သတ်မှတ်ထားကြောင်း သိရသည်။

**အေးမင်းသူ**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံစီးပွားရေးအကြံပေးကောင်စီမှ ခေါင်းဆောင်များနှင့် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**❍ မြန်မာနိုင်ငံမှ**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲတွင် မနီလာမြို့ Solaire Hotel ၌ အာဆီယံစီးပွားရေးအကြံပေးကောင်စီ (ASEAN BAC)က ကြီးမှူးကျင်းပသည့် အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး (ABIS) သို့ တက်ရောက် မိန့်ခွန်းပြောကြားသည်။

အစည်းအဝေး၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိန့်ခွန်းပြောကြားရာတွင် "အာဆီယံဒေသရဲ့စီးပွားရေးက မကြာသေးမီ ဆယ်စုနှစ်များအတွင်း အလွန်တရာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး ကမ္ဘာပေါ်မှာ သတ္တမမြောက် အကြီးမားဆုံး စီးပွားရေးအင်အားစုဖြစ်လာခဲ့ပါတယ်၊ လူဦးရေအရလည်း လူဦးရေ ၆၄၈ သန်းရှိတဲ့ အာဆီယံဒေသက ဥရောပတိုက်ဖြစ်စေ၊ မြောက်အမေရိကတိုက်ဖြစ်စေ နှစ်ခုစလုံးထက် ပိုမိုများပြားပါတယ်။

မြန်မာနိုင်ငံက အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကဏ္ဍတိုင်းမှာ ပြုပြင်ပြောင်းလဲမှုတွေ လုပ်ဆောင်နေတာကြောင့် ကျွန်မတို့နိုင်ငံရဲ့စီးပွားရေးက အလျင်အမြန်ကို တိုးတက်နေပါတယ်၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှာ ယှဉ်ပြိုင်မှုကို အားပေးပြီး ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်း ဖန်တီးပေးတာကြောင့် သိသာထင်ရှားတဲ့ ပြုပြင်ပြောင်းလဲမှုတွေကို မြင်တွေ့နိုင်ပါတယ်၊ ဒီလိုလုပ်ဆောင်ဖို့ အရေးကြီးတာကတော့ ပုဂ္ဂလိကကဏ္ဍရဲ့ အခန်းကဏ္ဍဖြစ်ပါတယ်၊ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ အတိုင်းအတာမဖော်ပြနိုင်လောက်အောင် အထောက်အကူပြုမယ့် အရေးပါတဲ့ အခြေခံအဆောက်အအုံစီမံကိန်းတွေ အကောင်အထည်ဖော်ဆောင်ရာမှာ ပုဂ္ဂလိကကဏ္ဍက အရေးပါတဲ့ အခန်းကဏ္ဍကနေ ပါဝင်နေပါတယ်၊ One stop service center တွေ တည်ထောင်တာ၊ single-window system လို့ခေါ်တဲ့ ကုန်သွယ်မှုပြုလုပ်ရာမှာ အဆင်ပြေချောမွေ့အောင် လုပ်ဆောင်တဲ့စနစ် ချမှတ်တာ၊ အွန်လိုင်းကနေ လျှောက်ထားတဲ့စနစ်အစရှိတဲ့ လုပ်ဆောင်ချက်တွေကို ဗျူရိုကရက် ကြိုးနီစနစ်လျှော့ချဖို့နဲ့ ပုဂ္ဂလိကလုပ်ငန်းတွေ ကြီးပွားတိုးတက်လာနိုင်မယ့် စီးပွားရေးပတ်ဝန်းကျင်တစ်ရပ် ဖန်တီးပေးဖို့ ဆောင်ရွက်နေပါတယ်။

စီးပွားရေးနဲ့နိုင်ငံရေးအရ ဆယ်စုနှစ်ချီ ထီးတည်းနေခဲ့ရတဲ့ မြန်မာနိုင်ငံအတွက် မကြာသေးမီအချိန်အတွင်း ကမ္ဘာ့စီးပွားရေး နွေးထွေးလာချိန်မှာ စိန်ခေါ်မှုများစွာရှိနေပါတယ်၊ တာဝန်ရှိသော အာဆီယံ အဖွဲ့ဝင်နိုင်ငံတစ်ခုအနေနဲ့ စီးပွားရေးနဲ့ လူမှုရေးအရ ပိုမိုချိတ်ဆက်မှု၊ ပေါင်းစည်းမှုရှိလာဖို့ မြန်မာနိုင်ငံအနေနဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးနဲ့ လက်တွဲဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ ဒီလိုပေါင်းစည်းရေး လုပ်ငန်းစဉ်လုပ်ဆောင်ရာမှာ လူသားအရင်းအနှီးဖြစ်တဲ့ တတ်သိပညာရှင်တွေက စီးပွားရေးနဲ့ လူမှုဖွံ့ဖြိုးမှုအရ အဆင့်အသီးသီးမှာ ကွဲပြားမှုရှိနေတဲ့ အာဆီယံအဖွဲ့ဝင် နိုင်ငံတွေကြား ကွာဟချက် ကျဉ်းမြောင်းအောင် ဆောင်ရွက်ရာမှာ အရေးပါတဲ့အခန်းကဏ္ဍက ပါဝင်နေပါတယ်။

စီးပွားရေးနဲ့ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုမှာပါဝင်တဲ့ အမျိုးသမီးတွေရဲ့ အရေးပါတဲ့အခန်းကဏ္ဍ၊ တိုင်းပြည်ရဲ့ အသွင်ကူးပြောင်းမှုမှာ အမျိုးသမီးတွေ ပါဝင်ခဲ့တဲ့ အရေးပါတဲ့အခန်းကဏ္ဍနဲ့ စဉ်ဆက်မပြတ်သော လူမှုရေးအပြောင်းအလဲဖြစ်ပေါ်စေရာမှာ အမျိုးသမီးတွေရဲ့ ရှုထောင့်အမြင် လိုအပ်ချက်ကို အသိအမှတ်ပြုဖို့ မြန်မာနိုင်ငံက ၂၀၁၃ ခုနှစ်မှာ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများ ဖိုရမ်ကို လက်ခံကျင်းပခဲ့ပါတယ်၊ အသွင်ကူးပြောင်းမှုမှာ အမျိုးသမီးလုပ်ငန်းရှင်တွေ ပိုပြီးတော့ အားတက်သရော ပါဝင်လာခဲ့ပြီး လူမှုရေးသာမက စီးပွားရေးနယ်ပယ်မှာ အမျိုးသမီးတွေရဲ့ အရေးပါမှုကို ထင်ရှားစေပါတယ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မနီလာမြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ သံရုံးဝန်ထမ်းများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။

ပညာရှင်တွေနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ အစီရင်ခံစာက လိင်ပိုင်းဆိုင်ရာ တန်းတူညီမျှရေးရဲ့ အရေးပါမှုကို အခိုင်အမာဆိုထားပါတယ်၊ အမျိုးသမီးတွေရဲ့ အခွင့်အရေးရရှိရေး လုပ်ဆောင်ရာမှာ အပြုသဘောဆောင်တဲ့ အပြောင်းအလဲဖြစ်ပေါ်လာဖို့ မူလတန်းနဲ့ အလယ်တန်းအဆင့် ကျောင်းအပ်နှံတဲ့ မိန်းကလေးအရေအတွက် တိုးမြင့်လာစေဖို့၊ လုပ်သားထုမှာ အမျိုးသမီးတွေရဲ့ ပါဝင်မှုတိုးတက်လာဖို့၊ ပိုမိုကောင်းမွန်တဲ့ မိခင်ကျန်းမာရေးစောင့်ရှောက်မှုရရှိဖို့၊ ခိုင်မာသော လူမှုရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုထောက်ပံ့ပေးဖို့နဲ့ ဆုံးဖြတ်ချက်ချမှတ်ရာမှာ အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍကို မြှင့်တင်ပေးဖို့ အရေးကြီးပါတယ်၊ မကြာသေးမီကာလအတွင်း လူမှုရေး၊ နိုင်ငံရေးနဲ့ စီးပွားရေးအပြောင်းအလဲတွေမှာ အမျိုးသမီးတွေရဲ့ပါဝင်မှု နိုင်ငံအများအပြားမှာ အံ့အားသင့်ဖွယ်ပါပဲ၊ သို့သော်လည်း အမျိုးသမီးများမှာ နယ်ပယ်များစွာ၌ အခွင့်အလမ်းများ ဆုံးရှုံးနေရဆဲဖြစ်ပါတယ်၊ အမျိုးသမီးများကို လုပ်ငန်းကျွမ်းကျင်မှုမရှိသော လုပ်သားအဖြစ် သတ်မှတ်ထားပြီး ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခြင်းမရှိသော အိမ်ရှင်မများအဖြစ် သိရှိထားသည့် လူမှုရေးစံနှုန်းမှာ အကြီးမားဆုံးစိန်ခေါ်မှုတွေထဲက တစ်ခုဖြစ်ပါတယ်၊ စီးပွားရေးအောင်မြင်မှုနဲ့ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုမှာ အမျိုးသမီးတွေရဲ့ အရေးပါတဲ့ အခန်းကဏ္ဍကို အသိအမှတ်ပြုတဲ့အနေနဲ့ မြန်မာနိုင်ငံက ဆယ်နှစ်ကြာစီမံကိန်းတစ်ခုဖြစ်တဲ့ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားမဟာဗျူဟာမြောက် စီမံချက်ကို ချမှတ်ခဲ့ပါတယ်၊ ဒီစီမံချက်က ၁၉၉၇ ခုနှစ်မှာ မြန်မာနိုင်ငံက အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးခဲ့တဲ့ Beijing Platform for Action ရဲ့ ဦးစားပေးနယ်ပယ် ၁၂ ခုနဲ့ Convention on the Elimination of All Forms of Discrimination against Women ရဲ့ အခြေခံစည်းမျဉ်းများအပေါ် အခြေခံထားပါတယ်။

စီးပွားရေးနဲ့ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုမှာ အမျိုးသမီးတွေရဲ့ ပါဝင်ဆောင်ရွက်မှုက မြန်မာနိုင်ငံမှာသာမက ဒေသတွင်းမှာပါ ထင်ထင်ရှားရှား တွေ့မြင်နိုင်ပါတယ်၊ ဒီအားသာချက်ကို အသိအမှတ်ပြုခြင်းအားဖြင့် နိုင်ငံများအတွက် အာဆီယံလို့ ကျွန်မတို့ခေါ်တဲ့ ပေါင်းစည်းထားတဲ့ အသိုင်းအဝိုင်းတစ်ခုအတွက်နဲ့ ပိုမိုကောင်းမွန်တဲ့ ကမ္ဘာကြီးတစ်ခုအတွက် အမျိုးသမီးတွေအနေနဲ့ သူတို့ရဲ့ စီးပွားရေးလုပ်ကိုင်နိုင်မှုစွမ်းအားကို ထုတ်ဖော်ပြသနိုင်မယ့် ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးကြပါစို့။

စာမျက်နှာ ၅ သို့ ❒



နှစ်(၅၀)ပြည့် အာဆီယံဂုဏ်ပြုညစာစားပွဲတွင် ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မစ္စတာ ရိုဒရီဂို ဒူတာတေး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ အာဆီယံနိုင်ငံများမှ နိုင်ငံ့အကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးအကဲများ၊ အာဆီယံနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်လာကြသည့် နိုင်ငံ့အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြစဉ်။

❐ စာမျက်နှာ ၄ မှ

ယနေ့အချိန်မှာ နိုင်ငံတစ်နိုင်ငံရဲ့ ချမ်းသာသုခက အဲဒီနိုင်ငံရဲ့ သဘာဝအရင်းအမြစ် ပေါကြွယ်ဝမှုသာမက နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ အသိပညာနဲ့ ကျွမ်းကျင်မှုဆိုင်ရာ အသုံးဝင်မှုဆိုတာကို ပိုပြီးတော့ အသိအမှတ်ပြုလာကြပါပြီ၊ အသိပညာနဲ့ကျွမ်းကျင်မှု ပိုမိုရှိလာခြင်းကသာ ပြည်သူတွေနဲ့ နိုင်ငံနှစ်ခုစလုံးအတွက် ပိုမိုကောင်းမွန်တဲ့ စီးပွားရေးရလဒ်တွေ ဖြစ်ပေါ်ရရှိစေနိုင်တယ်ဆိုတာ တောင်ကိုရီးယားနဲ့ စင်ကာပူတို့လို ထွန်းသစ်စ စက်မှုနိုင်ငံတွေရဲ့ အတွေ့အကြုံက ထင်ရှားစေပါတယ်၊ တိုင်းပြည်တစ်ပြည်မှာရှိတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေရဲ့ အရည်အသွေးက အဲဒီနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ညွှန်ပြနေပါတယ်။

လူသားအရင်းအနှီးဖွံ့ဖြိုးတိုးတက်မှုက နိုင်ငံတွေရဲ့ လူမှုရေးနဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ အရေးကြီးပါတယ်၊ ဖွံ့ဖြိုးဆဲတိုင်းပြည်တွေက လူသားအရင်းအနှီးဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းရမှာဖြစ်ပါတယ်၊ ပြောင်းလဲနေတဲ့ ကမ္ဘာ့စီးပွားရေးပတ်ဝန်းကျင်မှာ ယှဉ်ပြိုင်နိုင်တဲ့ အရည်အသွေးပြည့်ဝသော၊ လေ့ကျင့်ထားသော လုပ်သားထုမွေးထုတ်ရန် ပညာရေးနှင့် လေ့ကျင့်ရေးမှတစ်ဆင့် လူသားအရင်းအနှီးဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်ပါတယ်၊ ယနေ့ကမ္ဘာကြီးမှာ စဉ်ဆက်မပြတ်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရန်အတွက် လူသားအရင်းအနှီးဖွံ့ဖြိုးရေးမှာ ပဓာနကျပါတယ်၊ နိုင်ငံတစ်နိုင်ငံရဲ့ လူသားအရင်းအနှီး ဖွံ့ဖြိုးတိုးတက်ရေးမှာ ပညာရေးက အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်နေပါတယ်၊ ပညာရေးမှာ ရင်းနှီးမြှုပ်နှံမှုက မြန်ဆန်တဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးနိုင်ပါတယ်”ဟု ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အာဆီယံစီးပွားရေးအကြံပေးကောင်စီမှ ခေါင်းဆောင်များနှင့် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မနီလာမြို့ SMX Convention Center ၌ ကျင်းပသည့် နှစ်(၅၀)ပြည့် အာဆီယံဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံ့အကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးများအား ကြိုဆိုခြင်းအခမ်းအနားနှင့် နှစ်(၅၀)ပြည့် အာဆီယံဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မစ္စတာ ရိုဒရီဂို ဒူတာတေးက နှစ်(၅၀)ပြည့် အာဆီယံဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံ့အကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးအကဲများ၊ အာဆီယံနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်လာကြသည့် နိုင်ငံ့အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများအား SMX Convention Center ၌ ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံများရိုက်ကာ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

အခမ်းအနားများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ မြန်မာ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံ့အကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ အာဆီယံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်များ၊ စီးပွားရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်များ၊ စီးပွားရေးပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ယနေ့ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် မနီလာမြို့ရှိ မြန်မာသံအမတ်ကြီးနေအိမ်သို့ ရောက်ရှိပြီး သံအမတ်ကြီး ဦးဝင်းနိုင်နှင့် သံရုံးဝန်ထမ်းများ၊ မိသားစုများ၊ စစ်သံမှူး ဗိုလ်မှူးကြီး ဝင်းမြတ်နှင့် စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများအားတွေ့ဆုံပြီး ပညာရေး၊ ကျန်းမာရေး အခြေအနေတို့ကိုမေးမြန်းကာ သံတမန်ကျင့်ဝတ်စည်းကမ်းများနှင့်အညီ ထိုင်နေကြရန် မှာကြားပြီး သံအမတ်ကြီးက တည်ခင်းသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

**သတင်းစဉ်**

# နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင် အာဆီယံဝန်ကြီးများအဆင့် အစည်းအဝေးများသို့ တက်ရောက်

**မနီလာ(ဖိလစ်ပိုင်) နိုဝင်ဘာ ၁၂**

ဖိလစ်ပိုင်နိုင်ငံ၌ တရားဝင်ခရီးရောက်ရှိနေသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်သည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်သည် ယနေ့ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် မနီလာမြို့ Marriott Grand Ballroom D ၌ ကျင်းပသည့် (၁၆)ကြိမ်မြောက် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးသို့ လည်းကောင်း၊ နံနက် ၁၁ နာရီခွဲတွင် ကျင်းပသည့် အကြိမ်(၂၀)မြောက် အာဆီယံ ညှိနှိုင်းရေးကောင်စီအစည်းအဝေးသို့ လည်းကောင်း တက်ရောက်သည်။

အစည်းအဝေးများသို့ အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ ဂျကာတာမြို့ အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ မြန်မာအမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီး ဦးမင်းလွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




# စီးတီးတက္ကစီအဖြစ် မှတ်ပုံတင်မထားသော ရန်ကုန်လိုင်စင်တက္ကစီများ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်အရေးယူသွားမည်

**ရန်ကုန် နိုဝင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး အများပြည်သူ သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(YRTA)တွင် စီးတီးတက္ကစီမှတ်ပုံတင်မပြုလုပ်ထားသော ရန်ကုန်လိုင်စင် တက္ကစီများကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်ကာ အရေးယူသွားမည်ဖြစ်ကြောင်း အဆိုပါ သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

ရန်ကုန်မြို့တော်အတွင်း ရန်ကုန်လိုင်စင်ဖြင့် ပြေးဆွဲနေသည့် အငှားယာဉ်များအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး အများပြည်သူ သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့(YRTA)ရုံးတွင် ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထားကာ စီးတီးတက္ကစီ မှတ်ပုံတင်ကို ပြုလုပ်ရမည်ဖြစ်ပြီး ယခင်ကကဲ့သို့ပင် ခရိုင်အလိုက်(E,W,N,S)ဟူ၍ မှတ်ပုံတင်ပြုလုပ်ထားရမည်ဟု သိရသည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်ကာ စီးတီးတက္ကစီအဖြစ် မှတ်ပုံမတင်ထားသော အငှားယာဉ်များကို အရေးယူသွားမည်ဖြစ်ပြီး အက္ခရာနံပါတ်ဖြင့် ပြေးဆွဲနေသည့် အငှားယာဉ်များကို ပြေးဆွဲခွင့် ရုပ်သိမ်းခြင်း၊ AA, BB, CC စသည့် ရာသက်ပန်အငှားယာဉ်များကိုလည်း အရေးယူဆောင်ရွက်သည့် နည်းလမ်းများဖြင့် စစ်ဆေးသွားမည်ဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“စီးတီးတက္ကစီအဖြစ် မှတ်ပုံတင်တာကို အရင်က စည်ပင်မှာ လုပ်ရတယ်၊ ခရိုင်အလိုက် ခွဲခြားဆောင်ရွက်တာရှိခဲ့တယ်၊ အခုက ရန်ကုန်ရဲ့ သယ်ယူပို့ဆောင်ရေးကဏ္ဍမှာ အများပြည်သူ သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ရုံးမှာ စီးတီးတက္ကစီအဖြစ် မှတ်ပုံတင်ရမယ်၊ လေးထောင့်ကန်လမ်းပေါ် စူပါဝမ်းကုန်တိုက်ဘေးက ရုံးချုပ်မှာ လုပ်ရမယ်၊ ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထားပြီး လုပ်ရမယ်၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်က စပြီး စစ်ဆေးအရေးယူသွားမယ်” ဟု အဆိုပါ တာဝန်ရှိသူက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်းတွင် ရန်ကုန်လိုင်စင်ဖြင့် ပြေးဆွဲနေသော စီးတီးတက္ကစီယာဉ်အစီးရေ ငါးသောင်းခန့်ရှိပြီး နယ်လိုင်စင် တက္ကစီယာဉ်များ ပါဝင်ပါကယာဉ်အစီးရေ များပြားနေကြောင်း သိရသည်။

ရန်ကုန်လိုင်စင် တက္ကစီများအနေဖြင့် မှတ်ပုံတင် ပြုလုပ်ရမည်ဖြစ်ပြီး နယ်လိုင်စင် တက္ကစီယာဉ်များကိုလည်း ဆက်လက်ကြပ်မတ်ဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

**ဝဝ၁**

# လွတ်လပ်ရေးအတွက် သန္ဓေတည်ခဲ့သော အမျိုးသားအောင်ပွဲနေ့

**မောင်သောင်းဝင်း(တမန်ဟောင်း)**

## ၂၀၁၇ ခုနှစ်၊ ၉၇ နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

☆ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
☆ ပြည်ထောင်စုငြိမ်းချမ်းရေး တည်ဆောက်ရေး၊
☆ တိုင်းရင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊
☆ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ရှေးမြန်မာမင်းများလက်ထက် ခေတ်အဆက်ဆက်တွင် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် ကမ္ဘာ့အလယ်၌ ဝင့်ထည်စွာရပ်တည်နိုင်ခဲ့သည်။ သို့ရာတွင် အင်္ဂလိပ်နယ်ချဲ့တို့က ဘကြီးတော်ဘုရားလက်ထက် ၁၈၂၄ ခုနှစ်တွင် တစ်ကြိမ်၊ ပုဂံမင်းလက်ထက် ၁၈၅၂ ခုနှစ်တွင် တစ်ကြိမ်၊ သီပေါမင်းလက်ထက် ၁၈၈၅ ခုနှစ်တွင် တစ်ကြိမ် ခေတ်မီစစ်လက်နက်များဖြင့် ကျူးကျော်စစ် သုံးကြိမ်တိုင်တိုင် တိုက်ခိုက်ခဲ့ကြသည်။ ထို့ကြောင့် ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ထီးကျိုးစည်ပေါက်တစ်နိုင်ငံလုံး သူ့ကျွန်ဘဝကျရောက်ခဲ့ရသည်။

**အမျိုးသားအောင်ပွဲနေ့**

ထိုသို့ သူ့ကျွန်ဘဝကျရောက်ပြီးနောက် တိုင်းရင်းသားညီအစ်ကိုများသည် ရရာလက်နက် ဆွဲကိုင်လျက် နယ်ချဲ့တို့အား တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ မည်သို့ပင်အသက်ပေးတိုက်ခိုက်စေကာမူ အားမတန်၍ မာန်လျှော့ခဲ့ရသည်။ ၁၉၀၀ ပြည့်လွန်နှစ်များတွင် အမျိုးသားရေးစိတ်ဓာတ် အနည်းငယ် မှေးမှိန်သွားခဲ့ရသည်။ သို့သော်လွန်ခဲ့သော ၉၇ နှစ်ခန့် ယခုလို တန်ဆောင်မုန်းလတွင်ရန်ကုန်တက္ကသိုလ် ကျောင်းသားများက နယ်ချဲ့တို့အားထိထိရောက်ရောက် တော်လှန်ခဲ့သော နေ့တစ်နေ့ရှိခဲ့သည်။

တိတိကျကျဆိုရလျှင် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ဖြစ်သည်။ ထိုနေ့သည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရေးအတွက် သန္ဓေတည်ခဲ့သောနေ့လည်းဖြစ်သည်။ ထိုနေ့ကား အခြားမဟုတ်ချေ။ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ထာဝစဉ်မမေ့အပ်သော အမျိုးသားနေ့ သို့မဟုတ် အမျိုးသားအောင်ပွဲနေ့ပင် ဖြစ်သည်။ ထို့ကြောင့် ၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့သည် (၉၇)နှစ်မြောက်အမျိုးသားနေ့ပင်ဖြစ်သည်။

**နယ်ချဲ့တို့၏ အကြံ**

နယ်ချဲ့တို့သည် မြန်မာနိုင်ငံအား ကာလရှည်ကြာ အုပ်ချုပ်ရန်အတွက် အမျိုးမျိုးကြံစည်ခဲ့ကြသည်။ ထိုသို့ကြံစည်ရာတွင် နယ်ချဲ့တို့၏အကောင်းဆုံးလက်နက်သည် ကိုလိုနီနိုင်ငံရှိ နိုင်ငံသားများ၏ ပညာရည်အဆင့်အတန်း နိမ့်ပါးအောင် ရည်ရွယ်ချက်ရှိရှိဖြင့်ဆောင်ရွက်ခြင်းဖြစ်သည်။ ထို့ကြောင့် ၁၉၂၀ ပြည့်နှစ် ဇွန်လတွင် ပညာရေးစနစ်သစ် တက္ကသိုလ်အက်ဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခဲ့သည်။ ထိုဥပဒေကြမ်းတွင် အောက်ဖော်ပြပါအချက်များပါဝင်သည်-

(၁) မြန်မာပြည်တွင် တက္ကသိုလ်တစ်ခုတည်းသာရှိရမည်။ တက္ကသိုလ် ကောလိပ်အောက်တွင် ကောလိပ်ကျောင်း တစ်ကျောင်းသာရှိရမည်။
(၂) ကောလိပ်ကျောင်း၌ ပညာသင်လိုသူများသည် ကျောင်းအိပ်၊ ကျောင်းစားသာဖြစ်ရမည်။
(၃) တက္ကသိုလ်ဝင်စာမေးပွဲ မထားရှိတော့ဘဲ အစိုးရက ပြုလုပ်သော High School Final ခေါ် ဆယ်တန်းစာမေးပွဲကို အောင်ရမည်။ အင်္ဂလိပ်ဘာသာနှင့် အခြားဘာသာတစ်ခုတွင် ထူးချွန်စွာ တတ်မြောက်အောင်မြင်မှ တက္ကသိုလ်ဝင်ခွင့်ရမည်။
(၄) ဂုဏ်ထူးနှင့် ဝိဇ္ဇာဘွဲ့တန်းတွင် တစ်ခါဖြေဆို၍ မအောင်မြင်ပါက နောက်နောင်ဖြေဆိုခွင့် မပြု။
(၅) High School Final အောင်၍ တက္ကသိုလ်သို့ ဝင်ခွင့်ရသော်လည်း တက္ကသိုလ်ပညာရပ်များကို တစ်ခါတည်းစ၍မသင်ရသေးဘဲ တက္ကသိုလ်ပညာရပ်ကို ကောင်းမွန်စွာလိုက်နိုင်ရန် ပြင်ဆင်မှုအတန်းတွင် တစ်နှစ်နေရမည်။
(၆) ပြင်ဆင်မှုအတန်းတွင် တစ်နှစ်နေသော်လည်း နှစ်ကုန်သည့်အခါ တက္ကသိုလ်ပညာများကို လိုက်နိုင်ရန် အရည်အချင်းမရှိသေးဟုဆိုလျှင် တက္ကသိုလ်ပညာကို ဆက်လက်သင်ခွင့် ရဦးမည် မဟုတ်။

ထိုအချက်အားလုံးသည် မြန်မာကျောင်းသားများကို ကန့်သတ်ချုပ်ချယ်ပြီး အဆင့်အတန်းခွဲခြားထားသည်။ ထို့အပြင် ထိုဥပဒေသည် ငွေကြေးတတ်နိုင်သူ လူနည်းစုကိုသာ တက္ကသိုလ်ပညာသင်ကြားခွင့် ရရှိစေပြီး ပညာထူးချွန်သော်လည်း ငွေကြေးမတတ်နိုင်သည့် တောင်သူလယ်သမားများ၊ အလုပ်သမားများနှင့် လက်လုပ်လက်စား အောက်ခြေလူတန်းစားများ၏ သားသမီးများကို ပညာဆက်လက်သင်ကြားခွင့် မရရှိနိုင်အောင် ရည်ရွယ်ချက်ရှိရှိဖြင့် ချုပ်ချယ်ကန့်သတ်ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

**ကန့်ကွက်သပိတ်မှောက်**

အဆင့်အတန်းခွဲခြားထားသည့် ထိုဥပဒေကို ကောလိပ်ကျောင်းသားများအပါအဝင် ပြည်သူအားလုံးက အပြင်းအထန် ကန့်ကွက်ခဲ့ကြသည်။ မည်သို့ပင် ကန့်ကွက်နေစေကာမူ မြန်မာပြည်ဘုရင်ခံ ဆာရယ်ဂျီနယ် ကရက်ဒေါက်က မြန်မာများသည် ပညာရေးအကြောင်း နားမလည်ဟုဆိုပြီး တောင်းဆိုချက်များကို လျစ်လျူရှုကာ ထိုနှစ်ဒီဇင်ဘာ ၂ ရက်မှစ၍ တက္ကသိုလ်အက်ဥပဒေကို အတည်ပြုကြောင်း ကြေညာခဲ့သည်။

ထို့ကြောင့် ကောလိပ်ကျောင်းသားများသည် ဒီဇင်ဘာ ၂ ရက်တွင် ရွှေတိဂုံရင်ပြင်၌ တိုင်ပင်ဆွေးနွေးကြပြီး ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ကန့်ကွက်သည့်အနေဖြင့် ကောလိပ်နှစ်ခုစလုံးက သပိတ်မှောက်သွားရန် ဆုံးဖြတ်ခဲ့ကြသည်။ ထို့နောက် ဒီဇင်ဘာ ၄ ရက်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ရွှေကျင်တိုက် ဆရာတော်ဦးအရိယ ကျောင်းတိုက်၌ ကျောင်းသားအစည်းအဝေးပွဲကြီး ပြုလုပ်ခဲ့သည်။

ထိုအစည်းအဝေး၌ ဒီဇင်ဘာ ၇ ရက်တွင် တက္ကသိုလ်ကို သပိတ်မှောက်ရန်၊ ပညာရေးဥပဒေပြုပြင်ပေးရေးအတွက် တောင်းဆိုသွားရန်နှင့် တောင်းဆိုချက်များ မပေးသမျှကာလပတ်လုံး ကျောင်းပြန်မတက်ရန်တို့ကို ဆုံးဖြတ်ခဲ့ကြသည်။

> “တိုင်းရင်းသားညီအစ်ကိုများသည် နယ်ချဲ့လက်အောက်ရောက်ခဲ့သည့်တိုင်အောင် အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံကာ လွတ်လပ်ရေးရရှိသည်အထိ တိုက်ပွဲဝင်ခဲ့ကြသည်။ ထိုသို့ လွတ်လပ်ရေးအတွက် အရေးပါသည့် အမျိုးသားနေ့၏အနှစ်သာရကို မျိုးဆက်သစ်လူငယ်များအကြား အမှတ်ထင်ထင်ရှိနေရန်လည်း လိုအပ်”

မူလက ဒီဇင်ဘာ ၇ ရက်တွင် သပိတ်မှောက်ရန် စီစဉ်ထားသော်လည်း အခြေအနေပြောင်းလဲသွားသဖြင့် ဒီဇင်ဘာ ၅ ရက် (တန်ဆောင်မုန်းလဆုတ် ၁၀ ရက်) တွင် ကျောင်းသားများ သပိတ်မှောက်ခဲ့ကြသည်။ ထိုစဉ်က ကျောင်းသားခေါင်းဆောင် ကိုဘဦး ကိုယ်တိုင် လက်မှတ်ထိုး၍ ကျောင်းသား ကြေညာချက်ကို ဘုရင်ခံထံ ပေးပို့ခဲ့သည်။ ထိုကြေညာချက်သည် ရန်ကုန်တက္ကသိုလ် အက်ဥပဒေပါ အချက်များကို ကန့်ကွက်ထားသည့်စာဖြစ်သည်။ ဘုရင်ခံထံမှ အကြောင်းပြန်ကြားခြင်းမပြုသဖြင့် ကျောင်းသားများသည် သပိတ်စခန်းတွင် အမျိုးသားကျောင်းများ တည်ထောင်ရန် ဂျီစီဘီအေ ခေါင်းဆောင်များနှင့် တိုင်ပင်ဆွေးနွေးခဲ့ကြသည်။

**လွတ်လပ်ရေးအတွက်တိုက်ပွဲဝင်**

ထို့နောက် ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်ကျောင်းသားများသည် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၅ ရက် (မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်)တွင် ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ကန့်ကွက်သည့်အနေဖြင့် သပိတ်မှောက်ခဲ့ကြသည်။ ထိုသပိတ်သည် ဗြိတိသျှနယ်ချဲ့တို့က မြန်မာနိုင်ငံအား မတရားသိမ်းပိုက်ပြီးနောက် လွတ်လပ်ရေးအတွက် အမျိုးသားတော်လှန်ရေးကြီးကို စတင်လိုက်ခြင်းပင်ဖြစ်သည်။ ထိုကျောင်းသားသပိတ်သည် တစ်နိုင်ငံလုံးသို့ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားခဲ့သည်။ ထို့အပြင် ထိုသပိတ်ကိုအခြေခံပြီး ထွက်ပေါ်လာသည့် မျိုးချစ်စိတ်ဓာတ်ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ရယူတည်ဆောက်ကာ လွတ်လပ်ရေးတိုက်ပွဲကိုလည်း အောင်မြင်အောင် ဆင်နွှဲနိုင်ခဲ့သည်။

**တစ်နိုင်ငံလုံးက ထောက်ခံ**

ထိုစဉ်က တက္ကသိုလ်သပိတ်ကို တစ်နိုင်ငံလုံးက ထောက်ခံခဲ့ကြသည်။ ထိုအက်ဥပဒေသည် တက္ကသိုလ်ကျောင်းသားများအပြင် တက္ကသိုလ်တက်မည့် ကျောင်းသားများကိုပါထိခိုက်သဖြင့် အထက်တန်းကျောင်းသားများကလည်း သပိတ်မှောက်ခဲ့ကြသည်။ ထို့နောက် တက္ကသိုလ်ကို ရာသက်ပန်သပိတ်မှောက်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ၁၉၂၁ ခုနှစ် ဩဂုတ်လတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေကျင်ကျောင်းတိုက်ကြီးတွင် အမျိုးသားကောလိပ်ကိုဖွင့်လှစ်ခဲ့သည်။ အမျိုးသားပညာရေးကောင်စီကိုလည်း ဖွဲ့စည်းနိုင်ခဲ့သည်။ အောင်မြင်မှုအနေဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် အမျိုးသားကျောင်းများပေါ်ထွန်းလာခဲ့သည်။

မည်သို့ပင်ဆိုစေကာမူ ၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်ကြောင့် ပညာရေးအမြတ်များ ပေါ်ထွက်လာခဲ့သည်။ ထို့အပြင် ပြည်သူလူထုအတွင်း၌ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားစိတ်ဓာတ်များ တစ်ဟုန်ထိုး ပေါ်ပေါက်လာခဲ့သည်။ ထို့ကြောင့် ကျောင်းသားသပိတ်သည် မြန်မာတို့၏ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် တော်လှန်ရေးအောင်ပွဲဟုလည်း ဆိုနိုင်ပေသည်။ ထိုသပိတ်ကြီးက မွေးထုတ်ပေးလိုက်သော အမျိုးသားနေ့ စိတ်ဓာတ်ကြောင့် နယ်ချဲ့ဆန့်ကျင်ရေးကို အတိအလင်းဖော်ပြသည့် တောင်သူလယ်သမား၊ အလုပ်သမား သပိတ်များနှင့် ၁၃၀၀ပြည့်အရေးတော်ပုံများ ဆက်တိုက်ပေါ်ထွက်ခဲ့သည်။

**အမျိုးသားနေ့သတ်မှတ်**

၁၉၂၁ ခုနှစ် ဒီဇင်ဘာလအတွင်း မန္တလေးမြို့၌ ကျင်းပသည့် ဂျီစီဘီအေ ပြည်လုံးကျွတ်ညီလာခံကြီး၌ အမျိုးသားနေ့သတ်မှတ်ရန် ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။ ထိုညီလာခံတွင် တချို့က သီပေါဘုရင် ပါတော်မူသော တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့ကို အကြံပေးခဲ့ကြသည်။ တချို့က ဦးဥတ္တမ အဖမ်းခံရသောနေ့ကို အကြံပေးကြသည်။ ၁၉၂၀ ပြည့်နှစ် သပိတ် ၁၁ ဦး ကော်မတီတွင် ပါဝင်ခဲ့သော ဦးမြင့်က နယ်ချဲ့ကို ပထမဆုံး တော်လှန်သပိတ်မှောက်ခဲ့သည့် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ရန် အကြံပြုခဲ့သည်။ ထို့နောက် ဂျီစီဘီအေအသင်းကြီးသည် ၁၉၂၂ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့ ဂျူဗလီဟော၌ ပြုလုပ်သည့် အထူးအစည်းအဝေးကြီး၌ ကောလိပ်ကျောင်းသားများက ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ဆန့်ကျင်ကန့်ကွက်သပိတ်မှောက်ခဲ့သည့် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့(National Day)အဖြစ် တညီတညွတ်တည်းဆုံးဖြတ် သတ်မှတ်ခဲ့ကြသည်။ ထိုအချိန်မှစ၍ နှစ်စဉ်ထိုနေ့ထိုရက် ရောက်ရှိလျှင် အမျိုးသားနေ့အခမ်းအနားများ ကျင်းပလာခဲ့သည်။

ခြုံ၍တင်ပြရလျှင် အမျိုးသားရေးစိတ်ဓာတ်သည် တိုင်းပြည်နှင့် လူမျိုးကို ချစ်ခင်သောစိတ်ဓာတ်ပင် ဖြစ်သည်။ တစ်နိုင်ငံတည်းနေ၊ တစ်မြေတည်းဖွား တိုင်းရင်းသားညီအစ်ကိုများကို ချစ်ခင်ခြင်း၊ စောင့်ရှောက်ခြင်းနှင့် တိုင်းပြည်နှင့် လူမျိုးအကျိုးကို ထာဝစဉ်သယ်ပိုးသွားလို့သည် စိတ်ဓာတ်ပင်ဖြစ်ပေသည်။

အမှန်စင်စစ်မှာမူ ပြည်ထောင်စုဖွားတိုင်းရင်းသားများသည် ရှေးပဝေသဏီကတည်းကပင် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ မရှိအတူ ရှိအတူ၊ အေးအတူပူအမျှ၊ ဥမကွဲသိုက်မပျက်၊ ဆိုးတူ ကောင်းဖက် လက်တွဲနေထိုင်လာခဲ့ကြသည်မှာ ငြင်းဆို၍မရသော ပကတိအရှိတရားပင်ဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်များသည် တိုင်းပြည်နှင့် လူမျိုးအတွက် အသက်တမျှအရေးပါလှသော ထိုစိတ်ဓာတ်မျိုးကို ဆက်လက်ထိန်းသိမ်းသွားရန် လိုအပ်ပေသည်။

တိုင်းရင်းသားညီအစ်ကိုများသည် နယ်ချဲ့လက်အောက်ရောက်ခဲ့သည့်တိုင်အောင် အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံကာ လွတ်လပ်ရေးရရှိသည်အထိ တိုက်ပွဲဝင်ခဲ့ကြသည်။ ထိုသို့ လွတ်လပ်ရေးအတွက် အရေးပါသည့် အမျိုးသားနေ့၏အနှစ်သာရကို မျိုးဆက်သစ်လူငယ်များအကြား အမှတ်ထင်ထင်ရှိနေရန်လည်း လိုအပ်ပေသည်။

သို့မှသာလျှင် မိမိတိုင်းပြည်နှင့် လူမျိုးကို ချစ်မြတ်နိုးစိတ်နှင့် အချုပ်အခြာအာဏာ၏ အရေးပါမှုတို့ကို တန်ဖိုးထားတတ်လာနိုင်မည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ မျိုးဆက်သစ် တိုင်းရင်းသားညီအစ်ကိုများအနေဖြင့် မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်၊ မျိုးချစ်စိတ်ဓာတ် ထာဝစဉ်ရှင်သန်နေစေရန်အတွက် လွတ်လပ်ရေးတိုက်ပွဲတွင် သန္ဓေတည်ခဲ့သော အမျိုးသားအောင်ပွဲနေ့ကို အမြဲတစေ သတိရတန်ဖိုးထားသွားနိုင်ကြပါစေ။ ။

# မိုင်တစ်ထောင်ကျော် ကွာဝေးသော ညီနောင်ရင်းချာတို့၏ ချစ်ကြည်မှု

■ လူလေးဝိုင်း




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှစ်(၅၀)ပြည့် အာဆီယံ ဂုဏ်ပြုညစာစားပွဲတွင် ဖိလစ်ပိုင်နိုင်ငံသမ္မတ မစ္စတာ ရိုဒရီဂို ဒူတာတေးနှင့် ဇနီးတို့နှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်ကြစဉ်။

မြန်မာနိုင်ငံနဲ့ ဖိလစ်ပိုင်နိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးကို ၁၉၅၆ ခုနှစ် စက်တင်ဘာ ၂၉ ရက်မှာ စတင်ထူထောင်ခဲ့ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံနဲ့ ဖိလစ်ပိုင်နိုင်ငံအကြားက သံတမန်ဆက်ဆံရေးဟာ နှစ်ပေါင်း ၆၀ ကျော်သွားပါပြီ။ အာဆီယံအဖွဲ့ကြီးရဲ့ သက်တမ်းဟာ ဒီနှစ်မှာမှ နှစ်(၅၀)ပြည့်မှာမို့လို့ မြန်မာနိုင်ငံနဲ့ ဖိလစ်ပိုင်နိုင်ငံကြားက သံတမန်ဆက်ဆံရေးဟာ အာဆီယံအဖွဲ့ရဲ့ သက်တမ်းထက် ပိုရှည်ကြာ၊ ပိုသက်တမ်းရင့်ပါတယ်။

### ကျွန်းစုနိုင်ငံ

မြန်မာနိုင်ငံနဲ့ ဖိလစ်ပိုင်နိုင်ငံတို့ဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေ ဖြစ်ပေမယ့် ပထဝီဝင်အနေအထားအရ ဝေးကွာတဲ့ နိုင်ငံတွေပါ။ မြန်မာနိုင်ငံနဲ့ ဖိလစ်ပိုင်နိုင်ငံအကြား ခရီးအကွာအဝေးဟာ မိုင်ပေါင်း ၁၈၁၁ မိုင်ရှိတာမို့လို့ လေယာဉ်နဲ့ သွားမယ်ဆိုရင် သုံးနာရီခွဲဝန်းကျင် ကြာတဲ့ခရီးပါ။ The World Almanac 2015 စာရင်းအရ ဖိလစ်ပိုင်နိုင်ငံရဲ့ လူဦးရေဟာ ၁၀၇ သန်းကျော် ရှိတာမို့လို့ မြန်မာနိုင်ငံထက် လူဦးရေ ပိုများပါတယ်။ ဖိလစ်ပိုင်နိုင်ငံဟာ ကျွန်းပေါင်း ၇၀၀၀ ကျော် ပါဝင်တဲ့ ကျွန်းစုနိုင်ငံပါ။ ဒါပေမယ့် လူဦးရေရဲ့ ၉၅ ရာခိုင်နှုန်းဟာ နိုင်ငံရဲ့ အကြီးဆုံး ကျွန်းကြီး ၁၁ ကျွန်းမှာပဲ နေထိုင်ကြတာပါ။

### သွင်းကုန် အများစု

ဖိလစ်ပိုင်နိုင်ငံဟာ တိုင်းရင်းသားမျိုးနွယ်စု မြန်မာနိုင်ငံလောက် မများပေမယ့် အတော်များများရှိတဲ့နိုင်ငံပါ။ တဂါးလော့(Tagalog)မျိုးနွယ်စုက လူဦးရေရဲ့ ၂၈ ရာခိုင်နှုန်း၊ ဆီဗျူရန်နို(Cebuano) မျိုးနွယ်စုက ၁၃ ရာခိုင်နှုန်း၊ အီလိုကားနို(Ilocano) မျိုးနွယ်စုက ကိုးရာခိုင်နှုန်း၊ ဘစ်ဆေးရာ (Bisaya) မျိုးနွယ်စုက ရှစ်ရာခိုင်နှုန်း၊ ဟေးလီဂန္ဒ် အီးလောင်းဂို (Haligaynon Ilonggo) မျိုးနွယ်စုက ရှစ်ရာခိုင်နှုန်း၊ ဘိုင်ကော် (Bikol) မျိုးနွယ်စုက ခြောက်ရာခိုင်နှုန်းနဲ့ ဝါးရေ(Waray) မျိုးနွယ်စုက သုံးရာခိုင်နှုန်း အသီးသီးရှိကြတာပါ။ ဖိလစ်ပိုင်ပြည်သူတွေရဲ့ ဘာသာရေးယုံကြည်မှုကိုကြည့်ရင် ခရစ်ယာန်ဘာသာဝင်က ၈၆ ရာခိုင်နှုန်းရှိပြီး အစ္စလာမ်ဘာသာဝင်က ငါးရာခိုင်နှုန်းရှိပါတယ်။ ဖိလစ်ပိုင်နိုင်ငံဟာ သွင်းကုန်အများစုကို အမေရိကန်နိုင်ငံက ၁၁ ဒသမ ၅ ရာခိုင်နှုန်း၊ တရုတ်နိုင်ငံက ၁၀ ဒသမ ၈ ရာခိုင်နှုန်းနဲ့ ဂျပန်နိုင်ငံက ၁၀ ဒသမ ၄ ရာခိုင်နှုန်း တင်သွင်းပါတယ်။ ဖိလစ်ပိုင်နိုင်ငံရဲ့ ပို့ကုန်အများစုကိုလည်း ဒီသုံးနိုင်ငံကိုပဲ တင်ပို့တာပါ။

ပို့ကုန်တွေ တင်ပို့ရာမှာ ဂျပန်နိုင်ငံ ၁၉ ရာခိုင်နှုန်း၊ အမေရိကန်နိုင်ငံ ၁၄ ဒသမ ၂ ရာခိုင်နှုန်းနဲ့ တရုတ်နိုင်ငံ ၁၁ ဒသမ ၈ ရာခိုင်နှုန်းတွေကိုပဲ အဓိကတင်ပို့တာပါ။ ဖိလစ်ပိုင်နိုင်ငံရဲ့ တစ်ဦးချင်း ထုတ်ကုန်တန်ဖိုး (per capita GDP)က အမေရိကန်ဒေါ်လာ ၄၇၀၀ ရှိတာမို့ မြန်မာနိုင်ငံထက်တော့ များပါတယ်။ မြန်မာနိုင်ငံရဲ့တစ်ဦးချင်း ထုတ်ကုန်တန်ဖိုးက အမေရိကန်ဒေါ်လာ ၁၇၀၀ ရှိပါတယ်။ ဖိလစ်ပိုင်နိုင်ငံက အမေရိကန်နိုင်ငံ၊ ဂျပန်နိုင်ငံနဲ့ တရုတ်နိုင်ငံလို ကမ္ဘာ့စျေးကွက်ကြီးတွေကို ရောင်းနိုင်တာက အဓိက အားသာချက်တစ်ရပ်ဖြစ်နေတယ်လို့ ဆိုချင်ပါတယ်။

### မြန်မာ-ဖိလစ်ပိုင် ပူးပေါင်းဆောင်ရွက်ရေး

ပွင့်ပွင့်လင်းလင်းပြောရရင် သမိုင်းကို ပြန်ကြည့်တဲ့အခါ အစပိုင်းမှာ မြန်မာနိုင်ငံနဲ့ ဖိလစ်ပိုင်နိုင်ငံကြားက ဆက်ဆံရေးဟာ ပုံမှန်လောက်ပဲရှိခဲ့တာပါ။ ၁၉၉၀ ပြည့်နှစ်ကျော် နှောင်းပိုင်းကာလတွေဟာ နှစ်နိုင်ငံခေါင်းဆောင်တွေ အပြန်အလှန်လည်ပတ်ခဲ့တာရှိပေမယ့် ထူးခြားတဲ့ တိုးတက်မှုမရှိခဲ့ပါဘူး။ ဒါပေမယ့် ၂၀၀၄ ခုနှစ် ဧပြီလမှာတော့ မြန်မာ-ဖိလစ်ပိုင် ပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင် (Myanmar-Philippines Joint Commission For Bilateral Cooperation-JCBC)ကို ဖွဲ့စည်းပြီး ပထမအကြိမ်အစည်းအဝေးကို ရန်ကုန်မြို့မှာ ကျင်းပခဲ့ပါတယ်။ ဒီပထမအကြိမ်အစည်းအဝေးကို ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး ဒီလီယားဒိုမင်ဂိုအယ်လ်ဘတ် (Delia Domingo Albert) ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေးခဲ့ပါတယ်။ ဒီလိုဆွေးနွေးကြတဲ့အခါ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနဲ့ လယ်ယာစိုက်ပျိုးရေးအပါအဝင် ကဏ္ဍအတော်များများ တိုးချဲ့ပူးပေါင်းဆောင်ရွက်ကြဖို့ သဘောတူခဲ့ကြပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံနဲ့ ဖိလစ်ပိုင်နိုင်ငံအကြား မူဝါဒညှိနှိုင်းရေး ဆွေးနွေးပွဲတွေကိုလည်း ကျင်းပခဲ့ပါတယ်။ ပထမအကြိမ် မူဝါဒဆွေးနွေးပွဲကို ၂၀၀၆ ခုနှစ် ဇွန်လက မနီလာမြို့မှာ ကျင်းပခဲ့ပြီး ဒုတိယအကြိမ် မူဝါဒဆွေးနွေးပွဲကို ၂၀၀၇ ခုနှစ် ဇူလိုင်လက နေပြည်တော်မှာ ကျင်းပခဲ့ပါတယ်။

### မိတ်ဆွေနိုင်ငံအပေါ်ထားတဲ့ စေတနာ

မြန်မာပြည်သူတွေအဖို့ ဖိလစ်ပိုင်ပြည်သူတွေကို အထူးကျေးဇူးတင်ရတာက ဆိုင်ကလုန်းနာဂစ်လွန် ကာလပါ။ အားလုံးသိတဲ့အတိုင်း ၂၀၀၈ ခုနှစ် မေလ ၂၅ ရက်မှာ ဆိုင်ကလုန်းနာဂစ်က မြန်မာနိုင်ငံနဲ့ ပြည်သူတွေကို အကြီးအကျယ် နစ်နာဆုံးရှုံးစေခဲ့ပါတယ်။ ထောင်ပေါင်းများစွာသော ပြည်သူတွေ အသက်ဆုံးရှုံးခဲ့ရပါတယ်။ ဖိလစ်ပိုင်နိုင်ငံက ပညာရှင် ၃၀ ပါဝင်တဲ့ ဆေးကုသရေးအဖွဲ့ကို ဆေးဝါးအကူအညီပစ္စည်းတွေနဲ့အတူ မြန်မာနိုင်ငံကို စေလွှတ်ပေးခဲ့ပါတယ်။ ဒါ့အပြင် C-130 လို အကြီးစား စစ်ဘက်သယ်ယူပို့ဆောင်ရေး လေယာဉ်ကိုပါ အသုံးပြုပေးခဲ့တာပါ။ ဖိလစ်ပိုင်ပြည်သူတွေရဲ့ ကူညီဖေးမမှုဟာ ငွေကြေးတန်ဖိုးအရ များတယ်မဆိုနိုင်ပေမယ့် မိတ်ဆွေနိုင်ငံအပေါ်ထားတဲ့ စိတ်စေတနာအမှန်ကိုတော့ ပေါ်လွင်ထင်ရှားစေခဲ့ပါတယ်။

### နားလည်မှုစာချွန်လွှာ ခြောက်ရပ်

၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှာတော့ မြန်မာနိုင်ငံနဲ့ ဖိလစ်ပိုင်နိုင်ငံအကြား နားလည်မှု စာချွန်လွှာ အတော်များများ လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ စုစုပေါင်း နားလည်မှု စာချွန်လွှာ ခြောက်ရပ်ကို လက်မှတ်ရေးထိုးခဲ့တာပါ။ ဒီနားလည်မှု စာချွန်လွှာတွေဟာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍမျိုးကစပြီး ကုန်သွယ်ရေးကဏ္ဍမျိုးအထိ အကျုံးဝင် ပတ်သက်နေပါတယ်။ နှစ်နိုင်ငံ ပြည်သူတွေအတွက် တိုက်ရိုက်အကျိုးရှိတဲ့ နားလည်မှု စာချွန်လွှာကတော့ နှစ်နိုင်ငံ ပြည်သူတွေ ဗီဇာမလိုဘဲ အပြန်အလှန် ခရီးသွားလာခွင့်ပါ။ ဖိလစ်ပိုင်ပြည်သူတွေအနေနဲ့ ဗီဇာမလိုဘဲ မြန်မာနိုင်ငံကို ၁၄ ရက်ကြာ လည်ပတ်ခွင့်ရပြီး မြန်မာပြည်သူတွေက ဖိလစ်ပိုင်နိုင်ငံကို ဗီဇာမလိုဘဲ ရက် ၃၀ ကြာ လည်ပတ်ခွင့်ရပါတယ်။

### အရေးကြီးတဲ့ ဖြစ်ရပ်

လူထုအစိုးရလက်ထက် နှစ်နိုင်ငံဆက်ဆံရေးရဲ့ အရေးကြီးတဲ့ ဖြစ်ရပ်ကို ပြောရရင် ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေးက မြန်မာနိုင်ငံကို လာရောက်လည်ပတ်ခဲ့တာပါ။ ဖိလစ်ပိုင်သမ္မတ ဒူတာတေးက နေပြည်တော်ကို ၂၀၁၇ ခုနှစ် မတ်လ ၁၉ ရက်နေ့က ရောက်ရှိခဲ့ပြီး မြန်မာနိုင်ငံမှာ နှစ်ရက်ကြာ နေထိုင်လည်ပတ်ခဲ့ပါတယ်။ မတ်လ ၂၀ ရက်နေ့က ကျင်းပခဲ့တဲ့ နိုင်ငံတော်ညစာစားပွဲမှာ သမ္မတ ဦးထင်ကျော်နဲ့ ဖိလစ်ပိုင်သမ္မတ ဒူတာတေးတို့က မိန့်ခွန်းတွေ အပြန်အလှန် ပြောကြားခဲ့ပါတယ်။

ဒီနိုင်ငံတော် ညစာစားပွဲမှာ ဖိလစ်ပိုင်သမ္မတ ဒူတာတေးက "ပြီးခဲ့တဲ့နှစ်ဟာ ဖိလစ်ပိုင်နိုင်ငံနဲ့ မြန်မာနိုင်ငံအကြား သံတမန်ဆက်ဆံရေး ထူထောင်ခဲ့တာ နှစ်(၆၀)ပြည့်တဲ့နှစ်ပါ။ ဒီနှစ်မှာတော့ ကျွန်တော်တို့ နှစ်နိုင်ငံအကြား ဆက်ဆံရေးကို စာမျက်နှာသစ် ဖွင့်လှစ်နိုင်တော့မှာပါ။ ဒီစာမျက်နှာသစ်ဟာ ပိုပြီး ခိုင်မာလာမှာဖြစ်သလို ပိုပြီးလည်း နက်ရှိုင်းလာမှာပါ။ ဆယ်စုနှစ် ခြောက်ခုကြာ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးက စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခဲ့တာပါ။ ကျွန်တော်တို့ နှစ်နိုင်ငံအကြားမှာ တည်ရှိတဲ့ တူညီတဲ့သမိုင်းအတွေ့အကြုံနဲ့ ဘုံရည်မှန်းချက်တွေဟာ ကျွန်တော်တို့ နှစ်နိုင်ငံရဲ့ ဆက်ဆံရေးကို ဖွံ့ဖြိုးခိုင်မာစေမှာပါ။ ကျွန်တော်တို့ ပြည်သူတွေ ငြိမ်းချမ်းစေရမယ်၊ ဖွံ့ဖြိုးစေရမယ်၊ ကြွယ်ဝစေရမယ်ဆိုတဲ့ ကျွန်တော်တို့ နှစ်နိုင်ငံရဲ့ ဘုံရည်မှန်းချက်တွေဟာ ကျွန်တော်တို့ နှစ်နိုင်ငံ ပြည်သူတွေကို သွေးသားရင်းချာလို ရင်းနှီးကျွမ်းဝင်စေတာပါ။ ကျွန်တော်တို့ နှစ်နိုင်ငံဟာ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ အလုပ်သမားရေးရာကဏ္ဍ၊ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှု ကဏ္ဍတွေမှာ အတူတကွ ကြိုးပမ်းအကောင်အထည်ဖော်ခဲ့သလို တိုးတက်မှုတွေကိုလည်း ဖော်ဆောင်နိုင်ခဲ့ပါပြီ။ ကျွန်တော်တို့ ဒီထက်တိုးတက်မှုတွေရအောင် ဆောင်ရွက်မှာပါ" ဆိုပြီး မိန့်ခွန်းပြောကြားခဲ့တာပါ။ ဒီခရီးစဉ်အတွင်းမှာ ဖိလစ်ပိုင်သမ္မတ ဒူတာတေးဟာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံခဲ့ပြီး ရခိုင်ပြည်နယ်ရဲ့ လူသားချင်းစာနာထောက်ထားမှုကိစ္စရပ်တွေမှာ အသုံးပြုဖို့ အမေရိကန်ဒေါ်လာ သုံးသိန်းကို လှူဒါန်းခဲ့ပါတယ်။

### ရောက်ရှိနေ

ဖိလစ်ပိုင်သမ္မတ ဒူတာတေးရဲ့ ဒီခရီးစဉ်အတွင်းမှာ နှစ်နိုင်ငံကြား နားလည်မှုစာချွန်လွှာနှစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒီစာချွန်လွှာ နှစ်ရပ်ကတော့ စားနပ်ရိက္ခာဖူလုံရေး စာချွန်လွှာနဲ့ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး စာချွန်လွှာတို့ပါ။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ဟာ ဖိလစ်ပိုင်နိုင်ငံကို အာဆီယံထိပ်သီးအစည်းအဝေးနဲ့ ဆက်စပ်အစည်းအဝေးတွေ တက်ရောက်ဖို့ ရောက်ရှိနေပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဖိလစ်ပိုင်ခရီးစဉ်ဟာ နှစ်နိုင်ငံအကြား ကောင်းမွန်ခိုင်မာပြီးဖြစ်တဲ့ ဆက်ဆံရေးကို ပိုပြီး ကောင်းမွန်ခိုင်မာစေမှာပါ။ မိုင်ပေါင်း တစ်ထောင်ကျော် ကွာဝေးပေမယ့် သွေးသားရင်းချာစိတ်ဓာတ်ရှိတဲ့ နှစ်နိုင်ငံပြည်သူတွေရဲ့ ပူးပေါင်းလက်တွဲဆောင်ရွက်မှုဟာ အချိန်ကြာလာတာနဲ့အမျှ ပိုမိုခိုင်မာကျယ်ပြန့်လာမယ်လို့ ယုံကြည်ပါကြောင်း တင်ပြပါရစေ။ ။

> "နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဖိလစ်ပိုင်ခရီးစဉ်ဟာ နှစ်နိုင်ငံအကြား ကောင်းမွန်ခိုင်မာပြီးဖြစ်တဲ့ ဆက်ဆံရေးကို ပိုပြီးကောင်းမွန်ခိုင်မာစေမှာပါ။ မိုင်ပေါင်းတစ်ထောင်ကျော် ကွာဝေးပေမယ့် သွေးသားရင်းချာစိတ်ဓာတ်ရှိတဲ့ နှစ်နိုင်ငံပြည်သူတွေရဲ့ ပူးပေါင်းလက်တွဲဆောင်ရွက်မှုဟာ အချိန်ကြာလာတာနဲ့အမျှ ပိုမိုခိုင်မာကျယ်ပြန့်လာမယ်လို့ ယုံကြည်"

# ရခိုင်ပြည်နယ်သတင်း

## UEHRD စီမံကိန်းတွင်ပါဝင်သော လူငယ်များအတွက် အသက်အာမခံလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၂**

UEHRD စီမံကိန်းတွင်ပါဝင်သော လူငယ်များအတွက် အသက်အာမခံ လုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ပေးနိုင်ရေးနှင့် စပ်လျဉ်းသော ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် တာဝန်ရှိသူများ ၊ Global World Insurance မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ယခုအခါ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လူသားချင်း စာနာထောက်ထားမှု အကူအညီ အထောက်အပံ့ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော စေတနာ့ဝန်ထမ်း လူငယ်များအတွက် အသက်အာမခံလုပ်ငန်းစဉ်များကို စီစဉ်ဆောင်ရွက်ပေးထားသည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ရှိ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းသို့ ရောက်ရှိကြပြီး မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့ ပူးပေါင်းပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း အစည်းအဝေးခန်းမတွင် Htoi Gender Development Foundation (ထွယ်ဖောင်ဒေးရှင်း)နှင့် Kachin State Women Network မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကချင်ပြည်နယ်အတွင်းရှိ အမျိုးသမီးများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ရေး၊ အမျိုးသမီးများ၏ လုံခြုံရေးနှင့် အခွင့်အရေးရရှိရေး၊ IDP စခန်းများမှ အမျိုးသမီးများ၏ ကျန်းမာရေး၊ ပညာရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆောင်ရွက်ပေးနိုင်ရေး၊ ဒေသတွင်း အမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်လိုသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ညှိနှိုင်းရေး စသည်တို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။



**သတင်းစဉ်**

## ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးစီမံကိန်းတွင် ပါဝင်ကူညီမည့် ပြည်သူ့အတွက် လူငယ့်ရက် (၂၀) စေတနာ့ဝန်ထမ်းလူငယ်များအတွက် ကိုယ်အင်္ဂါထိခိုက်မှုအာမခံအကာအကွယ် ပေးအပ်လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၂**

ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးစီမံကိန်းများတွင် ပါဝင်ကူညီဆောင်ရွက်ရန် ပြည်သူ့အတွက် လူငယ့် ရက် (၂၀) ဆောင်ပုဒ်ဖြင့် ဆောင်ရွက်သွားမည့် စေတနာ့ဝန်ထမ်းလူငယ်များ (ပထမအကြိမ်)အတွက် ကိုယ်အင်္ဂါထိခိုက်မှု အာမခံအကာအကွယ်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသို့ စေတနာရှင် အလှူရှင်က ယနေ့နံနက်ပိုင်းတွင် ပေးအပ်လှူဒါန်းခဲ့သည်။



ရခိုင်ပြည်နယ်အတွင်း လူသားချင်း စာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီ၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် နိုင်ငံအတွင်း ဘာသာ၊ လူမျိုးပေါင်းစုံပါဝင်ပြီး မတူကွဲပြား လူငယ်များ၏ ပါဝင်ဆောင်ရွက်မှုကို အခြေခံကာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးလူငယ်အဖွဲ့ဖြင့် လုပ်အားပေး ဆောင်ရွက်မည့် စေတနာ့ဝန်ထမ်းလူငယ် ပထမအကြိမ်မှ ၈၃ ဦးအတွက် ကိုယ်အင်္ဂါထိခိုက်မှု အာမခံကို ပုဂ္ဂလိက အလှူရှင် ဦးစိုးဝင်းသန့်နှင့် ဇနီး ပါမောက္ခ ဒေါက်တာသန်းသန်းနွယ် မိသားစုတို့က တစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ အကာအကွယ်ရရှိမည့် အာမခံအကာအကွယ်ကို Global World အာမခံကုမ္ပဏီတွင် ထားရှိပေးခဲ့ပြီး အဆိုပါ အာမခံပေါ်လစီကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးထံသို့ ယနေ့နံနက်ပိုင်းက ပေးအပ်လှူဒါန်းခဲ့သည်။

ပြည်သူ့အတွက် ရက် ၂၀ ဆောင်ပုဒ်ဖြင့် ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်မည့် စေတနာ့ဝန်ထမ်း လူငယ် ပထမအသုတ် ခရီးစဉ်တွင် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုး ဦးဆောင်၍ လူငယ် ၈၃ ဦး လိုက်ပါလျက် နိုဝင်ဘာ ၉ ရက်က ရခိုင်ပြည်နယ် စစ်တွေမြို့မှတစ်ဆင့် ဘူးသီးတောင်၊ မောင်တောဒေသသို့ ထွက်ခွာသွားပြီဖြစ်သည်။ အဆိုပါ လုပ်အားပေး လူငယ်များအတွက် မတော်တဆထိခိုက်မိခြင်း၊ နာမကျန်းဖြစ်ခြင်းစသည့် ကိုယ်အင်္ဂါထိခိုက်မှု အာမခံအကာအကွယ်ကို ထားရှိလှူဒါန်းပေးခြင်းဖြစ်ကြောင်း သိရသည်။ ယင်းအာမခံအကာအကွယ်သည် သက်တမ်းအားဖြင့် သုံးလ၊ ခြောက်လ၊ တစ်နှစ်ဟူ၍ ထားရှိနိုင်ပြီး ထားရှိမည့် တန်ဖိုးအပေါ်မူတည်၍ အာမခံပရီမီယံကြေး တစ်ရာခိုင်နှုန်းကိုသာ ပေးသွင်းရကြောင်း သိရသည်။

အဆိုပါ လူငယ့် ရက် (၂၀) အစီအစဉ်အပြီးတွင် ဒုတိယအကြိမ်အဖြစ် စေတနာ့ဝန်ထမ်းလူငယ် ၄၀ ကျော်သည် ရခိုင်ပြည်နယ်သို့ နိုဝင်ဘာ ၂၅ ရက်တွင် ဆက်လက်သွားရောက်မည်ဖြစ်ပြီး ရက် ၂၀ ပြည့်တိုင်း လူငယ်အဖွဲ့များ လဲလှယ်ဆောင်ရွက်သွားမည့် စေတနာ့ဝန်ထမ်း လူငယ်အစီအစဉ်ဖြစ်သည်။ ယင်း လူငယ်အစီအစဉ်တွင် ကျေးရွာများအထိ ကွင်းဆင်းဆောင်ရွက်ခြင်း၊ ပြန်လည်သုံးသပ်ဆန်းစစ်ခြင်းစသည့် ဖွံ့ဖြိုးရေးလုပ်အားပေး အစီအစဉ်များကို ပြုလုပ်သွားမည်ဖြစ်သည်။ ဒုတိယအကြိမ် သွားရောက်မည့် လူငယ်များအတွက်လည်း ကိုယ်အင်္ဂါထိခိုက်မှု အာမခံကို ထားရှိလှူဒါန်းပေးမည့် အလှူရှင်များရှိနေပြီး Global World အာမခံကုမ္ပဏီက ဆောင်ရွက်ပေးသွားမည်ဟု သိရသည်။

ရခိုင်ဒေသသို့ သွားရောက်ကာ လုပ်အားပေး စေတနာ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းများအား အသက်အာမခံပြုလုပ်ပေးခြင်း၊ ကိုယ်အင်္ဂါထိခိုက်မှု အာမခံပြုလုပ်ပေးခြင်းတို့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအောင်သူရိန် ဖုန်း-၀၉ ၅၃၃၀၅၂၀ နှင့် ဒေါ်အေးမိုးမိုးကြည် Global World အာမခံကုမ္ပဏီ ဖုန်း- ၀၉ ၂၅၁၀၆၉၀၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ဆုနှင်းလဲ့**

## ရခိုင်ပြည်နယ်၌ ပြည်သူ့အတွက် လူငယ့်ရက်(၂၀)လုပ်ငန်း မိတ်ဆက်အခမ်းအနား ကျင်းပ



**စစ်တွေ နိုဝင်ဘာ ၁၂**

မောင်တောဒေသ ပြန်လည်တည်ဆောက်ရေးအတွက် မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှ လူငယ်စေတနာ့ဝန်ထမ်းများနှင့် ဆောင်ရွက်သွားမည့် ပြည်သူ့အတွက် လူငယ့်ရက်(၂၀)လုပ်ငန်း မိတ်ဆက်အခမ်းအနားကို နိုဝင်ဘာ ၁၁ ရက် ညနေ ၃ နာရီခွဲတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးအောင်က နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး ရခိုင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်က စေတနာ့ဝန်ထမ်း လူငယ်မောင်မယ်များ၏ လုပ်ငန်းအတွင်း ကြုံတွေ့နိုင်သည့် အခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်နှင့် ထိထိမိမိကူညီဆောင်ရွက်ပေးနိုင်ရေးတို့အတွက် ပံ့ပိုးကူညီသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။ ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုးက ပြည်သူ့အတွက် လူငယ့်ရက်(၂၀) လုပ်ငန်းအစီအစဉ်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး စေတနာ့ဝန်ထမ်းလူငယ်အဖွဲ့ ကိုယ်စားလှယ်တစ်ဦးဖြစ်သူ မယဉ်မိုးသူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က နိဂုံးချုပ်စကားပြောကြားသည်။

“ကျွန်မတို့အနေနဲ့ အခုလိုမျိုး ကြီးမားတဲ့ပရဟိတလုပ်ငန်းတစ်ခုကို အစိုးရအဖွဲ့အစည်းရဲ့ ပံ့ပိုးကူညီမှုနဲ့အတူ လုပ်ကိုင်ဆောင်ရွက်ခွင့်ရတဲ့အတွက် အထူးပဲ ကျေးဇူးတင်ဂုဏ်ယူမိပါတယ်၊ ကျွန်မတို့ရဲ့စေတနာ့ဝန်ထမ်း လူငယ်အဖွဲ့အနေနဲ့ လူမျိုးရေး၊ ဘာသာရေး၊ အသားအရောင်ခွဲခြားမှုမရှိဘဲ လူသားချင်းစာနာထောက်ထားမှု စိတ်ဓာတ်အပြည့်နဲ့ ပါဝင်ကူညီဆောင်ရွက်သွားမှာဖြစ်တယ်” လို့ မယဉ်မိုးသူက ပြောသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတနာ့ဝန်ထမ်း လူငယ်များနှင့် စစ်တွေမြို့ မြို့မိမြို့ဖများ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **တင်ထွန်း(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းနေမှု၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်နေမှုများ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့ လှည့်လည်ကြည့်ရှု



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့ မောင်တောမြို့နယ် အလယ်သံကျော်ကျေးရွာအနီးရှိ ကမ်းခြေ၌ တစ်ဖက်နိုင်ငံသို့ သွားရောက်ရန် ပြင်ဆင်နေသည့် ဘင်္ဂါလီလူမျိုးများအား တွေ့ဆုံ၍ ၎င်းတို့၏ သဘောဆန္ဒများကို မေးမြန်းဆွေးနွေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မောင်တောမြို့နယ် ကိုင်းကြီး(မြို)ကျေးရွာမှ မြိုတိုင်းရင်းသားများအား ထောက်ပံ့ငွေ ပေးအပ်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၂**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)၏ လုပ်ငန်းစဉ်များနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်နိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဦးဆောင်သော မီဒီယာအဖွဲ့သည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့မှ ဘူးသီးတောင်မြို့သို့ ရေယာဉ်ဖြင့် ထွက်ခွာကြသည်။

စစ်တွေမြို့နှင့် ဘူးသီးတောင်မြို့သည် မေယုမြစ်ကြောင်းအတိုင်း ရေမိုင် ၅၀ ကျော်ကွာဝေးပြီး ၎င်းခရီးအား လူ ၁၀၀ ကျော် စီးနင်းနိုင်သည့် ရွှေပြည်တန်၊ မလိခ၊ ရွှေနဒီ စသည့် ရှပ်ပြေးရေယာဉ်များဖြင့် နေ့စဉ်ပို့ဆောင်ပေးလျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ဘူးသီးတောင်မြို့သို့ ရောက်ရှိကြပြီး မြို့၏ တည်ငြိမ်အေးချမ်းနေမှု၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်နေမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ မောင်တောမြို့သို့ ထွက်ခွာကြရာ မောင်တောမြို့နယ် အလယ်သံကျော်ကျေးရွာအနီးရှိ ကမ်းခြေသို့ရောက်ရှိပြီး ၎င်းတွင် တစ်ဖက်နိုင်ငံသို့ သွားရောက်ရန် ပြင်ဆင်နေကြသည့် ရသေ့တောင်နှင့် ဘူးသီးတောင်မြို့နယ်တို့ရှိ ကျေးရွာအချို့မှ ဘင်္ဂါလီလူမျိုးများအား တွေ့ဆုံ၍ ၎င်းတို့၏ သဘောဆန္ဒများကို မေးမြန်းဆွေးနွေးသည်။

အဆိုပါ ထွက်ခွာရန် ပြင်ဆင်နေကြသူများက ၎င်းတို့အနေဖြင့် စားဝတ်နေရေး အခက်အခဲကြောင့် တစ်ဖက်နိုင်ငံသို့ သွားရောက်လိုခြင်းဖြစ်ကြောင်း၊ ထိုသို့ သွားရောက်ရန် တစ်ဦးလျှင် လှေခ ငွေကျပ် ငါးသောင်းခန့် ပေးချေရပါကြောင်း၊ လှေစောင့်နေစဉ်ကာလအတွင်း ပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်ဖြင့် စားနပ်ရိက္ခာနှင့် ဆေးဝါးကုသပေးမှုများကို လက်ခံရရှိပါကြောင်း၊ တာဝန်ရှိသူများက ၎င်းတို့နေထိုင်ခဲ့သည့် နေရာများသို့ ပြန်မည်ဆိုပါက လိုအပ်သည်များ ပံ့ပိုးပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ရာ ၎င်းတို့မှာ တစ်ဖက်နိုင်ငံသို့သာ သွားရောက်လိုသဖြင့် ယခုကဲ့သို့ စောင့်ဆိုင်းနေခြင်းဖြစ်ပါကြောင်း ပြန်လည်ပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က တစ်ဖက်နိုင်ငံသို့ သွားရောက်ခြင်းမပြုဘဲ ယခင်နေရပ်သို့ ပြန်လည်သွားရောက်လိုပါက နိုင်ငံတော်နှင့် ပြည်နယ်အစိုးရအဖွဲ့တို့မှ လိုအပ်သည့် စားနပ်ရိက္ခာနှင့် လုံခြုံရေး ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသော်လည်း ၎င်းတို့အနေဖြင့် တစ်ဖက်နိုင်ငံသို့သာ ဆက်လက်သွားရောက်မည်ဟု ဖြေကြားကြသည်။

ထို့နောက် အလယ်သံကျော်ကျေးရွာရှိ ကျေးရွာသားများအား တွေ့ဆုံ၍ နယ်မြေတည်ငြိမ်အေးချမ်းမှု အခြေအနေကို မေးမြန်းပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ယင်းနောက် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာခဲ့ရသည့် ကိုင်းကြီး(မြို)ကျေးရွာမှ မြိုတိုင်းရင်းသားများအား သံဒါကျေးရွာအနီး၌ ယာယီနေရာချထားပေးမှုကိုလည်းကောင်း၊ သံဒါကျေးရွာအနီး အိမ်ရာအသစ်ဖော်ထုတ်ရန် ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုကြရာ ၎င်းတွင် အိမ်ရာဖော်ထုတ်ရေး တာဝန်ဆောင်ရွက်နေသည့် ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က စီမံကိန်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မောင်တောဒေသရှိ ရွှေဗဟို၊ စိန်ပန်းမြိုင်နှင့် ကိုင်းကြီးကျေးရွာများမှ မြိုတိုင်းရင်းသား အိမ်ထောင်စု ၁၀၀ ကျော်အား စုစည်း၍ သံဒါကျေးရွာအနီး အိမ်ရာအသစ်ဖော်ထုတ်၍ နေရာချထားပေးသွားမည်ဖြစ်ရာ ၎င်းတွင် ရေကောင်းရေသန့်ရရှိရေးအပြင် ဆိုလာလျှပ်စစ်မီး ပါဝင်သည့် အုတ်ခံတစ်ထပ်တိုက်အိမ်များကို တည်ဆောက်ပေးရန်နှင့် ကျေးရွာစာသင်ကျောင်းကိုလည်း အဆင့်တိုးမြှင့်ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် စီမံကိန်းရှင်းလင်းဆောင်၌ မြိုတိုင်းရင်းသားများအား တွေ့ဆုံအားပေးစကား ပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီးက ၎င်းတွင် ရောက်ရှိနေကြသည့် အိမ်ထောင်စု ၄၆ စုအတွက် တစ်စုလျှင် ငွေကျပ် ငါးသောင်းနှုန်းဖြင့် ငွေကျပ် ၂၃ သိန်းကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် မောင်တောမြို့နယ် ရွှေဇားကျေးရွာအုပ်စု၌ ရခိုင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ နိုင်ငံသားစိစစ်ခံယူမည့်သူ၏ သက်သေခံကတ်(NVC) နှင့် Bio Metric နည်းပညာ (NID) စနစ်ဖြင့် အီလက်ထရွန်နစ် မှတ်တမ်းတင်ခြင်း ဆောင်ရွက်နေမှုအား ကြည့်ရှုအားပေးပြီး NVC ကတ်ရရှိသူများကို ကတ်များနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်း NVC ကတ် ထုတ်ပေးရေးလုပ်ငန်းစဉ်ကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၂၈ ရက်၊ ၃၁ ရက်နှင့် နိုဝင်ဘာ ၁ ရက်တို့တွင် စစ်တွေမြို့ရှိ ကျောင်းကြီးလမ်းရပ်ကွက်ရှိ ဟိန္ဒူဘာသာဝင် ၁၃၂ ဦးအား NVC ကတ် ထုတ်ပေးခြင်း၊ နိုဝင်ဘာ ၁ ရက်မှ ၅ ရက်အထိ ဓညဝတီအားကစားကွင်းရှိ ဟိန္ဒူဘာသာဝင် ၂၁၃ ဦးအား NVC ကတ် ထုတ်ပေးခြင်းနှင့် ၂၈၀ အား NID နည်းဖြင့် မှတ်တမ်းတင်ခြင်း၊ နိုဝင်ဘာ ၁ ရက်မှ ၂ ရက်အထိ ဘူးသီးတောင်မြို့နယ် ငါးရံ့ချောင်းကျေးရွာတွင် နေထိုင်သူ ၆၄ ဦးအား NVC ကတ် ထုတ်ပေးခြင်းနှင့် ၆၅ ဦးအား NID နည်းဖြင့် မှတ်တမ်းတင်ခြင်း၊ အောက်တိုဘာ ၁၂ ရက်မှ ယနေ့အထိ ရွှေဇားကျေးရွာအုပ်စုအတွင်း နေထိုင်သူ ၆၉၉ ဦးအား NVC ကတ်ထုတ်ပေးခြင်းနှင့် ၇၃၇ ဦးအား NID နည်းဖြင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။ ယင်းလုပ်ငန်းစဉ်နှင့်အတူ Bio Metric နည်းပညာ(NID) နည်းဖြင့် NVC ကတ် မရရှိသူများနှင့် ရရှိသူများအား တစ်ပါတည်း မှတ်တမ်းတင် ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ကညင်ချောင်း အထူးစီးပွားရေးဇုန် တည်ဆောက်မည့်နေရာနှင့် နယ်စပ်ခြံစည်းရိုး ကာရံထားမှုကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် မောင်တောမြို့ အမှတ်(၁) နယ်စပ်ဝင်၊ ထွက်ပေါက်မှတစ်ဆင့် နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေများကို ကြည့်ရှုလေ့လာကြသည်။ ၎င်း နယ်စပ်ဝင်၊ ထွက်ပေါက်ကို ၂၀၁၇ ခုနှစ် ပဋိပက္ခဖြစ်စဉ် ဖြစ်ပွားချိန်မှစ၍ ပိတ်ထားခဲ့ရာမှ အောက်တိုဘာ ၁၄ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုမှတစ်ဆင့် မောင်တောမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ခိုလှုံလျက်ရှိသော ဟိန္ဒူဘာသာဝင်များအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ၎င်းနေရာရှိ ကလေးငယ်များအတွက် စားသောက်ဖွယ်ရာများကို ပေးအပ်ကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအခြေစိုက် ပြည်ပသတင်းဌာနများမှ သတင်းမီဒီယာများ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ခွာမည့် အစ္စလာမ်ဘာသာဝင်များအား သွားရောက်တွေ့ဆုံ သတင်းရယူ

**နေပြည်တော် နိုဝင်ဘာ ၁၂**

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက်ပိုင်း ကျေးရွာများ၌ ဆက်လက်နေထိုင်လျက်ရှိသည့် အစ္စလာမ်ဘာသာဝင်များအား အစွန်းရောက်အကြမ်းဖက်သမားများက အသက်အန္တရာယ်ခြိမ်းခြောက်မှုများကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထွက်ခွာလျက်ရှိကြောင်း သိရသည်။

ယနေ့တွင် မြန်မာနိုင်ငံအခြေစိုက် ပြည်ပသတင်းဌာနများမှ သတင်းမီဒီယာများသည် အလယ်သံကျော်ကျေးရွာအနီး ပင်လယ်ကမ်းခြေတွင် ခေတ္တနေထိုင်လျက်ရှိသည့် အစ္စလာမ်ဘာသာဝင် ၂၀၀၀ ကျော်၊ မှူဝင်ချောင်းဝနှင့် ဂေါ်ဒူသာရချောင်းဝကြား ပင်လယ်ကမ်းခြေတွင် နေထိုင်လျက်ရှိသော အစ္စလာမ်ဘာသာဝင် ၇၀ ကျော်တို့အား သွားရောက်တွေ့ဆုံ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထွက်ခွာရသည့် အကြောင်းအရာကိစ္စရပ်များနှင့် ပတ်သက်ပြီး မေးမြန်းသတင်းရယူခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် သတင်းထောက်များက နယ်မြေလုံခြုံရေး ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဖြေရှင်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် သိရှိလိုသည်များကို မေးမြန်းရာ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် အေးလွင်နှင့် နယ်မြေလုံခြုံရေး တာဝန်ထမ်းဆောင်လျက်ရှိသည့် ဒုတိယရဲမှူးကြီး မြင့်ကျော်တို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သိရသည်။

**သတင်းစဉ်**



# ရခိုင်ပြည်နယ်သတင်း

## ရိတ်သိမ်းပြီးတဲ့အချိန်မှာ ဦးပိုင်အလိုက် တစ်ကွင်းချင်း၊ တစ်ဦးချင်း စာရင်းတွေပြုစုပြီး အထွက်နှုန်း၊ အထွက်တွေကို စာရင်းပြုစုပေးတယ်

**မောင်တောဒေသရှိ ရိတ်သိမ်းသူမဲ့ ရင့်မှည့်နေသော မိုးစပါးများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနက ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရအကူအညီများ၊ ဆက်စပ်လျက်ရှိသည့် ဦးစီးဌာနနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ အကူအညီကိုရယူ၍ ရိတ်သိမ်းလျက်ရှိသည်။ ယင်းသို့ ရိတ်သိမ်းပေးလျက်ရှိရာတွင် မောင်တောဒေသရှိ မြို့သူကြီး၊ အုန်းတော၊ အလယ်သံကျော်၊ ကျောင်းတောင်၊ ကံဖူး၊ နွားရုံတောင်နှင့် သန်ဒါကျေးရွာတို့တွင် အစုခုနစ်ဖွဲ့ခွဲ၍ စက်အင်အား ၃၂ စီးဖြင့် ရိတ်သိမ်းလျက်ရှိသည်။**

ယင်းသို့ ရိတ်သိမ်းရာတွင် နိုဝင်ဘာ ၁၀ ရက်အထိ ခန့်မှန်း ၁၂၆၁ ဒသမ ၁၉ ဧက ရိတ်သိမ်းထားပြီး စပါးတင်းပေါင်း ၄၉၀၀၀ ထွက်ရှိကြောင်း စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။ မောင်တောဒေသတွင် ယခုနှစ်၌ စပါးစိုက်ဧက ခုနစ်သောင်းကျော်ခန့် စိုက်ပျိုးထားသည်။

အဆိုပါစပါးများ လေလွင့်မှုမရှိစေရန် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည့် ပြည်နယ်အစိုးရနှင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများအား သတင်းအဖွဲ့မှ သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သည် -


ဦးကျော်လွင်


ဦးခင်ဇော်အုန်း


ဦးသိန်းဝေ


ဦးမောင်မောင်ကျော်ဝင်း

**ဦးကျော်လွင်**
**ရခိုင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး**

**မေး။ ။အခုရိတ်သိမ်းပြီးတဲ့ စပါးတွေကို ဘယ်လိုလက်ခံမလဲဆိုတာလေး သိလိုပါတယ်။**

ဖြေ။ ။ကျွန်တော်တို့ အဲဒီအတွက် အဖွဲ့တွေဖွဲ့ထားပါတယ်။ စက်မှုလယ်ယာကတော့ စပါးတွေရိတ်သိမ်းတယ်၊ စိုက်ပျိုးရေးဦးစီးဌာနက ဒါတွေကို တာဝန်ယူပြီး လက်ခံတယ်၊ လက်ခံပြီးတော့ ကျွန်တော်တို့က စုပုံတဲ့စနစ်နဲ့ တိုင်းရင်းသား လုပ်ငန်းရှင်တွေကို ပြန်ရောင်းမှာပါ၊ ရောင်းချမယ့်ပုံစံကတော့ ဝန်ကြီးချုပ် မောင်တောကိုလာတဲ့ ခရီးစဉ်မှာ ဆောင်ရွက်ခဲ့ပြီးပါပြီ။

**မေး။ ။စပါးတွေကို ပြန်လည်လက်ခံတဲ့ အဖွဲ့အစည်းမှာ ဘယ်သူတွေပါမလဲခင်ဗျာ။**

ဖြေ။ ။စပါးတွေ လက်ခံမယ့် နေရာခုနစ်နေရာမှာ အဖွဲ့ ခုနစ်ဖွဲ့ထားမယ်။ အဓိက ပါဝင်တဲ့ ဌာနတွေက စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ နောက် စီမံခန့်ခွဲရေးအဖွဲ့တွေပါမယ်၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးဌာနကသူတွေပါမယ်၊ ကျန်တဲ့ဌာနတွေကလည်း ပေါင်းစပ်ညှိနှိုင်းပြီး ဝိုင်းဝန်းကူညီကြပါတယ်။

**မေး။ ။ပိုင်ရှင်မဲ့စပါးတွေကို ရောင်းချမယ်ဆိုတော့ ဘယ်လိုပုံစံမျိုး ရောင်းမှာပါလဲ။**

ဖြေ။ ။ဒါပိုင်ရှင်မဲ့စပါးတွေ မဟုတ်ဘူး၊ အမှည့်လွန်ပြီး ပျက်စီးတော့မယ့် ရိတ်သိမ်းသူမဲ့စပါးတွေပါ၊ အဲဒါတွေကို ပြည်ထောင်စုအစိုးရအဖွဲ့က ဝယ်ယူပေးတဲ့ ရိတ်သိမ်းခြွေလှေ့စက်တွေရယ်၊ ကျွန်တော်တို့ ရခိုင်ပြည်နယ်အစိုးရက ပြည်နယ်ရန်ပုံငွေနဲ့ ဝယ်ယူတဲ့ စက်တွေနဲ့ ရိတ်သိမ်းနေတာပါ၊ ရိတ်သိမ်းသူမရှိတဲ့စပါးတွေ အလေအလွင့်မရှိအောင် ကျွန်တော်တို့အစိုးရအဖွဲ့က ကူညီပြီး ရိတ်သိမ်းပေးတာပါ၊ ပွင့်ပွင့်လင်းလင်းပြောရရင် ရိတ်သိမ်းပြီးတဲ့ စပါးတွေကို ထိန်းသိမ်းဖို့ ကျွန်တော်တို့မှာ အခက်အခဲရှိတယ်၊ ဒါကြောင့် ရိတ်သိမ်းပြီးတာနဲ့ အဲဒီစပါးတွေကို ပြန်ပြီးတော့ရောင်းမယ်၊ စပါးရောင်းချပြီးလို့ ရတဲ့ငွေတွေကို ဘဏ်အကောင့်တစ်ခုနဲ့ ငွေစာရင်းဖွင့်လှစ်ပြီး ထိန်းသိမ်းထားမယ်၊ ကျွန်တော်တို့က ပြည်ထောင်စုအစိုးရနဲ့ ပေါင်းပြီးတော့ မောင်တောဒေသက လေလွင့်ပျက်စီးတော့မယ့် စပါးတွေကို အကောင်းဆုံးဖြစ်အောင် ကူညီပြီး ရိတ်သိမ်းပေးနေတာပါ၊ စနစ်တကျရိတ်သိမ်း၊ ရောင်းချပြီး ရောင်းချလို့ရတာတွေကို ဘဏ်စာရင်းတစ်ခုဖွင့်ပြီး ထားရှိသွားမယ်။

**ဦးခင်ဇော်အုန်း (ဦးစီးအရာရှိ)**
**စက်မှုလယ်ယာဦးစီးဌာန**

**မေး။ ။စပါးတွေရိတ်သိမ်းဖို့အတွက် ဘယ်ဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်နေတယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။လုပ်ငန်းကဏ္ဍ ဆက်စပ်မှုအပိုင်းကတော့ ရင့်မှည့်ချိန်လွန်ပြီးတော့ လေလွင့်ဆုံးရှုံးတော့မယ့် စပါးတွေကို စပါးခြွေလှေ့စက်နဲ့ ရိတ်ပါတယ်၊ ရိတ်ပြီး စပါးတွေကို လှန်းတဲ့နေရာ၊ သိုလှောင်တဲ့နေရာတွေကို သက်ဆိုင်ရာ ခရိုင်ထွေ/အုပ်ရဲ့ ဦးဆောင်မှုနဲ့ သယ်ပို့ပါတယ်၊ သယ်ပို့ပြီး စပါးလှန်းတဲ့စုရပ်တွေရှိပါတယ်၊ အလယ်သံကျော်ရှိမယ်၊ ကျောင်းတောင်မှာရှိမယ်၊ အဲဒီနေရာတွေကို ရိတ်သိမ်းပြီး စပါးတွေပို့ပေးပါတယ်၊ အဲဒီမှာ စိုက်ပျိုးရေးဦးစီးဌာနကနေ လက်ခံပြီးတော့ စပါးတွေလှန်းတယ်၊ သိုလှောင်တယ်၊ မြေစာရင်းဦးစီးဌာနကတော့ စပါးရိတ်သိမ်းမယ့်ကွင်းတွေကို ဥပမာ ဒီကွင်းကတော့ဖြင့် တောင်သူ ဘယ်နှဦးရှိတယ်၊ ဦးပိုင်ဘယ်သူတွေပါတယ်၊ တိကျတဲ့စာရင်းဇယား တောင်သူတစ်ဦးချင်းပိုင်ဆိုင်မှု၊ တစ်ဦးချင်းအမည်တွေနဲ့ စာရင်းဇယားပြုစုပြီးတော့ လုပ်ငန်းပူးပေါင်းဆောင်ရွက်ကြပါတယ်၊ စိုက်ပျိုးရေးဌာနအနေနဲ့ ရိတ်သိမ်းတဲ့နေရာမှာ ရိတ်သိမ်းချိန်သင့်နေတဲ့စပါးတွေ တတ်နိုင်သလောက် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဒါတော့ ဆုံးရှုံးတော့မယ်၊ ဒါတော့အမြန်ရိတ်ဖို့ လိုတယ်ဆိုတာမျိုး အကြံပေးပါတယ်။

**မေး။ ။ပိုင်ရှင်မဲ့စပါးတွေ အဓိကရိတ်သိမ်းရတဲ့ ရည်ရွယ်ချက်ကို သိပါရစေ။**

ဖြေ။ ။လက်ရှိစိုက်ပျိုးပြီးသားစပါးတွေ ရိတ်သိမ်းချိန်တန်နေပြီ၊ အချိန်လည်း လွန်နေပြီ၊ တချို့နေရာတွေမှာ ရိတ်သိမ်းချိန်လွန်သွားတဲ့အတွက် ဆုံးရှုံးသွားတဲ့စပါးတွေရှိတယ်၊ တချို့စပါးခင်းတွေ ကျွဲ၊ နွားတွေ ဝင်စားတဲ့အတွက် ဆုံးရှုံးသွားတဲ့ စပါးတွေရှိတယ်၊ ဒါတွေကို တတ်နိုင်သလောက် ဆုံးရှုံးမှုမဖြစ်အောင် ဌာနအနေနဲ့ ပြည်ထောင်စုဝန်ကြီးရဲ့ လမ်းညွှန်ချက်နဲ့ ကိုယ်အားရှိသလောက်၊ စက်ရဲ့အင်အားရှိသလောက် တတ်နိုင်သလောက် ရိတ်သိမ်းပေးပါမယ်။

**မေး။ ။စပါးရိတ်သိမ်းရာမှာ ကြုံတွေ့ရတဲ့ အခက်အခဲတွေရှိရင်လည်း ပြောပြပေးပါ။**

ဖြေ။ ။အချိန်အခါမဲ့မိုးက သတိထားရပါတယ်၊ ပြီးခဲ့တဲ့ရက်က လုပ်ငန်းမတွင်ကျယ်ဘူး၊ မိုးရွာလိုက်တဲ့အတွက် မိုးစိုပြီးသားစပါးကို စက်နဲ့ ချက်ချင်းရိတ်လို့မရပါဘူး၊ မိုးရွာလိုက်တဲ့အတွက် အစိုဓာတ်ရှိနေတဲ့လယ်ကို စက်တွေနဲ့ဝင်ရိတ်တဲ့အခါ မြေကျွံတာကြောင့် အချိန်မီ မရိတ်သိမ်းနိုင်တာတွေ ရှိပါတယ်၊ တစ်နေ့ကို စက်က တစ်စီးကို ငါးဧကရိတ်မယ်ဆိုရင် မိုးရွာထားပြီး အစိုဓာတ်ရှိတဲ့မြေကို တစ်နေ့ကိုသတ်မှတ်ထားတဲ့ဧကရအောင် မရိတ်နိုင်တာတွေ ရှိနေပါတယ်၊ ဒါက ရာသီဥတုရဲ့အခြေအနေပါ။

**မေး။ ။ဘာများဖြည့်စွက်ပြောကြားဖို့ ရှိပါသလဲ။**

ဖြေ။ ။ဒီမှာက လုပ်သားအင်အား ရှားပါးပါတယ်၊ လုပ်သားအင်အားရှားပါးတဲ့အတွက် ရိတ်သိမ်းချိန် တိုင်ရဲ့သားနဲ့ မရိတ်သိမ်းနိုင်ခဲ့တဲ့စပါးတွေ မြေကြီးပေါ်အလဟဿကြွေသွားမယ်၊ လေလွင့်သွားမယ်၊ အညှောင့်ပေါက်သွားမယ်၊ ဒါဆိုရင် ပိုင်ဆိုင်တဲ့ပိုင်ရှင်အနေနဲ့ရော နိုင်ငံတော်အနေနဲ့ရော အများကြီးဆုံးရှုံးမှုဖြစ်မှာပါ၊ အဲဒါကြောင့် ကျွန်တော်တို့ဌာနအနေနဲ့ စက်အင်အား၊ လူအင်အားတွေနဲ့ အတတ်နိုင်ဆုံး ရိတ်သိမ်းနိုင်သလောက် ရိတ်သိမ်းသွားမှာပါ။

**ဦးသိန်းဝေ**
**စိုက်ပျိုးရေးဦးစီးဌာန (မြို့နယ်စိုက်ပျိုးရေးမှူး)**

**မေး။ ။အခုရိတ်သိမ်းနေတဲ့ စပါးနဲ့ပတ်သက်ပြီး စိုက်ပျိုးရေးဦးစီးဌာနက ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို သိချင်ပါတယ်။**

ဖြေ။ ။ကျွန်တော်တို့ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ရိတ်သိမ်းပြီး ရရှိလာတဲ့ စပါးတွေကို ကျယ်ကျယ်ဝန်းဝန်းရှိတဲ့ နေရာမျိုး (အလယ်သံကျော်ဆိုရင် ဘောလုံးကွင်းလိုနေရာမျိုး)မှာ နေလှန်းအခြောက်ခံတယ်။ ခြောက်ပြီးတဲ့ စပါးတွေကို သင့်တင့်တဲ့ နီးစပ်ရာနေရာမှာ စုပုံထားပါတယ်၊ အခုအချိန်မှာတော့ စပါးလှန်းတဲ့ အဆင့်မှာပဲ ရှိပါသေးတယ်။

**မေး။ ။စပါးတွေကို ဘယ်လိုအချိန်မှာ ရိတ်သိမ်းသင့်တယ်၊ နောက်စပါးတွေက ဘယ်လိုအခြေအနေမှာ ပျက်စီးမှုအန္တရာယ် ကြုံလာနိုင်ပါသလဲ။**

ဖြေ။ ။နှစ်တိုင်းဆိုရင်တော့ နိုဝင်ဘာလဆို စပါးတော်တော်များများ ရိတ်သိမ်းပြီးဖြစ်ပါတယ်၊ အခုချိန်အထိတော့ စပါးက နောက်ကျစိုက်တဲ့အတွက် ရိတ်လို့ကောင်းမွန်နေသေးတဲ့ အခြေအနေမှာ ရှိတယ်၊ ဒီဇင်ဘာလအထိ ရိတ်နိုင်တဲ့ အခြေအနေမှာ ရှိပါတယ်၊ ပဋိပက္ခဖြစ်တုန်းက စပါးခင်းတွေမှာ နွားတွေဝင်စားလို့ ပျက်စီးတာတွေလည်း ရှိပါတယ်။

စာမျက်နှာ ၁၁ သို့ »»

**“ မြေစာရင်းဦးစီးဌာနကတော့ စပါးရိတ်သိမ်းမယ့်ကွင်းတွေကို ဥပမာ ဒီကွင်းကတော့ဖြင့် တောင်သူ ဘယ်နှဦးရှိတယ်၊ ဦးပိုင်ဘယ်သူတွေပါတယ်၊ တိကျတဲ့ စာရင်းဇယား တောင်သူတစ်ဦးချင်းပိုင်ဆိုင်မှု၊ တစ်ဦးချင်း အမည်တွေနဲ့ စာရင်းဇယားပြုစုပြီးတော့ လုပ်ငန်းပူးပေါင်း ဆောင်ရွက်ကြပါတယ်၊ စိုက်ပျိုးရေးဌာနအနေနဲ့ ရိတ်သိမ်းတဲ့နေရာမှာ ရိတ်သိမ်းချိန်သင့်နေတဲ့ စပါးတွေ တတ်နိုင်သလောက် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဒါတော့ ဆုံးရှုံးတော့မယ်၊ ဒါတော့ အမြန်ရိတ်ဖို့ လိုတယ်ဆိုတာမျိုး အကြံပေးပါတယ် ”**


အလယ်သံကျော်ကျေးရွာ၌ ရိတ်သိမ်းပြီးစီးသည့် ရိတ်သိမ်းသူမဲ့ စပါးခင်းများမှ စပါးများအား နေလှန်းရန် ပြင်ဆင်နေစဉ်။

**“ ကျွန်တော်တို့ပြသတဲ့ ရိတ်သိမ်းသူမဲ့ လယ်မြေတွေမှာ စက်မှုလယ်ယာကနေ ရိတ်သိမ်းတယ်၊ ရိတ်သိမ်းပြီးတဲ့ အချိန်မှာ ဦးပိုင်အလိုက် တစ်ကွင်းချင်း၊ တစ်ဦးချင်း စာရင်းတွေပြုစုပြီး အထွက်နှုန်း၊ အထွက်တွေကို စာရင်းပြုစုပေးတယ်၊ ကျွန်တော်တို့က မြေခွန်စည်းကြပ်ထားတဲ့အတွက် အမည်ပေါက်စာရင်းတွေရှိတယ်၊ အဲဒါတွေကြည့်ပြီး ဘယ်သူက ဘယ်လောက်ပိုင်တယ်ဆိုတဲ့ စာရင်းရှိပါတယ်၊ အဲဒီအပေါ်မှာ ရိတ်သိမ်းပြီးတာနဲ့ မြေကွက်တစ်ကွက်ချင်းအလိုက် ဦးပိုင်အလိုက် မှတ်တမ်းတင်ပါတယ် ”**

## ရခိုင်ပြည်နယ်သတင်း

# ပညာတတ်တဲ့သူတွေ များလာတော့ နယ်မြေတည်ငြိမ်အေးချမ်းလာမယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်

**ရခိုင်ပြည်နယ်၌ အဆင့်မြင့်ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများ တိုးပွားလာမှုကြောင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာသင်ဆောင်များ၊ ကျောင်းသား အိပ်ဆောင်များ၊ ဝန်ထမ်းအိမ်ရာများကို လာမည့် ဘဏ္ဍာနှစ်များတွင် တိုးချဲ့တောင်းခံသွားမည်ဖြစ်ကြောင်း အဆင့်မြင့်ပညာဦးစီးဌာနမှ သိရသည်။**


ဒေါက်တာ သိန်းဝင်း


မောင်ဇော်ထက်အောင်


မငွေးငွေးမြင့်


မောင်မောင်လှ


ဆရာမ ဒေါ်မိုးမိုးအောင်


ဒေါက်တာဝင်းနိုင်

အဝေးသင်တက္ကသိုလ် (စစ်တွေဌာနခွဲ)တွင် ၂၀၁၇ ပညာသင်နှစ်အတွက် အနီးကပ် သင်တန်းများနှင့် အတန်းတင်စာမေးပွဲများကို ကျင်းပလျက်ရှိရာ ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ပထမအသုတ်ကိုလည်းကောင်း၊ အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် ဒုတိယအသုတ်နှင့် တတိယအသုတ်တို့ကိုလည်းကောင်း ကျင်းပစစ်ဆေးသွားမည်ဖြစ်သည်။

"ရခိုင်ပြည်နယ်မှာ အဝေးသင်တက္ကသိုလ် တတိယအသုတ်ကို စစ်တွေတက္ကသိုလ်နဲ့ တောင်ကုတ်ဒီဂရီကောလိပ်တို့မှာ သင်ကြားပို့ချလျက်ရှိပါတယ်၊ ဘာသာရပ်အနေဖြင့် မြန်မာစာ၊ သမိုင်း၊ စီးပွားရေးပညာနဲ့ စီးပွားစီမံပညာဘာသာရပ်တွေဖြစ်ပါတယ်၊ ကျောင်းသား ကျောင်းသူတွေကတော့ ပထမနှစ်ကနေ စတုတ္ထနှစ်ထိ ရှိပါတယ်၊ ဒီတတိယအသုတ်မှာဆိုရင် စစ်တွေတက္ကသိုလ်မှာ ကျောင်းသား ကျောင်းသူ ၉၅၂၅ ဦး ရှိပြီးတော့ တောင်ကုတ်ဒီဂရီကောလိပ်မှာ ၅၄၈၈ ဦး ရှိပါတယ်၊ စစ်တွေတက္ကသိုလ်နဲ့ တောင်ကုတ်ဒီဂရီကောလိပ်တို့မှ အစ္စလာမ်ဘာသာဝင် ကျောင်းသား ကျောင်းသူတွေကို စာစစ်ဌာနနှစ်ခုခွဲပြီးတော့ သင်ကြားနေပါတယ်။

"တောင်ကုတ်ဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူတွေကို သံတွဲမြို့မှာ အဝေးသင်ဌာနတစ်ခု ဖွင့်ပြီးတော့ ရခိုင်ပြည်နယ်တောင်ပိုင်းက အစ္စလာမ်ဘာသာဝင် ကျောင်းသား ကျောင်းသူတွေကို သင်ကြားပေးနေပါတယ်၊ ဒီဘက် ရခိုင်ပြည်နယ်မြောက်ပိုင်းက အစ္စလာမ်ဘာသာဝင် ကျောင်းသား ကျောင်းသူတွေအတွက်ကတော့ စစ်တွေမြို့နယ် သက္ကယ်ပြင်အခြေခံပညာအထက်တန်းကျောင်းမှာ သင်ကြားပို့ချပေးနေပါတယ်၊ ကျွန်တော်တို့ သံတွဲအဝေးသင်ဌာနခွဲမှာ မြန်မာစာ၊ သမိုင်းနဲ့ စီးပွားရေးပညာဘာသာရပ်တွေမှာ ပထမနှစ်ကနေ စတုတ္ထနှစ်အထိ ကျောင်းသား ကျောင်းသူ ၅၇ ဦးရှိပါတယ်၊ အဲဒီမှာရှိတဲ့ ကျောင်းသား ကျောင်းသူတွေကို စစ်တွေတက္ကသိုလ်နဲ့ တောင်ကုတ်ဒီဂရီကောလိပ်တို့မှ ဆရာ ဆရာမတွေက သက်ဆိုင်ရာဘာသာရပ်အလိုက် သင်ကြားပို့ချပေးကြပါတယ်၊ ဒီဘက် သက္ကယ်ပြင်အခြေခံပညာအထက်တန်းကျောင်းမှာတော့ မြန်မာစာနဲ့ သမိုင်းဘာသာနှစ်ခုပဲရှိပါတယ်၊ မြန်မာစာ တက်ရောက်သင်ကြားတာ ခုနစ်ဦးရှိပြီးတော့ သမိုင်းကတော့ တစ်ဦးရှိပါတယ်၊ စစ်တွေတက္ကသိုလ်မှာလည်း ကျောင်းသား ကျောင်းသူတွေကများတယ်၊ တန်းခွဲတွေများတယ်။

"နောက်ပြီးတော့ ဒီက ဆရာ ဆရာမတွေကိုလည်း သံတွဲဌာနခွဲကိုပို့ထားရတော့ ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ တက္ကသိုလ်ကျောင်း အသီးသီးက ဆရာ ဆရာမတွေက ဘာသာရပ်အလိုက် ဒီသက္ကယ်ပြင်ကျောင်းမှာလာရောက်သင်ကြားပေးရတာဖြစ်ပါတယ်၊ ကျွန်တော်က အခုစစ်တွေတက္ကသိုလ်မှာ အဝေးသင်တက်နေတဲ့ ကျောင်းသား ကျောင်းသူတွေနဲ့ သက္ကယ်ပြင်ကျောင်းမှာ တက်နေတဲ့ ကျောင်းသား ကျောင်းသူတွေရဲ့ ပညာသင်ကြားမှု အခြေအနေတွေကို လာရောက်ကြည့်ရှုတာဖြစ်ပါတယ်၊ စစ်တွေတက္ကသိုလ် ပါမောက္ခချုပ်ကိုမေးကြည့်တော့ လက်ရှိမှာတော့ အဆင်ပြေနေပါတယ်၊ ပြည်နယ်အစိုးရကလည်း ကူညီပံ့ပိုးမှုတွေလုပ်ပေးပါတယ်၊ ကျွန်တော်တို့ဘက်ကလည်း ဒီဆရာ ဆရာမတွေရဲ့သွားလာရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ကားလေးစီးကို ပေးထားပါတယ်၊ အဲဒါတွေနဲ့ ဆရာ ဆရာမတွေရဲ့ သွားလာရေး၊ သင်ကြားရေးတို့ကို အဆင်ပြေအောင် ဆောင်ရွက်ပေးနေပါတယ်။

"အရင်ကတော့ ဒီအစ္စလာမ်ဘာသာဝင်ကျောင်းသား ကျောင်းသူတွေက စစ်တွေတက္ကသိုလ်မှာ တက်ရောက်တဲ့အခါ အခက်အခဲတွေရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့က သူတို့ရဲ့ပညာရေး မနစ်နာမဆုံးရှုံးရအောင်၊ သူတို့တွေလည်းပညာသင်လို့ရအောင် အဝေးသင်ဌာနခွဲလေးတစ်ခုကို စီစဉ် ဆောင်ရွက်ပေးတာဖြစ်ပါတယ်၊ ဒါပေမယ့် သံတွဲခရိုင်ကကျတော့ ပြီးခဲ့တဲ့ သုံးနှစ်လောက်ကတည်းက စတင်အကောင်အထည်ဖော်နေပါပြီ၊ သူတို့ဘက်ကလည်း ဒီပညာရေးကို နစ်နာမှုမရှိအောင် သာတူညီမျှဖြစ်အောင်အတွက် ရှေ့ဆက်ပြီး တက်ရောက်သင်ကြားသွားမယ်ဆိုရင် ကျွန်တော်တို့ဘက်က ဒီထက်ကောင်းမွန်တဲ့ အခြေအနေတစ်ခုကို ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်၊ ဒီရခိုင်ပြည်နယ်မှာက နှစ်စဉ် တက္ကသိုလ်ဝင်တန်းအောင်မြင်မှုတွေ များလာတာနဲ့အမျှ တက္ကသိုလ်ကျောင်းတွေမှာ လိုအပ်ချက်တွေများလာတယ်၊ နောက်ပြီးတော့ နေ့တက်ကျောင်းသားထက် အဝေးသင်ကျောင်းသားတွေက ပိုများလာတာကိုတွေ့ရတယ်။

"အဝေးသင်ကျောင်းသားတွေ ကျောင်းလာတက်တဲ့အခါ စာသင်ဆောင်တို့၊ အိပ်ဆောင်တို့ လိုအပ်ချက်တွေ တွေ့ရပါတယ်၊ ဒါတွေကို ကျွန်တော်တို့ လာမယ့် ဘဏ္ဍာနှစ်တွေမှာ နိုင်ငံတော်ရဲ့ ဘတ်ဂျက်ပံ့ပိုးမှုအပေါ် မူတည်ပြီးတော့ ရသလောက် ရခိုင်ပြည်နယ်တိုးတက်ဖွံ့ဖြိုးရေးအတွက် စာသင်ခန်းတွေ၊ ကျောင်းသားအိပ်ဆောင်တွေ၊ ဝန်ထမ်းအိမ်ရာတွေကို ဖြည့်ဆည်းသွားပါမယ်"ဟု အဆင့်မြင့်ပညာ ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သိန်းဝင်းက ပြောသည်။

စစ်တွေမြို့နယ် သက္ကယ်ပြင်အဝေးသင်ဌာနခွဲတွင် မြန်မာစာအထူးပြုဘာသာရပ်ဖြင့် ပထမနှစ် သင်ကြားနေသည့် စစ်တွေမြို့နယ် သဲချောင်းကယ်ဆယ်ရေးစခန်းမှ မောင်ဇော်ထက်အောင်က "ကျွန်တော်တို့ကို ဒီမှာလာပြီးတော့ စာသင်ပေးတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်၊ အစကတော့ တက္ကသိုလ်ပညာကိုမသင်ရတော့ဘူးပေါ့၊ ဒါပေမယ့် အခုဒီမှာလာပြီး ဆရာဆရာမတွေက သင်ကြားပေးတော့ ဝမ်းသာပါတယ်၊ ကျွန်တော်တက္ကသိုလ်ပညာကို သင်ခွင့်ရပြီဆိုပြီး အလွန်ပျော်ရွှင်နေမိပါတယ်၊ ဆရာ ဆရာမတွေက ဂရုတစိုက် သင်ပေးကြပါတယ်၊ ဒါကြောင့် ဆရာ ဆရာမတွေနဲ့ ပညာသင်ကြားခွင့်ရအောင် ကူညီပေးကြတဲ့သူတွေကို ကျေးဇူးတင်ပါတယ်၊ အခု ကျွန်တော်တို့ တက္ကသိုလ်တက်လို့ရနေကြပါပြီ၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ထားတဲ့ ကျွန်တော်တို့ ညီတွေ၊ အစ်ကိုတွေ၊ အစ်မတွေလည်း တက္ကသိုလ်တက်ရောက်ခွင့်လျှောက်ထားပြီး တက္ကသိုလ်ပညာကို သင်ကြားကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု ပြောသည်။

စစ်တွေမြို့နယ် အုန်းတောကြီး ကယ်ဆယ်ရေးစခန်းတွင် နေထိုင်ပြီး မြန်မာစာအထူးပြုဘာသာဖြင့် ပထမနှစ်သင်ယူနေသည့် မငွေးငွေးမြင့်က "ဒီလိုကျွန်မတို့နေတဲ့နေရာမှာ သင်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကျွန်မတို့က မသင်ရတာကြာပါပြီ၊ အခုလိုတက္ကသိုလ်ပညာကိုသင်ကြားရမယ်လို့လည်း မထင်ထားခဲ့ပါဘူး၊ ဘွဲ့ရပြီးသွားရင်တော့ ဒီမှာအခြေခံပညာကျောင်းတွေမှာ ဆရာမအဖြစ် ဝင်ရောက်လုပ်ကိုင်လိုပါတယ်၊ တခြားကျောင်းသား ကျောင်းသူတွေကိုလည်း အခုလိုလွတ်လွတ်လပ်လပ် သင်ယူလို့ရတဲ့ အချိန်မှာ ဘွဲ့တစ်ခုကို ရရှိအောင်လာရောက်သင်ယူကြပါလို့ ပြောချင်ပါတယ်"ဟု ပြောသည်။

စစ်တွေမြို့နယ် သက္ကယ်ပြင်ကျေးရွာမှ သမိုင်းအထူးပြုဘာသာဖြင့် ပထမနှစ် တက်ရောက်နေသည့် မောင်မောင်လှက "ကျွန်တော်ကတော့ ဒီအဝေးသင်ကျောင်းသားတွေထဲမှာ သမိုင်းဘာသာတစ်ယောက်တည်းဆိုတော့ ဆရာနဲ့အများဆုံးသင်ကြားရတာပေါ့၊ ဆရာတွေကလည်း စေတနာထားပြီး သင်ကြားပေးတော့ အောင်မြင်မယ်လို့ ယုံကြည်ပါတယ်၊ ကျွန်တော်တို့ကို အခုလို စေတနာထားပြီး တက္ကသိုလ်ပညာကို သင်ကြားခွင့်ရအောင် စီစဉ်ဆောင်ရွက်ပေးတဲ့ တာဝန်ရှိတဲ့သူတွေအားလုံးကို အထူးပင်ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

သက္ကယ်ပြင်အဝေးသင်ဌာနခွဲတွင် လာရောက်သင်ကြားပေးနေသော ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာဌာနမှ ဆရာမဒေါ်မိုးမိုးအောင်က "ဒီမှာက ကျောင်းသား ကျောင်းသူ စုစုပေါင်း ရှစ်ယောက်တည်းပါ၊ မြန်မာစာ ခုနစ်ယောက်နဲ့ သမိုင်း တစ်ယောက်ပေါ့၊ သူတို့တွေကို ပုံမှန်ကျောင်းချိန်အတိုင်း သင်ကြားပေးပါတယ်၊ တစ်ချိန်ကို မိနစ် ၅၀ နဲ့ မနက် ၈နာရီကနေ မွန်းလွဲ ၁ နာရီထိ သင်ကြားပေးပါတယ်၊ အခက်အခဲတော့မရှိပါဘူး၊ ပုံမှန်ကျောင်းသားတွေလိုပဲ သင်ကြားပေးပါတယ်" ဟု ပြောသည်။

"နိုင်ငံတော်အနေနဲ့ ရခိုင်ပြည်နယ်မှာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်နေတဲ့အချိန်မှာ ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ ဝိဇ္ဇာ၊ သိပ္ပံပညာရပ်တွေကို သင်ကြားပေးနေတဲ့ တက္ကသိုလ်နဲ့ ဒီဂရီကောလိပ်နှစ်ခုရှိပါတယ်၊ အဲဒီမှာကျောင်းတက်ပြီး နေကြတဲ့ သူတွေရှိသလို အခက်အခဲအမျိုးမျိုးကြောင့် ကျောင်းမတက်ရောက်နိုင်တဲ့ အစ္စလာမ်ဘာသာဝင် ကျောင်းသား ကျောင်းသူတွေအတွက် ယခုနှစ်မှာဆိုရင် စစ်တွေသက္ကယ်ပြင်ရွာမှာ အနီးကပ်သင်တန်းနဲ့ စာမေးပွဲစစ်ပေးမယ်၊ သံတွဲမြို့မှာ အနီးကပ်သင်တန်းနဲ့ စာမေးပွဲစစ်ပေးမယ်၊ ဒါတွေက နှစ်နေရာခွဲပြီးအဆင်ပြေအောင် စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနဲ့ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းတို့ရဲ့ လမ်းညွှန်မှု၊ ပြည်နယ်အစိုးရရဲ့ ပံ့ပိုးကူညီမှုနဲ့ ပူးပေါင်းပြီးတော့ အခုသက္ကယ်ပြင်ရွာမှာ ရန်ကုန်မြို့မှ တက္ကသိုလ်ဆရာ ဆရာမ ခုနစ်ဦးက အနီးကပ် ၁၀ ရက်သင်ကြားပို့ချပေးနေခြင်းဖြစ်ပါတယ်၊ အခုဆိုရင် အစ္စလာမ်ဘာသာဝင်အဝေးသင်ကျောင်းသားတွေအတွက် နှစ်နေရာမှာ အဝေးသင် အနီးကပ်သင်တန်းတွေနဲ့ စာမေးပွဲတွေကိုသင်ကြားပေးနေပါပြီ၊ နောက်ဆိုရင်လည်း တဖြည်းဖြည်းနဲ့ တက်ရောက်လာမယ့် ကျောင်းသားတွေများလာမယ်၊ ပိုပြီးတော့ ဒီဒေသကလူတွေ အသိအမြင် ဗဟုသုတတွေ တိုးပွားလာမယ်၊ ပိုပြီးတော့ ဖွံ့ဖြိုးတိုးတက်လာမယ်၊ ပညာတတ်တဲ့သူတွေ များလာတော့ နယ်မြေတည်ငြိမ်အေးချမ်းလာမယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်"ဟု စစ်တွေတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဝင်းနိုင်က ပြောသည်။

**သတင်း-တင်ထွန်း(ပြန်/ဆက်)**
**ဓာတ်ပုံ-ကံထွန်း**

»» စာမျက်နှာ ၁၀ မှ

**မေး။ ။ ဘယ်လိုပုံစံမျိုး ပူးပေါင်းပါဝင် ဆောင်ရွက်နေပါသလဲ။**

ဖြေ။ ။ ကျွန်တော်တို့က စက်မှုလယ်ယာက ရိတ်သိမ်းပြီး စပါးတွေကို လှန်းမယ့်နေရာအထိ ပို့ပေးမယ်၊ ကျွန်တော်တို့ စိုက်ပျိုးရေးဦးစီးဌာနက စပါးလှန်းတာနဲ့ နီးစပ်ရာမှာ သိုလှောင်နိုင်တဲ့အထိ ဆောင်ရွက်ပါမယ်၊ လက်ရှိမှာတော့ ပိတ်ထားတဲ့ကျောင်းတွေမှာ သိုလှောင်ဖို့စီစဉ်ထားပါတယ်၊ အဓိကက အလယ်သံကျော် အခြေခံပညာ အထက်တန်းကျောင်းမှာ စုပုံပါတယ်။

**မေး။ ။ အချို့ပျက်စီးနေတဲ့ စပါးခင်းတွေ တွေ့ရပါတယ်၊ ဘာကြောင့်လဲ။**

ဖြေ။ ။ ဟုတ်ပါတယ်၊ ကျွန်တော်လည်းတွေ့ပါတယ်၊ စောစောရိတ်ရမယ့်နေရာမှာ မရိတ်တော့ ဆားငန်ငွေ့ရိုက်တာ၊ ရိတ်သိမ်းချိန်လွန်လို့ ပျက်စီးသွားတာပါ၊ ရာသီဥတုကောင်းနေချိန်မှာတော့ စုပုံထားတဲ့ စပါးတွေကို ရှိတဲ့ တာလပတ်စတွေ အုပ်ထားတယ်၊ မိုးလေဝသအခြေအနေသာ တစ်ခုခုဖြစ်ရင် အနှောင့်အယှက် ဖြစ်မှာပါ၊ ဒါပေမယ့် ကျွန်တော်တို့ကတော့ ရိတ်သိမ်းပြီးသားစပါးတွေ အမိုးအကာအောက်ကို ကောင်းကောင်းမွန်မွန် ရောက်ရှိအောင် ဦးစားပေးဆောင်ရွက်ပါမယ်။

**ဦးမောင်မောင်ကျော်ဝင်း (ဌာနမှူး)**
**လယ်ယာမြေစီမံခန့်ခွဲမှုနှင့် မြေစာရင်းဦးစီးဌာန၊ မောင်တောမြို့**

**မေး။ ။လယ်ယာမြေစီမံခန့်ခွဲမှုနှင့် မြေစာရင်းဦးစီးဌာနအနေနဲ့ အခုလို ရင့်မှည့်နေတဲ့ ရိတ်သိမ်းသူမဲ့ စပါးတွေ ရိတ်သိမ်းနေမှုအပေါ် ဘယ်လိုများ ပူးပေါင်းပါဝင်ပါသလဲ။**

ဖြေ။ ။ ကျွန်တော်တို့ ဌာနအနေနဲ့ ရိတ်သိမ်းသူမဲ့စပါးတွေနဲ့ တိုင်းရင်းသားလယ်တွေကို ခွဲခြားပြသတယ်၊ ကျွန်တော်တို့ပြသတဲ့ ရိတ်သိမ်းသူမဲ့ လယ်မြေတွေမှာ စက်မှုလယ်ယာကနေ ရိတ်သိမ်းတယ်၊ ရိတ်သိမ်းပြီးတဲ့ အချိန်မှာ ဦးပိုင်အလိုက် တစ်ကွင်းချင်း၊ တစ်ဦးချင်း စာရင်းတွေပြုစုပြီး အထွက်နှုန်း၊ အထွက်တွေကို စာရင်းပြုစုပေးတယ်၊ ကျွန်တော်တို့က မြေခွန် စည်းကြပ်ထားတဲ့အတွက် အမည်ပေါက် စာရင်းတွေရှိတယ်၊ အဲဒါတွေကြည့်ပြီး ဘယ်သူက ဘယ်လောက်ပိုင်တယ်ဆိုတဲ့ စာရင်းရှိပါတယ်၊ အဲဒီအပေါ်မှာ ရိတ်သိမ်းပြီးတာနဲ့ မြေကွက်တစ်ကွက်ချင်းအလိုက် ဦးပိုင်အလိုက် မှတ်တမ်းတင်ပါတယ်။

**မေး။ ။ ပျက်စီးဆုံးရှုံးတဲ့ စပါးတွေ၊ ရိတ်သိမ်းခြင်းမပြုနိုင်တဲ့ စပါးတွေကို ဘယ်လိုမျိုးမှတ်တမ်းတင်ပါသလဲ။**

ဖြေ။ ။ ဒါက ကျွန်တော်တို့အနေနဲ့ ရိတ်သိမ်းပြီးစီးတဲ့ စပါးအပေါ်မှာပဲ ရိတ်သိမ်းတာကို စာရင်းကောက်လိုက်ရင် ကျန်တာက မရိတ်နိုင်တာနဲ့ ပျက်စီးတာပါ။

**မေး။ ။ တိုင်းရင်းသား လယ်တွေကော ရိတ်သိမ်းပေးပါသလား။**

ဖြေ။ ။ ရိတ်သိမ်းသူမဲ့ စပါးတွေပဲ ဦးစားပေးရိတ်နေတာပါ၊ ပိုင်ရှင်ရှိတာကိုတော့ ကျွန်တော်တို့ မရိတ်သိမ်းပေးပါဘူး။

**တွေ့ဆုံမေးမြန်း-သတင်းအဖွဲ့**
**ဓာတ်ပုံ-ဖိုးထောင်**

# ကသာမြို့ အထက(၁)၌ ကလေးစာပေပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

**ကသာ နိုဝင်ဘာ ၁၂**
ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကသာခရိုင်ရုံးမှ ကြီးမှူးကျင်းပသော ကလေးစာပေပွဲတော်၊ ကလေးစာပေနှင့်စာအုပ်ဈေးရောင်းပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကသာမြို့ အထက(၁)၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးဦးဝင်းမြိုင်၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင့်ဝေသုံနှင့် ကျောင်းသား ကျောင်းသူများက ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကလေးစာပေပွဲတော်ကို ကသာမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက "ကလေးစာပေပွဲတော် Theme Song "သီချင်းဖြင့် တေးသရုပ်ဖော်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌဦးသန်းက အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းမြိုင်က ကလေးစာပေပွဲတော်နှင့်ပတ်သက်သည်များ ရှင်းလင်းပြောကြားပြီး ကသာခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင့်ဝေသုံက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍(တောင်ပေါ်)ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက "ဒို့ပြေ၊ဒို့မြေ၊ဒို့ဌာနေ" သီချင်းဖြင့် လည်းကောင်း၊ အထကခွဲ(၁)မှ ကျောင်းသား ကျောင်းသူများက "လီဆူးရိုးရာအက"ဖြင့်လည်းကောင်း၊ အမက(၄)ကျောင်းသား ကျောင်းသူများက ကရင်အကဖြင့်လည်းကောင်း၊ အထက(၃)ကျောင်းသား ကျောင်းသူများက "မိုးဇာဗျော" အကဖြင့်လည်းကောင်း၊ ပညာတံခွန်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "သဘင်သည်မနှင်းဆီ" အကဖြင့် လည်းကောင်း၊ အထက(၁)မှ ကျောင်းသား ကျောင်းသူများက တစ်ပင်တိုင်အက၊ ကဗျာလွတ်အကဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသည့် ကလေးစာပေပြခန်းများနှင့် စာအုပ်အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

ကသာမြို့ကလေးစာပေပွဲတော်ကို နိုဝင်ဘာ ၁၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပွဲတော်ရက်အတွင်း ဖျော်ဖြေရေးအစီအစဉ်များ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ကျပန်းစကားပြောပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ဂိမ်းကစားပွဲများ၊ ပန်းချီပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။**ကျော်ခဲ ( ပြန်ဆက်/ထီးချိုင့်)**




# ကရင်စာပေယဉ်ကျေးမှုသင်ကြားရေး အလုပ်ရုံဆွေးနွေး

**ကျောက်တံခါး နိုဝင်ဘာ ၁၂**
ပဲခူးခရိုင် ကျောက်တံခါးမြို့နယ် (အရှေ့ခြမ်း)ကရင်စာပေယဉ်ကျေးမှုသင်ကြားရေး အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီတွင် ဖျုံတလင်းကျေးရွာ (အလကခွဲ) ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကရင်စာပေယဉ်ကျေးမှုကော်မတီနာယက ဦးစောပီသိန်းက အဖွင့်အမှာစကား ပြောကြားပြီး ကရင်စာပေယဉ်ကျေးမှုကော်မတီဝင်များက ကရင်စာပေယဉ်ကျေးမှုနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးကြသည်။

ကရင်စာပေသင်ကြားရေးတာဝန်ခံဆရာ ဆရာမများက သင်ကြားရာတွင် တွေ့ရှိရသော အခက်အခဲများ၊ လိုအပ်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို မြို့နယ်အတွင်း အရှေ့ခြမ်းနှင့်အနောက်ခြမ်းဟူ၍ ခွဲခြမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အရှေ့ခြမ်းအနေဖြင့် ယခုကဲ့သို့ ဆောင်ရွက်ခြင်းမှာ (၅)ကြိမ်ရှိပြီဖြစ်ကြောင်း ကရင်စာပေယဉ်ကျေးမှုကော်မတီဝင် (အငြိမ်းစား) ကျောင်းအုပ်ဆရာမကြီးဒေါ်လှဝင်းက ပြောကြားသည်။

မြို့နယ်အတွင်းတွင် ကရင် စာပေကို မနက်ကျောင်းမတက်မီအချိန်နှင့် ညနေကျောင်းဆင်းပြီး ချိန်များတွင် သင်ကြားခြင်းဖြစ်ပြီး ကျောင်းသား ၅၀၀၀ ခန့်ရှိကြောင်း သိရသည်။
**မြို့နယ်(ပြန်/ဆက်)**

# စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းတွင် သုတ၊ ရသစာအုပ်များအပြင် ကမ္ဘာ့ခေါင်းဆောင်ကြီးများ၏ ရှားပါးမှတ်တမ်းစာအုပ်များကိုလည်း ရောင်းချပေးလျက်ရှိ



**ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ Yangon Book Street စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းတွင် ရောင်းသူ၊ ဝယ်သူများ၊ လေ့လာသူများဖြင့် စည်ကားလျက်ရှိစဉ်။**

**ရန်ကုန် နိုဝင်ဘာ ၁၂**
ပြန်ကြားရေးဝန်ကြီးဌာနက စာအုပ်စာပေဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့၏ ပူးပေါင်းကူညီမှုဖြင့် ဒုတိယအကြိမ်မြောက် Yangon Book Street စနေ-တနင်္ဂနွေနေ့ ရန်ကုန်စာအုပ်လမ်းကို ဆိုင်ခန်းပေါင်း ၁၇၀ ခန့်ဖြင့် ဖွင့်လှစ်ရောင်းချလျက်ရှိရာ ရောင်းသူဝယ်သူစာဖတ်သူများ ဆွေးနွေး နေမှု၊ စာချစ်သူလူကြီးလူငယ်အားလုံးက မိမိတို့လေ့လာလိုသည့် စာအုပ်ကောင်းရရှိရေးအတွက် စိတ်ကြိုက်ရွေးချယ်ရှာဖွေနေမှု၊ ရေးသူ၊ ထုတ်လုပ်ဖြန့်ချိရောင်းချသူများက စာပေမြတ်နိုးသူများအား စာအုပ်အကြောင်းကို စိတ်ရှည်စွာရှင်းလင်းပြသနေမှုတို့ဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ရန်ကုန်စာအုပ်လမ်းသို့စာအုပ်လာဝယ်သူ ဦးမောင်မောင်က "အခုလို စာအုပ်ပေါင်းစုံကို တစုတဝေးတည်းဝယ်ယူရရှိနိုင်အောင် ဆောင်ရွက်ပေးကြတဲ့တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ အရင်ကဆိုရင် ကိုယ်ဝယ်ချင်တဲ့စာအုပ်ကို ဟိုဆိုင်လိုက်မေးရ၊ ဒီဆိုင်လိုက်မေးရနဲ့ တော်တော်နဲ့ ရှာမတွေ့ခဲ့ပါဘူး။အခုဒီမှာတစုတဝေးတည်းစာအုပ်တွေကို ခင်းကျင်းရောင်းချနေတာတွေ့ရတဲ့အတွက် ကိုယ်လိုချင်တဲ့စာအုပ်ကို ရှာရတာလွယ်ကူတာပေါ့" ဟု ပြောသည်။

စာအုပ်လာရောင်းချသူတစ်ဦးကလည်း "အရင်ကဆို လမ်းဘေးမှာ ရောင်းချရတော့ လူသွားလူလာနည်းတဲ့အတွက် စာအုပ်အနည်းအကျဉ်းသာ ရောင်းချခဲ့ရပါတယ်။ကျွန်တော့်ဆိုင်မှာ ၂၀၀တန်၊ ၅၀၀တန်၊ ၁၀၀၀ တန်စာအုပ်အဟောင်းတွေကို ရောင်းချပါတယ်။ အခုဒီမှာ လွတ်လွတ်လပ်လပ်ရောင်းချရတဲ့အတွက် စာပေချစ်မြတ်နိုးသူတွေ လာရောက်ဝယ်ယူအားပေးကြတယ်၊ ရောင်းအားလည်းတက်လာပါတယ်"ဟု ပြောသည်။

ရန်ကုန်စာအုပ်လမ်းတွင် စာပေချစ်မြတ်နိုးသူ ပရိသတ်များအတွက် ဘာသာရပ်မျိုးစုံစာအုပ်များ၊ သုတရသအဟောင်းအသစ်လုံးချင်းဝတ္ထုတို၊ ဝတ္ထုရှည်စာအုပ်များ၊ ကမ္ဘာ့ခေါင်းဆောင်များ၏ သမိုင်းဝင်စာအုပ်များနှင့် မှတ်တမ်းဓာတ်ပုံများ၊ ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုဆိုင်ရာ သုတရသစာအုပ်များ၊ ဆေးပညာဆိုင်ရာစာအုပ်များ၊ အင်္ဂလိပ်-မြန်မာ အဘိဓာန်စာအုပ်များ၊ ပုံပြင်စာအုပ်မျိုးစုံ၊ ဗေဒင်စာအုပ်မျိုးစုံ၊ ရှေးယခင်က သုံးစွဲခဲ့သောပိုက်ဆံ၊ အကြွေစေ့မျိုးစုံစသည်တို့အပြင် မြန်မာမှုလက်မှုပစ္စည်းများ၊ ပန်းချီကားများ၊မြန်မာစာတန်းဖြင့် ရိုက်နှိပ်ထားသော စပို့ရှပ်အင်္ကျီများနှင့် လွယ်အိတ်မျိုးစုံတို့ကိုတစုတဝေးတည်းခင်းကျင်းရောင်းချလျက်ရှိသည့်အပြင် Save The Library စာကြည့်တိုက်များကွန်ရက်အဖွဲ့က စီစဉ်၍စာဖတ်သူများ စကားဝိုင်း၌စာအုပ်များအကြောင်းကိုတာဝန်ရှိသူများကဆွေးနွေးဟောပြောခြင်းနှင့် ပန်းချီဆရာများက အမှတ်တရပုံတူရုပ်ပြောင် ကယ်ရီကေးချား ရေးဆွဲပေးခြင်းနှင့် စာရေးဆရာမဒေါ်သန်းမြင့်အောင်၏ စာအုပ်လက်မှတ်ရေးထိုးခြင်းနှင့် ဟောပြောခြင်းတို့ကိုလည်း ပြုလုပ်သည်။

အကြံ့ဉာဏ်ကောင်း၊ ရည်ရွယ်ချက်ကောင်းတို့ဖြင့် စနေ-တနင်္ဂနွေစာအုပ်လမ်းကိုသိမ်ဖြူလမ်းဝန်ကြီးများရုံးရှေ့၊ ဗဟိုပုံနှိပ်စက်ရုံရှေ့၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရန်ကုန်ရုံးခွဲ)ရှေ့နှင့် ဗဟိုပုံနှိပ်တိုက်၏အနောက်ရထားလမ်းဘက်ခြမ်းတို့တွင် ဖွင့်လှစ်ပေးထားကြောင်း သိရသည်။
**သတင်းစဉ်**




## စာပေညီလာခံကျင်းပရေး ဗဟိုကော်မတီ စာပေညီလာခံ ၂၀၁၇ စာနယ်ဇင်း ရှင်းလင်းပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၂**
စာပေညီလာခံ ၂၀၁၇ ကျင်းပရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်း ကူညီပေးကြသည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအား ဂုဏ်ပြုမှတ်တမ်းတင်ခြင်းနှင့် စာနယ်ဇင်းရှင်းလင်းပွဲကို နိုဝင်ဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ရန်ကုန်မြို့တော်ခန်းမ (ပထမထပ် ခန်းမဆောင်)၌ ကျင်းပမည်ဖြစ်သဖြင့် စာရေးဆရာများ၊ ကဗျာဆရာများ၊ စာနယ်ဇင်းမှ တာဝန်ရှိသူများ၊ စိတ်ပါဝင်စားသူများ မပျက်မကွက် တက်ရောက်ကြပါရန် စာပေညီလာခံ ၂၀၁၇ ကျင်းပရေးကော်မတီက ဖိတ်ကြားထားကြောင်း သိရသည်။
**သတင်းစဉ်**

## အထောက်အထားမဲ့ တရုတ်နိုင်ငံလုပ် မုန့်မျိုးစုံ သယ်ဆောင်လာမှု ရေပူစစ်ဆေးရေးစခန်းတွင် သိမ်းဆည်းရမိ

**ရန်ကုန် နိုဝင်ဘာ ၁၂**
တရားမဝင် ကုန်စည်များ ထိန်းချုပ်ဆောင်ရွက်ရေးအတွက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဖွင့်လှစ်စစ်ဆေးလျက်ရှိရာ နိုဝင်ဘာ ၁၁ ရက်က မန္တလေးသို့ သွားရောက်မည့် UD 6 ဘီးယာဉ်တစ်စီးအား ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်မုန့်မျိုးစုံ ဖာ ၅၄၀ နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီးအပါအဝင် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၈ သန်းခန့်)အား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

မူဆယ်မှ မန္တလေးသို့ သွားရောက်မည့် ကုန်တင်ယာဉ်ပေါ်တွင် စာရွက်စာတမ်း အထောက်အထားမဲ့ တရုတ်နိုင်ငံလုပ် မုန့်မျိုးစုံအား တရားမဝင် သယ်ဆောင် လာမှု ရေပူစစ်ဆေးရေးစခန်းတွင် သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန် ဦးစီးဌာနမှ သိရသည်။

အဆိုပါ စစ်ဆေးရေးစခန်း နှစ်ခုတွင် တင်သွင်း/တင်ပို့လာသော ကုန်ပစ္စည်းများအား စစ်ဆေးမှု ပြုလုပ်လျက်ရှိရာ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၁ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ ဒသမ ၅၂၇ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၇၀၃ သန်းခန့်) စုစုပေါင်း ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉ ဒသမ ၂၃၀ သန်းခန့်)အား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။ **(ဝဝ၁)**

# အဏုမြူစွမ်းအင်သုံး စွန့်ပစ်ပစ္စည်းများ သိုလှောင်ရုံ ယူကရိန်းနိုင်ငံတွင် စတင်တည်ဆောက်

**ကီယက်ဗ်ဇ် နိုဝင်ဘာ ၁၂**

အဏုမြူစွမ်းအင်သုံး စွန့်ပစ်ပစ္စည်းများအား သိုလှောင်မည့် အဆောက်အအုံတစ်ခုကို ယူကရိန်းနိုင်ငံက စတင်တည်ဆောက်ကြောင်း၊ ယင်းစွန့်ပစ် အဏုမြူလောင်စာပစ္စည်းသိုလှောင်ရုံကို ပျက်စီးသွားသော ချာနိုဘိုင်းအဏုမြူစွမ်းအင်သုံး ဓာတ်အားထုတ်လုပ်ရေး စက်ရုံအနီးတွင် တည်ဆောက်ခြင်းဖြစ်ကြောင်း ဒေသတွင်းသတင်းဌာနများက နိုဝင်ဘာ ၁၁ ရက်တွင် သတင်းဖော်ပြသည်။

အသုံးပြုပြီး အဏုမြူလောင်စာများ သိုလှောင်ရေး ဗဟိုအဆောက်အအုံ တည်ဆောက်မှုအတွက် ခန့်မှန်းကုန်ကျငွေမှာ အမေရိကန် ဒေါ်လာ သန်း ၁၄၀၀ ဖြစ်ပြီး သိုလှောင်ရုံဝန်းကျင် အချင်းဝက်ကီလိုမီတာ ၃၀ ကို သီးသန့်ဇုန်အဖြစ် ထားရှိမည်ဖြစ်သည်။ ယင်းသိုလှောင်ရုံ၏ ပထမအဆင့် တည်ဆောက်ရေး လုပ်ငန်းသည် ၂၀၁၉ ခုနှစ်တွင် ပြီးစီးမည်ဟု ယူကရိန်းအစိုးရက ပြောကြားသည်။

ယူကရိန်းနိုင်ငံတစ်ဝန်းလုံးရှိ အဏုမြူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများမှ ထွက်ရှိမည့် စွန့်ပစ်အဏုမြူစွမ်းအင်သုံး လောင်စာပစ္စည်းများကို ယင်းသိုလှောင်ရုံတည်ဆောက်ပြီးစီးပါက သိုလှောင်မှုလုပ်ငန်းများ စတင်လုပ်ဆောင်မည်ဖြစ်သည်။

ယူကရိန်းနိုင်ငံတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုပမာဏ၏ ထက်ဝက်ကျော်ကို အဏုမြူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများက ထုတ်လုပ်ပေးနေသည်။ လက်တလောတွင် ယူကရိန်း၌ အဏုမြူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ လေးရုံလည်ပတ်နေပြီး အဏုမြူဓာတ်ပေါင်းဖို ၁၅ လုံးခန့်ရှိသည်။ ချာနိုဘိုင်း အဏုမြူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံဟောင်းသည် မြို့တော်ကီယက်ဗ်ဇ်၏ ကီလိုမီတာ ၁၃၀ အကွာတွင်ရှိပြီး လူ့သမိုင်းတွင် အဆိုးရွားဆုံး အဏုမြူမတော်တဆမှုကြီး ၁၉၈၆ ခုနှစ် ဧပြီ ၂၆ ရက်က ယင်းစက်ရုံတွင် ဖြစ်ပွားခဲ့သည်။

**ဆင်ဟွာ။**






# နေတိုးဦးဆောင်သော တပ်ဖွဲ့များက အာဖဂန်တပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားပေး

**ဟီရက် နိုဝင်ဘာ ၁၂**

အာဖဂန်နစ္စတန် အနောက်ပိုင်း ဟီရက်ပြည်နယ်တွင် အာဖဂန်အမျိုးသားတပ်မတော်မှ တပ်ဖွဲ့ဝင်များအား နေတိုးဦးဆောင်သည့် တပ်ဖွဲ့များက နိုဝင်ဘာ ၁၂ ရက်မှ စတင်ကာ လေ့ကျင့်သင်ကြားပေးမှုများ ပြုလုပ်ကြောင်း အာဖဂန်အနောက်ပိုင်းဒေသ တပ်ဖွဲ့များ၏ တပ်မှူး ဗိုလ်ချုပ်မိုဟာမက် နာဆီယာဟေဒါရက်စ်က ပြောကြားသည်။

အာဖဂန်အမျိုးသား တပ်မတော်မှ ရာပေါင်းများစွာသော တပ်ဖွဲ့ဝင်များအား နေတိုးဦးဆောင်သည့်တပ်ဖွဲ့က တောင်ကုန်းတောင်တန်းဒေသများ၊ လမ်းမများပေါ်နှင့် လူနေရပ်ကွက်များအတွင်း အကြမ်းဖက်သမားများအား တိုက်ခိုက်ချေမှုန်းနည်းများကို လေ့ကျင့်သင်ကြားပေးမည်ဟု ဟေဒါရက်စ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ ယင်းသင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်သည်။

လတ်တလောတွင် တပ်ဖွဲ့ဝင်ဦးရေ ၁၄၀၀၀ ခန့်ရှိသော နေတိုးဦးဆောင်သည့် တပ်ဖွဲ့ဝင်များသည် အာဖဂန်နစ္စတန် လုံခြုံရေးတပ်ဖွဲ့ဝင်များအား သင်တန်းများပို့ချပေးခြင်းနှင့် အကြမ်းဖက်တိုက်ဖျက်ရေး စစ်ဆင်မှုများတွင် အကြံပေးလုပ်ငန်းများကို ထောက်ပံ့လုပ်ဆောင်ပေးလျက်ရှိသည်။

အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားနေသည့် အာဖဂန်နစ္စတန်ရှိ နေတိုးဦးဆောင်သည့် တပ်ဖွဲ့များထံသို့ အမေရိကန်နှင့် နေတိုးအဖွဲ့ဝင်နိုင်ငံများမှ တပ်ဖွဲ့ဝင်ဦးရေ ရာပေါင်းများစွာ စေလွှတ်ပေးဦးမည်ဟု မျှော်လင့်ရသည်။

**ဆင်ဟွာ။**

# ဆီးရီးယား မောင်းသူမဲ့ သူလျှိုလေယာဉ်ကို အစ္စရေးပစ်ချ

**ဂျေရုဆလင် နိုဝင်ဘာ ၁၂**

ဂိုလန်ကုန်းမြင့်ဒေသတွင် ပျံသန်းနေသည့် ဆီးရီးယားမောင်းသူမဲ့လေယာဉ်တစ်စင်းကို နိုဝင်ဘာ ၁၁ ရက်တွင် ပစ်ချခဲ့ကြောင်း အစ္စရေးစစ်ဘက်က ပြောကြားသည်။

၁၉၇၃ ခုနှစ် အာရပ်-အစ္စရေးစစ်ပွဲ ပြီးဆုံးစဉ်ကတည်းက အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ဖြင့် အစ္စရေးနှင့် ဆီးရီးယား တပ်ဖွဲ့များအား ခွဲခြားထားသည့် စစ်မဲ့ဇုန်အပေါ် ပျံဝဲနေသည့် ဆီးရီးယား မောင်းသူမဲ့သူလျှိုလေယာဉ်ကို အစ္စရေးတပ်ဖွဲ့က ပက်ထရီယော့ ဒုံးခွင်းဒုံးဖြင့် ပစ်ချခဲ့ခြင်းဖြစ်သည်။

ယင်းမောင်းသူမဲ့ လေယာဉ်မှာ ရုရှားနိုင်ငံမှ ထုတ်လုပ်သည့် လေယာဉ်ဖြစ်ကြောင်း အစ္စရေးစစ်ဘက်က ရိုက်တာသတင်းဌာနသို့ ကနဦးတွင် ပြောကြားသော်လည်း သက်သေအထောက်အထားပြသနိုင်ခြင်းမရှိပေ။

အစ္စရေးစစ်ဘက်ဆိုင်ရာ သတင်းရင်းမြစ်တစ်ခုက ယင်းလေယာဉ်မှာ ရုရှားနိုင်ငံလုပ် ဟုတ်/မဟုတ် ရှင်းလင်းစွာမသိရှိရကြောင်း နောက်ပိုင်းတွင် ပြောကြားသည်။

ယင်းမောင်းသူမဲ့ လေယာဉ်မှာ တိုက်ခိုက်ရေးအမျိုးအစားမဟုတ်ဘဲ ကင်းလှည့်ထောက်လှမ်းသည့် မောင်းသူမဲ့လေယာဉ်ဖြစ်ကြောင်း၊ ယင်းလေယာဉ်သည် အီရန် သို့မဟုတ် ဟစ်ဇ်ဘိုလာအဖွဲ့နှင့် မည်သို့သော ချိတ်ဆက်မှုရှိသည်ကို မိမိတို့ စုံစမ်းစစ်ဆေးနေကြောင်း အစ္စရေးစစ်ဘက် ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး ယောနသန်ကွမ်ရီကပ်စ်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ယင်းဖြစ်ရပ်နှင့် ပတ်သက်ပြီး အစ္စရေးက လေးနက်စွာ ရှုမြင်သုံးသပ်ပြီး မည်ကဲ့သို့သော ရန်စခြင်းကိုမဆို တုံ့ပြန်သွားမည်ဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီး အဗီဒေါလီဘာမင်က ပြောကြားသည်။

**ရိုက်တာ။**





# တရုတ်ကွန်မြူနစ်ပါတီညီလာခံဆိုင်ရာ မှတ်တမ်းလွှာများနှင့် စာအုပ်များ အရောင်းသွက်

**ဘေဂျင်း နိုဝင်ဘာ ၁၂**

(၁၉) ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ (စီပီစီ) အမျိုးသားပါတီညီလာခံအကြောင်း ရေးသားဖော်ပြထားသည့် မှတ်တမ်းလွှာများနှင့် စာအုပ်ပေါင်း ၇၁ ဒသမ ၇ သန်းအထိ ထုတ်ဝေရောင်းချနိုင်ခဲ့ကြောင်း အာဏာပိုင်များက နိုဝင်ဘာ ၁၁ ရက်တွင် ပြောကြားကြသည်။

အမျိုးသားပါတီညီလာခံဖွင့်ပွဲတွင် တင်သွင်းခဲ့သည့် အစီရင်ခံစာ၊ ပြန်လည်ပြင်ဆင်ထားသော တရုတ်ကွန်မြူနစ်ပါတီ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အဆိုပါအစီရင်ခံစာနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေတို့ဆိုင်ရာ အမေးအဖြေများ ပါဝင်သော မှတ်တမ်းလွှာများနှင့် စာအုပ်များဖြစ်ကြောင်း သိရသည်။

ယင်းမှတ်တမ်းလွှာများနှင့် စာအုပ်များကို တာဝန်ရှိသူများအတွက် ဗဟုသုတထောက်ပံ့မှုဖြစ်စေရန်၊ အများပြည်သူတို့ လေ့လာသိရှိနိုင်ရန်နှင့် အမျိုးသားပါတီညီလာခံ၏ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်၍ ရောင်းချပေးခြင်းဖြစ်ကြောင်း စာနယ်ဇင်း၊ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်း၊ ရေဒီယို၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားဆိုင်ရာ အုပ်ချုပ်ရေးဌာန၏ ပြောကြားချက်အရ သိရသည်။

ပြည်သူ့ပုံနှိပ်တိုက်၊ ပါတီ ပုံနှိပ်တိုက်နှင့် ရွှေကျီ ပုံနှိပ်တိုက်တို့က ပုံနှိပ်ထုတ်ဝေခြင်းဖြစ်သည်။ (၁၉) ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ အမျိုးသားပါတီညီလာခံကို ဘေဂျင်းမြို့တော်၌ အောက်တိုဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့သည်။

**ဆင်ဟွာ။**

# တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်**
**အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ်**
**ပြင်ဆင်သည့်ဥပဒေကြမ်း**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၇၉ ခုနှစ်၊ လ၊ ရက်**
**(၂၀၁၇ ခုနှစ်၊ လ၊ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ပုဒ်မ ၄ ၏ နောက်တွင် ပုဒ်မ ၄-က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"၄-က။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မ ၄ အရ ဖွဲ့စည်းသော ဦးဆောင်အဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။"

၃။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (ဂ)နှင့် ပုဒ်မခွဲ (ဌ) တို့ကိုအောက်ပါအတိုင်းအစားထိုးရမည် -

"(က) တောင်သူလယ်သမားများအတွက် အကျိုးစီးပွားဖြစ်ထွန်းစေသော သီးနှံစိုက်ပျိုးခြင်းနှင့် တိရစ္ဆာန်မွေးမြူခြင်းလုပ်ငန်းတို့ကို သက်ဆိုင်ရာဥပဒေများနှင့်အညီ ထုတ်လုပ်ရောင်းချနိုင်ရန် ကူညီဆောင်ရွက်ခြင်း၊

(ခ) ဒေသနှင့်ကိုက်ညီသော သီးနှံပုံစံနှင့် တိရစ္ဆာန်အမျိုးအစားကို မှန်ကန်စွာရွေးချယ် စိုက်ပျိုးမွေးမြူနိုင်ရန် ပညာပေးခြင်း၊

(ဂ) တောင်သူလယ်သမားများအား စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် မွေးမြူထုတ်လုပ်မှုလုပ်ငန်းအတွက် လိုအပ်သည့်အချိန်၌ ချေးငွေနှင့်အကူအညီများရရှိရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဌ) သဘာဝဘေးအန္တရာယ်ကြောင့် သော်လည်းကောင်း၊ ပိုးမွှားရောဂါကျရောက်မှုနှင့် အခြားအကြောင်းများကြောင့် သော်လည်းကောင်း၊ လယ်ယာမြေနှင့် စိုက်ပျိုးသီးနှံထိခိုက်ပျက်စီးမှုကိုဖြစ်စေ၊ ငါးမွေးကန် သို့မဟုတ် မွေးမြူရေးခြံနှင့် မွေးမြူသည့် တိရစ္ဆာန်ထိခိုက်ပျက်စီးမှုကိုဖြစ်စေ ကြုံတွေ့ရသော လုပ်ကွက်ငယ်တောင်သူလယ်သမားများအား ဦးစားပေး ကူညီထောက်ပံ့ခြင်း၊"

၄။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ပုဒ်မ ၅၊ ပုဒ်မ ခွဲ (ဍ) ၏နောက်တွင် ပုဒ်မခွဲ (ဎ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဎ) လိုအပ်သည့် ဝန်ထမ်းဖွဲ့စည်းမှုရရှိရေး၊ ဝန်ထမ်းအရည်အသွေးနှင့် ကျွမ်းကျင်မှု မြှင့်တင်ရေး၊ လယ်ယာထုတ်ကုန်များအတွက် ကောင်းမွန်သော စိုက်ပျိုးရေးနှင့် မွေးမြူရေး ကျင့်စဉ်လက်မှတ်များနှင့် လိုအပ်သော ထောက်ခံချက်များ ရရှိရေး၊ တောင်သူလယ်သမားများအား ဥပဒေနှင့်အညီ အခွင့်အရေးများ ရရှိရေးဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း"

၅။ "တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၂၃ တွင် ပါရှိသည့် "ကောက်ပဲသီးနှံ" ဆိုသည့် စကားရပ်ကို "လယ်ယာထုတ်ကုန်"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။"

၆။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ခ) ၏နောက်တွင် ပုဒ်မခွဲ (ဂ) အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။"

၇။ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ ပုဒ်မ ၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၇။ ဦးဆောင်အဖွဲ့သည် -

(က) ဤဥပဒေ၏ ရည်ရွယ်ချက်နှင့် ဦးဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် လုပ်ငန်းကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ပြည်ထောင်စုနယ်မြေဆိုင်ရာ အုပ်ချုပ်မှု အဖွဲ့အစည်းတို့မှ သင့်လျော်သော ပုဂ္ဂိုလ်များနှင့် အခြားလုပ်ငန်းဆိုင်ရာ အတွေ့အကြုံရှိသူများဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

(ခ) ပုဒ်မခွဲ(က) အရ ဖွဲ့စည်းသောလုပ်ငန်းကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။"

၈။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ပုဒ်မ ၈ နှင့် စပ်လျဉ်း၍ -

(က) ပုဒ်မခွဲ (က) တွင် ပါရှိသည့် "လွတ်လပ်စွာ" ဆိုသည့် စကားရပ်ကို "သက်ဆိုင်ရာဥပဒေနှင့်အညီ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) သက်ဆိုင်ရာလုပ်ငန်းအလိုက် သင့်တင့်သော စိုက်ပျိုးရေး စရိတ်ချေးငွေ၊ မွေးမြူရေး စရိတ်ချေးငွေများ ချေးယူခွင့်၊"

၉။ "တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ (ဂ) တွင်ပါရှိသည့် "စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ" ဆိုသည့် စကားရပ်ကို "စိုက်ပျိုးမွေးမြူ ထုတ်လုပ်သည့် လယ်ယာထုတ်ကုန်များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။"

၁၀။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ပုဒ်မ ၁၁ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၁၁။ ဦးဆောင်အဖွဲ့သည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လည်းကောင်း၊ မိရိုးဖလာမွေးမြူရေးမှ စနစ်တကျ မွေးမြူရေး လုပ်ကိုင်နိုင်ရေးအတွက် လည်းကောင်း လိုအပ်သော နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ကို ညှိနှိုင်းဆောင်ရွက်ပေးရမည်။"

၁၁။ "တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ပုဒ်မ ၁၃ တွင် ပါရှိသည့် "နှစ်ပေါက်" ဆိုသည့် စကားရပ်ကို "နှစ်စဉ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၂။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ပုဒ်မ ၁၆ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၁၆။ ဦးဆောင်အဖွဲ့သည် -

(က) ချေးငွေ၊ အကူအညီ၊ အထောက်အပံ့နှင့် သင့်တင့်သော အရင်းအနှီးများကို တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ခံစားခွင့်ရှိသည့် တောင်သူလယ်သမားများ လက်ဝယ်သို့ အပြည့်အဝရရှိစေရန် စီမံဆောင်ရွက်ရမည်။

(ခ) အစိုးရသတ်မှတ်ခွင့်ပြုသည့် ဘဏ် သို့မဟုတ် တောင်သူလယ်သမားများ အကျိုးစီးပွားအလို့ငှာ ချေးငွေလုပ်ငန်း ဆောင်ရွက်ရန် အထူးကိစ္စရပ်အဖြစ် စည်းမျဉ်းစည်းကမ်းများနှင့်အညီ အစိုးရက သတ်မှတ်ခွင့်ပြုသည့် ကုမ္ပဏီ၊ အသင်းအဖွဲ့အစည်းများမှ နှစ်စဉ်၊ နှစ်တိုနှင့် နှစ်ရှည် ချေးငွေများထုတ်ချေးခြင်း၊ ပြန်လည် ပေးဆပ်ခြင်းတို့ကို လိုအပ်ပါက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရမည်။"

၁၃။ "တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပုဒ်မ ၁၈ တွင်ပါရှိသည့် မျိုးစေ့ဆိုသည့် စကားရပ်၏ရှေ့၌ "မျိုး၊" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။"

၁၄။ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ပုဂ္ဂလိကကဏ္ဍမှ အရည်အသွေးမီသည့် မျိုးနှင့် မျိုးစေ့သုတေသန လုပ်ငန်းနှင့် ထုတ်လုပ်သည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးကို အားပေးကူညီခြင်း၊"

၁၅။ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(င) တောင်သူလယ်သမားများ လိုအပ်သော လယ်ယာလုပ်ငန်းသုံးနှင့် မွေးမြူရေးလုပ်ငန်းသုံးစက်ကိရိယာနှင့် ပစ္စည်းများကို အရစ်ကျဝယ်ယူရရှိနိုင်ရေးအတွက် သက်ဆိုင်ရာ ငွေရေး ကြေးရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊"

၁၆။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(စ) ၏နောက်တွင် ပုဒ်မခွဲ(ဆ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဆ) မွေးမြူရေးအစာနှင့် ဆေးဝါးများထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ပြုပြင်ခြင်း၊ ထုပ်ပိုးခြင်း သို့မဟုတ် ရောင်းချခြင်း ပြုလုပ်ရာတွင် စံချိန်စံညွှန်းနှင့်ကိုက်ညီ၍ အန္တရာယ်ကင်းရှင်းပြီး သုံးစွဲခွင့်ရှိကြောင်း အာမခံချက်ပါရှိရေးနှင့် သင့်တင့်မျှတသော ဈေးနှုန်းဖြင့် လွယ်ကူစွာ ဝယ်ယူသုံးစွဲနိုင်ရေးတို့ကို ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊"

၁၇။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ပုဒ်မ ၂၇ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၂၇။ မည်သူမဆို တောင်သူလယ်သမားများအား ဤဥပဒေအရ ထုတ်ချေးသောချေးငွေ၊ ပေးအပ်သော အကူအညီနှင့် အထောက်အပံ့များ သို့မဟုတ် ယင်းတို့နှင့်ပတ်သက်သော စီမံခန့်ခွဲပိုင်ခွင့်ကို တစ်နည်းနည်းဖြင့် ယုံကြည်အပ်နှံခြင်းခံရသည်တွင် အဆိုပါထုတ်ချေးသောချေးငွေ၊ ပေးအပ်သောအကူအညီနှင့် အထောက်အပံ့များ သို့မဟုတ် ယင်းတို့နှင့်ပတ်သက်သော စီမံခန့်ခွဲပိုင်ခွင့်ကို မရိုးမဖြောင့်သောသဘောဖြင့် သုံးစွဲခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်းပြုလျှင် ထိုသူသည် ဥပဒေအရ အရေးယူခြင်းခံရမည်။"

၁၈။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပုဒ်မ ၂၇ ၏ နောက်တွင် ပုဒ်မ ၂၇-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၂၇-က။ ဤဥပဒေအရ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့သည် ဦးဆောင်အဖွဲ့သို့လည်းကောင်း၊ ဦးဆောင်အဖွဲ့သည် အစိုးရအဖွဲ့သို့ လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ပြုစုတင်ပြရမည်။"

၁၉။ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ ပုဒ်မ ၂၈ တွင် ပါရှိသော "လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၀။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပုဒ်မ ၂၉၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ဦးဆောင်အဖွဲ့နှင့် ညှိနှိုင်းရေးဆွဲပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။"

---

# မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ချေးငွေဖြင့် ဝယ်ယူသော လယ်ယာသုံးစက်ကိရိယာများ တောင်သူများထံပေးအပ်

**မုံရွာ နိုဝင်ဘာ ၁၂**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် JICA တို့ပူးပေါင်းပြီး ပထမအကြိမ်ချေးငွေဖြင့် အရစ်ကျရောင်းချပေးသော လယ်ယာသုံးစက်ကိရိယာများအား တောင်သူများသို့ လွှဲပြောင်းပေးအပ်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမ၌ နိုဝင်ဘာ ၁၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ ဘက်ညီစွာတိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍ လျာထားချက်ညီသည့် စီးပွားရေးပုံစံဖော်ထုတ်ရန်၊ တောင်သူများသို့ ကာလရှည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ချေးငွေများအလွယ်တကူရရှိစေရန်၊ လယ်ယာကဏ္ဍကို အခြေခံသောစီးပွားရေးကဏ္ဍ၏ ကုန်ထုတ်လုပ်မှု စွမ်းအားများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကျေးလက်ဒေသနှင့်မြို့ပြဒေသဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာမှုကို အထောက်အကူဖြစ်စေရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် JICA တို့ ချိတ်ဆက်ပြီး တောင်သူများသို့ ပထမအကြိမ် ချေးငွေများပေးအပ်ခြင်း ဖြစ်ကြောင်း သိရသည်။

"ပထမအကြိမ်ချေးငွေနဲ့ ရောင်းချပေးတာဖြစ်တဲ့အတွက် ဝယ်ယူတဲ့တောင်သူအရေအတွက် နည်းပါတယ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရဲ့ချေးငွေနဲ့ လယ်ယာသုံးစက်ကိရိယာတွေ ဝယ်ယူလိုတဲ့ တောင်သူတွေ အနေနဲ့ မြေယာပိုင်ဆိုင်မှုပုံစံ(၇)ပါရှိရပါမယ်၊ အနည်းဆုံး လယ်မြေဧက ၁၀ ဧကပိုင်ဆိုင်မှု ရှိရပါမယ်၊ ဝယ်ယူလိုတဲ့ စက်ကိရိယာ တန်ဖိုးရဲ့ ၃၀ ရာခိုင်နှုန်းကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှာ ကြိုတင်စုဆောင်းထားရှိရမှာဖြစ်ပြီး သက်ဆိုင်ရာမြို့နယ်တွေမှာရှိတဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွေနဲ့ ချိတ်ဆက်ပြီး အတိုး ရှစ်ရာခိုင်နှုန်းနဲ့ ချေးငွေရယူ၍ ဝယ်ယူနိုင်ပြီး ချေးငွေများကို ငါးနှစ် ငါးရစ်နဲ့ ပြန်လည်ပေးဆပ်ရမှာဖြစ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တိုင်းဒေသကြီး မန်နေဂျာ ဦးမျိုးမြင့်ဦးက ပြောသည်။

အဆိုပါအခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်းရှိ ရွှေဘို၊ ခင်ဦး၊ တန့်ဆည်မြို့နယ်များရှိ တောင်သူ သုံးဦးက ဝယ်ယူသော ကူဘိုတာ ရိတ်သိမ်းခြွေလှေ့စက် နှစ်စီးနှင့် မြင်းကောင်ရေ ၆၀ ရှိ ကူဘိုတာ ထွန်စက် တစ်စီး၊ ကသာခရိုင် ပင်လည်ဘူး မြို့နယ်မှ တောင်သူသုံးဦးက ဝယ်ယူသော မြင်းကောင်ရေ ၇၀ ရှိ ကူဘိုတာ ထွန်စက်ကြီး သုံးစီးတို့အား တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဓေယျာတိုင်း)**

## မြစ်ကြီးနားမြို့တွင်းလမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား နိုဝင်ဘာ ၁၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် မြို့တွင်းလမ်းများကို မြို့အင်္ဂါရပ်နှင့်အညီ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုနှင့် လမ်းလယ်မီးတိုင်များ စိုက်ထူနေမှုတို့ကို နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမှတ် (၁) ရဲစခန်းရှေ့၌ သခင်နက်ဖေလမ်းတစ်လျှောက် စီတာပူရပ်ကွက် မီးပွိုင့်မှ မြို့မရပ်ကွက် ပြည်နယ်မီးသတ်ရုံးအထိ လမ်းလယ်မီးတိုင်များ စိုက်ထူနေမှုနှင့် ၄၀၀ ဗို့အား မြေမြှုပ်မီးလိုင်းများ ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး ခရေပင်လမ်း၊ ဈေးကြီးလမ်းနှင့် သခင်နက်ဖေလမ်းတစ်လျှောက် ကတ္တရာလမ်းခင်းကျင်းနေမှုနှင့် လမ်းဘေး ဝဲ/ ယာ ရေနုတ်မြောင်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အောင်နန်းရပ်ကွက် အ-ထ-က(၂)ကျောင်းအနီး လမ်းတိုးချဲ့၍ ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်မည့်အခြေအနေနှင့် လမ်းအဝိုင်းပတ်ဆောင်ရွက်မည့်အခြေအနေတို့ကို ကြည့်ရှု စစ်ဆေးပြီး ဇရာရပ်ကွက် ဆမားလမ်းတစ်လျှောက် လမ်းဦးစီးဌာနမှရေနုတ်မြောင်းဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က မြို့အင်္ဂါရပ်နှင့်အညီ အဆင့်မြှင့်တင် ဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်၍ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။ **ပြည်နယ်ပြန်/ဆက်**





## ငြိမ်းချမ်းရေးလှုပ်ရှားမှု ရက်သတ္တပတ် အမျိုးသမီးအခွင့်အရေး စကားဝိုင်းဆွေးနွေး

**ချမ်းအေးသာစံ နိုဝင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီက ကြီးမှူးကျင်းပသော ငြိမ်းချမ်းရေးလှုပ်ရှားမှု ရက်သတ္တပတ် အမျိုးသမီးအခွင့်အရေးနှင့် ငြိမ်းချမ်းရေး စကားဝိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၁၁ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်(၇၈) လမ်းနှင့် (၃၄) လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမျိုးသမီးအခွင့်အရေးနှင့် ငြိမ်းချမ်းရေး စကားဝိုင်းဆွေးနွေးပွဲတွင် စာရေးဆရာမ မသီတာ (စမ်းချောင်း)၊ တရားလွှတ်တော်ရှေ့နေ ဦးသိန်းသန်းဦး၊ ဒေါ်ခင်မမျိုးနှင့် (၈၈) ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးမင်းကိုနိုင်တို့က ပါဝင်ဆွေးနွေးကြသည်။

စကားဝိုင်းဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီ နာယက ဒေါက်တာယုယုမေနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ မန္တလေးတိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာ ကော်မတီဝင်များ၊ တက္ကသိုလ်ကောလိပ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# ငလျင်လှုပ်ခတ်နိုင်သည့် အခြေအနေများ ခန့်မှန်းနိုင်ရန် တိုင်းတာရေး ဆောင်ရွက်မည်

**မန္တလေး နိုဝင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး အင်းဝဒေသမှ နေပြည်တော်ထိ ငလျင်လှုပ်ခတ်နိုင်သည့် အခြေအနေများကို ခန့်မှန်းနိုင်ရေး မြန်မာနိုင်ငံ ငလျင်ကော်မတီ၊ မြေတိုင်းဦးစီးဌာနနှင့် စင်ကာပူနိုင်ငံမှကမ္ဘာမြေလေ့လာစောင့်ကြည့်ရေးအဖွဲ့တို့ပူးပေါင်း၍ တိုင်းတာမှုများ လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ငလျင်နှင့် ပတ်သက်သည့် ပြတ်ရွေ့ကြောများအခြေအနေ တိုင်းတာမှုများကို နိုဝင်ဘာ ၂၀ ရက်မှ ဒီဇင်ဘာ ၅ ရက်ထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငလျင်ကော်မတီ အတွင်းရေးမှူး ဒေါက်တာမျိုးသန့်က ပြောသည်။

"ပြတ်ရွေ့ကြောတွေရဲ့ အထက်အောက်၊ ဘေးတိုက်နဲ့ ရွေ့လျားနှုန်းတွေ သိလာမယ်။ အနာဂတ်မှာ ငလျင်လှုပ်ခဲ့ရင် ဘယ်နေရာတွေမှာ လှုပ်နိုင်ပြီး ပြင်းအားဘယ်လောက်ရှိမလဲ။ မြေအောက် ဘယ်လောက်အနက်က လှုပ်မလဲဆိုတဲ့ ငလျင်နဲ့ ပတ်သက်ပြီး ခန့်မှန်းနိုင်မယ်" ဟု ၎င်းက ပြောသည်။

တိုင်းတာမှုများကို စစ်ကိုင်းပြတ်ရွေ့ကြောအင်းဝမှ နေပြည်တော်ဝန်းကျင်၊ ရေနံချောင်းနှင့် ချောက်မြို့နယ်စသည်တို့တွင် တိုင်းတာမည်ဖြစ်ကြောင်း၊ ၂၀၁၅-၂၀၁၆ က တပ်ဆင်ခဲ့သည့် အလိုအလျောက် မြေငလျင်တိုင်းစက် ၆၅ လုံးမှ ရရှိသော အချက်အလက်များကိုလည်း အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းတာရရှိသည့် အချက်အလက်များအရ အနာဂတ်တွင် ငလျင်လှုပ်နိုင်မည့် ခန့်မှန်းနေရာ၊ လှုပ်ခတ်နိုင်မည့် ပြင်းအားပမာဏကို သိရှိနိုင်မည်ဖြစ်ပြီး လက်ရှိအသုံးပြုနေသည့် ငလျင်အန္တရာယ်ပြမြေပုံများကို Update လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်နယ်တစ်ခွင် ကျောင်းအခြေပြု မီနီမာရသွန်ပြိုင်ပွဲ ကျင်းပ

**မိုးနဲ နိုဝင်ဘာ ၁၂**

ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်နယ်တစ်ခွင် ကျောင်းအခြေပြုမီနီမာရသွန်ပြိုင်ပွဲကို နိုဝင်ဘာ ၁၁ ရက်နံနက် ၆ နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးခရိုင် မိုးနဲမြို့ မြို့နယ်ပြည်သူ့အားကစားကွင်းရှေ့ မိုးနဲ-နမ့်စန် ကားလမ်းမ၌ ကျင်းပခဲ့သည်။

ပြည်သူ့အားကစားကွင်းရှေ့မှ မြောက်ဘက်မိုးနဲ-နမ့်စန် ကားလမ်းအတိုင်း ဆွမ်မရမ်းကျေးရွာထိ ပြိုင်ပွဲဝင်စေခဲ့ပြီး မြို့လယ်လမ်းကြောင်းမှ မူလပြည်သူ့အားကစားကွင်းရှေ့သို့ ပန်းဝင်ခဲ့သည်။

ပြိုင်ပွဲတွင် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၄၉၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ၃၂၀ ပန်းဝင်ခဲ့ကြောင်းသိရသည်။ အကြီးတန်း ကျား/မတန်းနှင့် အငယ်တန်း ကျား/မတန်းတို့တွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသူ ၄၄ ဦးအား မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ဆုတံဆိပ်နှင့်ငွေသားဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

**မျိုးညွန့်ရွှေ (ပြန်/ဆက်)**

## ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း လမ်းဘေးဈေးသည်များအား အသိပေးနှိုးဆော်

**ပန်းဘဲတန်း နိုဝင်ဘာ ၁၂**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လမ်းညွှန်မှုဖြင့် အနောက်ပိုင်းခရိုင် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးငွေစိုး ကြီးကြပ်လျက် ဒုတိယခရိုင်မှူး ဦးမြတ်ကျော်နှင့် ပန်းဘဲတန်းမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးလင်းဇော်စိုးတို့ ဦးဆောင်ကာ နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက ရွှေဘုံသာလမ်းရှိလမ်းဘေးဈေးသည်များ သိရှိလိုက်နာနိုင်ရန် အသံချဲ့စက်ဖြင့် အသိပေးနှိုးဆော်ခဲ့ကြသည်။

"လမ်းဘေးဈေးသည်တွေကို စည်းကမ်းတကျ ဈေးရောင်းချစေရေးနဲ့ မြို့တော်သန့်ရှင်းသာယာလှပစေရေးအတွက် ဌာနဆိုင်ရာအသီးသီးရှေ့မှာ အောက်တိုဘာ ၁၂ ရက်ကနေ ၂၆ ရက်အထိ ပွင့်လင်းမြင်သာစွာ မဲနှိုက်ပြီး ကမ်းနားလမ်းညဈေးမှာ နေရာချထားပေးပြီးဖြစ်ပါတယ်၊ လမ်းဘေးဈေးသည်တွေကမိမိတို့ မဲနှိုက်ရရှိတဲ့နေရာကို နိုဝင်ဘာ ၁၅ ရက် နောက်ဆုံးထားပြီး ပြောင်းရွှေ့ပေးဖို့ လိုက်လံအသိပေးနှိုးဆော်တာပါ၊ မပြောင်းရွှေ့ဘဲ အခြားနေရာတွေမှာ သွားရောက်ရောင်းချတာတွေ၊ နေအိမ်မျက်နှာစာနှင့် တိုက်လှေကားအတက်အဆင်းတွေမှာ ဝင်ရောက်ရောင်းချနေတာတွေ့ရင် တည်ဆဲဥပဒေတွေနဲ့ အရေးယူဆောင်ရွက်မှာဖြစ်ပါတယ်" ဟု မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးလင်းဇော်စိုးက ပြောသည်။

**မောင်မောင်**



## အမျိုးသမီးများသာမက အမျိုးသားများတွင်ပါ ရင်သားကင်ဆာရောဂါ ဖြစ်ပွား

**ရန်ကုန် နိုဝင်ဘာ ၁၂**

ရင်သားကင်ဆာရောဂါသည် အမျိုးသမီးများသာမက အမျိုးသားများတွင်ပါ ဖြစ်ပွားနိုင်ပြီး အသက်အရွယ်အပိုင်းအခြားအားဖြင့် ငယ်ရွယ်သူများတွင်မတွေ့ရဘဲအသက်၃၀ မှ၆၀ ဝန်းကျင် အမျိုးသားများတွင် တွေ့ရှိရကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဓာတ်ရောင်ခြည်ကင်ဆာဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာ ခင်ချိုဝင်းထံက သိရသည်။



ဓာတ်ပုံ- အင်တာနက်

"ကျွန်မအတွေ့အကြုံအရ အသက် ၃၀၊ ၄၀ ပတ်ဝန်းကျင်နဲ့ ၆၀ အဘိုးကြီး အရွယ်လောက်ထိ သုံး၊ လေးယောက်လောက်ပါတယ်၊ ငယ်ငယ်လေးတွေ မတွေ့ရဘူး၊ အမျိုးသားမှာဖြစ်တဲ့ ရင်သားကင်ဆာက အမျိုးသမီးတွေမှာဖြစ်တဲ့ ရင်သားကင်ဆာထက် ပိုဆိုးတယ်၊ ကုသရခက်တာ တွေ့ရတယ်၊ ဒါပေမယ့် သူတို့က ရင်သားမရှိတဲ့ သူတွေဆိုတော့ ရင်သားမှာ အလုံးကြီးဖြစ်လာတာကို သိတာနဲ့ ချက်ချင်းပြတော့ နည်းနည်းတော်သေးတာပေါ့" ဟု ဒေါက်တာ ခင်ချိုဝင်းကပြောသည်။

ရန်ကုန်ဆေးရုံကြီး ဓာတ်ရောင်ခြည်ကင်ဆာဌာနတွင် ရင်သားကင်ဆာရောဂါကြောင့် ဆေးဝါးကုသခံယူနေသူ ဝေဒနာရှင် ၁၃၀၀ ကျော်ရှိပြီး ထိုအထဲတွင် အမျိုးသား ခြောက်ဦးပါဝင်ကာ အဆိုပါ အမျိုးသားများမှာလည်း ဆေးဝါးကုသမှုခံယူနေကြောင်း သိရသည်။

ရင်သားကင်ဆာသည် ရင်သားအတွင်းရှိ ဆဲလ်များ ပုံသဏ္ဌာန်ပြောင်းလဲရာမှ ဖြစ်ပေါ်လာခြင်းဖြစ်ပြီး များသောအားဖြင့် ကျန်းမာရေးနှင့် မညီညွတ်သော ဘဝနေထိုင်မှု ဓလေ့များ၊ အဝလွန်သူများ၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးသူများ၊ အရက်သေစာ သောက်သူများ၊ ဆေးလိပ်သောက်သူများနှင့် မျိုးရိုးဗီဇတွင် ကင်ဆာရောဂါဖြစ်ဖူးသူများတွင် တွေ့ရတတ်ကြောင်း သိရသည်။

အမျိုးသားများတွင် ဖြစ်ပွားသည့် ရင်သားကင်ဆာသည် အမျိုးသမီးများတွင် ဖြစ်ပွားသည့် ရင်သားကင်ဆာနှင့် ရောဂါလက္ခဏာတူညီပြီး ရင်သားကင်ဆာဖြစ်ပွားပါက ရင်သားတွင် အကျိတ်ဖြစ်လာခြင်း၊ ချိုင်းကြားတွင် အကျိတ်ဖြစ်လာခြင်း၊ ယင်းအကျိတ်များသည် နာခြင်းမရှိသော်လည်း အလွန်ဆိုးရွားစွာ ပေါက်ကွဲထွက်လာပါက နာကျင်တတ်ကြောင်း သိရသည်။

"အမျိုးသားတွေ ဖြစ်ရင်လည်း အမျိုးသမီးတွေလိုပဲ စစ်ဆေးမှုတွေလုပ်ပြီး ကုသမှုတွေပေးရပါတယ်၊ ခွဲစိတ်တာ၊ ရင်သားဖြတ်တောက်တာ၊ ဓာတ်ရောင်ခြည်ပေးတာ လုပ်တယ်၊ ပြီးတော့ ဟိုမုန်းကုသမှုတွေ နောက်ပိုင်းလိုအပ်ရင်လုပ်ပါတယ်၊ အမျိုးသမီးနဲ့ ကုသမှုအပိုင်းက အတူတူပါပဲ" ဟု ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဓာတ်ရောင်ခြည်ကင်ဆာဌာန ကင်ဆာရောဂါအထူးကုဆရာဝန် ဒေါက်တာလေးအောင်က ပြောသည်။

အမျိုးသားများအနေဖြင့် ရင်သားကင်ဆာမဖြစ်ပွားစေရန် အဆီများသော အစားအစာများကို ရှောင်ရှားခြင်း၊ ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်း၊ အရက်သေစာနှင့် ဆေးလိပ်သောက်သုံးမှုမှ ရှောင်ရှားခြင်းတို့ ပြုလုပ်ရမည်ဖြစ်ကြောင်း သိရသည်။

"ကင်ဆာဖြစ်တယ်ဆိုတာနဲ့ သေလူလို့ သတ်မှတ်ကြတယ်၊ ပြည်သူတွေအနေနဲ့ ဆောင်ရန်၊ ရှောင်ရန်တွေကို ဗဟုသုတအနေနဲ့ ဖတ်ရမယ်၊ လေ့လာရမယ်၊ မသိတာကို ဆရာဝန်မေးမယ်၊ ကာကွယ်သင့်တာကာကွယ်မယ်၊ ကုသဖို့လိုတယ်ဆို တတ်သိနားလည်တဲ့ ဆရာဝန်နဲ့ပြသပြီး ကုသမှုခံယူမယ်ဆို ကုသမှုဟာအောင်မြင်နိုင်ပါတယ်" ဟု ဒေါက်တာလေးအောင်က ပြောသည်။

ရန်ကုန်ဆေးရုံကြီး ဓာတ်ရောင်ခြည်ကင်ဆာဌာန၏ ၂၀၁၅ ခုနှစ် စာရင်းများအရ အမျိုးသမီးများတွင် အဖြစ်အများဆုံး ရင်သားကင်ဆာအပါအဝင် အဆုတ်၊ ဦးခေါင်းနှင့် လည်ပင်း၊ သားအိမ်ခေါင်းကင်ဆာနှင့် အခြားကင်ဆာများ အပါအဝင် ကင်ဆာရောဂါဖြင့် ဆေးဝါးကုသမှုခံယူသည့် ဝေဒနာရှင် ၄၅၀၀ ကျော်ရှိကြောင်း သိရသည်။

**သီသီမင်း**

# ရေဆင်းဆည် နှစ်ပေါင်း ၄၀ ကျော်အတွင်း ပထမဆုံးရေအများဆုံးဝင်ရောက် နွေစပါးစိုက်ဧက ၆၀၀၀ ကျော် စိုက်ပျိုးရေလုံလောက်စွာပေးသွားရန် လျာထား



**နေပြည်တော် နိုဝင်ဘာ ၁၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းဆည်သည် ယခုနှစ်တွင် မိုးရေချိန်လက်မ ၆၀ ကျော်အထိ ရွာသွန်းခဲ့သဖြင့် ဆည်အတွင်းရေဝင်ရောက်မှုများကာ နှစ်ပေါင်း ၄၀ ကျော်အတွင်း ရေဝင်ရောက်မှုအများဆုံးနှစ်အဖြစ် စံချိန်တင်ခဲ့ကြောင်း သိရသည်။

"ရေဆင်းဆည်က အရင်နှစ်က မိုးရွာသွန်းမှုနည်းပါးပြီး ရေမလောက်တဲ့အတွက်ကြောင့် သောက်သုံးရေရော စိုက်ပျိုးရေပါ ခက်ခက်ခဲခဲပေးခဲ့ရတယ်၊ ဒီနှစ်တော့ မိုးရွာသွန်းမှုလည်းများတယ်၊ မိုးရေချိန်လည်းများတဲ့အတွက်ကြောင့် ဆည်ရေအပြည့် ဝင်ရောက်ပါတယ်၊ ရေဆင်းဆည် တည်ဆောက်ပြီးစီးခဲ့တဲ့ နှစ်ပေါင်း ၄၂ နှစ်အတွင်းမှာ ပထမဆုံး စံချိန်တင်ရေပြည့်လာတာဖြစ်ပါတယ်"ဟု ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးအောင်အောင်ဦးက ပြောသည်။

ပြီးခဲ့သည့်နှစ်က ရေဝင်ရောက်မှုနည်းသဖြင့် နွေစပါးနှင့် မိုးစပါးစိုက်ပျိုးမှုအတွက် စိုက်ပျိုးရေ မပေးဝေနိုင်ခဲ့သော်လည်း ယခုနှစ်တွင် ရေဝင်ရောက်မှုများသဖြင့် နွေစပါးနှင့် မိုးစပါးစိုက်ပျိုးရေကို လျာထားသည်ထက် ပိုမိုလုံလောက်စွာ ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

" မနှစ်က ဆည်မှာ ရေမပြည့်တဲ့အတွက် မိုးစပါးတောင် ရေမပေးနိုင်ခဲ့ပါဘူး၊ ဒီနှစ်မှာတော့ ရေပြည့်တာနဲ့ ကျွန်တော်တို့ နွေစပါးစိုက်ဖို့အထိ လျာထားတယ်၊ ပထမတော့ ဧက ၃၀၀၀ ကျော်လောက်ပဲ စိုက်မယ်လို့ တွက်ထားပေမယ့် ဆည်ရေက အပြည့်အဝရတဲ့အတွက်ကြောင့် အခု လယ်ဧက ၆၀၀၀ ကျော်လောက် စိုက်ပျိုးနိုင်အောင် လျာထားပါတယ်၊ ဧက ၆၀၀၀ ကျော်လောက် ရေပေးဖို့လည်း အလုံအလောက်ရှိတယ်၊ ဆည်ရေပြည့် ရေလှောင်ပမာဏက ဧကပေ ၇၃၀၀၀ ရှိတယ်။ နွေစပါးလယ်ဧက ၆၀၀၀ အတွက် ဆိုရင် လိုအပ်ရေပမာဏက ဧကပေ ၃၆၀၀၀ ရှိမယ်၊ နောက်ပြီး မြို့ပြသုံးရေအတွက်က ဧက ပေ ၁၅၀၀၀ လောက် ခန့်မှန်းထားပါတယ်၊ ဒါဆိုရင် လက်ကျန်ရေလည်း ရှိသေးတယ်၊ ဒါကြောင့် ကျွန်တော်တို့ လျာထားတဲ့ နွေစပါးဧက ၆၀၀၀ ကျော်ကို ရေဖူဖူလုံလုံပေးနိုင်ပါတယ်၊ တောင်သူတွေကိုလည်း ကျွန်တော်တို့ လျာထားတဲ့ ဧက ၆၀၀၀ ကို ပြည့်မီအောင်၊ ပိုစိုက်မယ်ဆိုရင်လည်း စိုက်နိုင်အောင် ကြိုးစားပေးဖို့နဲ့ ရေအလေအလွင့်မရှိစေဘဲ စနစ်တကျအသုံးပြုသွားစေချင်ပါတယ်"ဟု ၎င်းက ဆက်လက် ပြောသည်။

ရေဆင်းဆည်၏ ရေအမှတ်သည် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် မေလ၌ ၃၉၇ ဒသမ ၈၀ ပေအထိရောက်ရှိခဲ့ပြီး ယခင် စံချိန်တင်လျော့နည်းခဲ့သည့် ၂၀၁၁ ခုနှစ်အတွင်းက ရေအမှတ် ၄၀၄ ဒသမ ၇၈ အောက် ၆ ဒသမ ၉၈ ပေကျော် လျော့နည်းခဲ့ကြောင်း သိရသည်။

ရေဆင်းဆည်၏ သတ်မှတ်ကန်ရေပြည့် အမှတ်မှာ ၄၃၉ ပေ(ရေလှောင်ပမာဏ ဧကပေ ၇၃၀၀၀) ရှိပြီး ယခင်ရေဝင်ရောက်မှုအများဆုံးမှာ ၂၀၁၂ ခုနှစ်ကဖြစ်ပြီး ရေလှောင်ပမာဏ ဧကပေ ၇၂၀၀၀ အထိရှိခဲ့ကာ ရေဝင်ရောက်မှုအများဆုံးနှစ် ဖြစ်ခဲ့ကြောင်း သိရသည်။

ရေဆင်းဆည် ရေလျော့မှုကြောင့် အနီးဝန်းကျင်ကျေးရွာများရှိ ဒေသခံများ အဓိကအားထားနေရသည့် လယ်မြေဧက ၉၀၀၀ ခန့်မှာ နွေစပါးစိုက်ပျိုးနိုင်မှု မရှိသဖြင့် ၎င်းတို့စားဝတ်နေရေးအတွက် အခက်အခဲဖြစ်ခဲ့ကြောင်း သိရသည်။

"ရေခန်းမှုဖြစ်တာက မိုးရွာသွန်းမှုနည်းတဲ့အတွက်ကြောင့် ဖြစ်ပါတယ်၊ မိုးနည်းတော့ ဆည်ထဲစီးဝင်ရေက လိုအပ်သလောက် မပြည့်မီဘူး၊ ရေဆင်းဆည်ဟာ ပြီးခဲ့တဲ့ ၂၀၁၀ ခုနှစ်က မိုးရွာသွန်းမှုနည်းပါးခဲ့တဲ့အတွက် ၂၀၁၁ ခုနှစ်မှာ ရေလျော့နည်းမှုဖြစ်ခဲ့တယ်၊ အခု ရေလျော့နည်းမှုဖြစ်စဉ်ကလည်း ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်က အယ်နီညိုဖြစ်စဉ်နဲ့ မိုးရွာသွန်းမှုနည်းပါးခဲ့တဲ့အတွက်တို့ကြောင့် ဖြစ်ပါတယ်"ဟု ၎င်းက ထပ်မံပြောသည်။

သက်တမ်းအားဖြင့် ၄၂ နှစ် ရှိပြီဖြစ်သည့် ရေဆင်းဆည်ကို မိုးရာသီစိုက်ပျိုးသည့် သီးနှံများအတွက် ရေလိုအပ်ချိန်တွင် ဖြည့်ဆည်းပေးရန်နှင့် သီးထပ်သီးနှံများအပြင် ရေဆင်းချောင်းနှင့် ဆင်သေချောင်းတို့မှ ရေလွှမ်းမိုးမှုကို ကာကွယ်ထိန်းသိမ်းပေးရန် ရည်ရွယ်တည်ဆောက်ထားခြင်းဖြစ်သည်။

ယခုအခါ ရေဆင်းဆည်အတွင်း ရေပိုမိုဝင်ရောက်စေရန် ဆည်မြောင်းတာဝန်ရှိသူများအနေဖြင့် ရေဆင်းဆည်အထက်ဘက်ရှိ ကျောက်သံပတ်ချောင်းပေါ်တွင် ရေလွှဲဆည်တစ်ခုတည်ဆောက်ပြီး ရေသွယ်မြောင်းဖောက်လုပ်ကာ ပုဇွန်ဆိပ်ချောင်းမှတစ်ဆင့် ဆည်အတွင်း ရေကူဖြည့်ပေးခြင်းများဆောင်ရွက်ထားကြောင်း၊ ထို့အပြင် ဆည်ရေသောက်အတွင်းရှိ လယ်မြေများ ရေလုံလောက်စွာပေးဝေနိုင်ရန် အလဟဿ ပြန်းတီးသွားမည့်ချောင်းများနှင့် ရေနုတ်မြောင်းများမှ ရေကို ပြန်လည်အသုံးပြုနိုင်ရန်အတွက် ပင်းတားဆည်များ တည်ဆောက်ပြီး ရေပေးဝေနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မောင်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ-မောင်မွေး**

## ရွှေဘိုဒေသ၌ မိုးစပါးအဟောင်းဈေးနှုန်း စံချိန်တင်မြင့်မားလျက်ရှိ

**ရွှေဘို နိုဝင်ဘာ ၁၂**

မြန်မာနိုင်ငံ အောက်ပိုင်းဒေသ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ရှိ ဒေသတချို့တွင် မိုးစပါးအသစ်များ ပေါ်နေ၍ မိုးစပါးအဟောင်းများ ဈေးနှုန်းများ ကျဆင်းလျက်ရှိသော်လည်း ရွှေဘိုဒေသ၌ မိုးစပါးအသစ်များ မရိတ်သိမ်းနိုင်သေး၍ မိုးစပါးအဟောင်းများ ဈေးနှုန်း စံချိန်တင်မြင့်မားလျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

ရွှေဘိုဒေသသည် သဖန်းဆိပ်ဆည်ရေဖြင့် ၂၀၁၇- ၁၈ ခုနှစ်တွင် လယ်မြေဧကပေါင်း ငါးသိန်းနီးပါး မိုးစပါး စိုက်ပျိုးထုတ်လုပ်ခဲ့သည်။ လာမည့် ဒီဇင်ဘာလလယ်ရောက်မှသာ မိုးစပါးအသစ်များ ရိတ်သိမ်းနိုင်မည်ဖြစ်ကြောင်း သိရသည်။ မိုးစပါးမရိတ်သိမ်းမီ ယခင်နှစ်က ယခုချိန်တွင် မိုးစပါးအဟောင်း ပေါ်ဆန်း တင်းတစ်ရာလျှင် ကျပ် ၁၂ သိန်း ဝန်းကျင် ဈေးနှုန်းရှိခဲ့သော်လည်း ယနေ့အချိန် ယခင်နှစ်ထက် မိုးစပါးအဟောင်းဈေးနှုန်း ကျပ် သုံးသိန်းကျော် မြင့်တက်လျက်ရှိသည်။

"လက်ရှိ ဘုရင့်နောင်နှင့် ဝါးတန်းဆန်ဈေးကွက်ထဲကို နယ်ဒေသတွေက ဆန်အဝင် လျော့နည်းနေပြီး ရန်ကုန်ကိုလာတဲ့ ဆန်တွေကို အလုအယက် ဝယ်ယူနေတယ်၊ ဆန်ဈေးတွေကလည်း ဆက်တိုက်မြင့်တက်နေတယ်၊ ဆန်ချောလည်း အဝင်နည်းတယ်၊ လက်ကျန်နည်းတယ်၊ အရောင်းသွက်နေလို့ ဈေးလည်း တက်လာတယ်၊ ရွှေဘိုဒေသ မိုးစပါးအဟောင်းဖြစ်တဲ့ ရွှေဘိုပေါ်ဆန်းမွှေး(ဘေးကြား)ကတော့ ဈေးမကျတဲ့အပြင် ထပ်မံမြင့်တက်နေပါတယ်"ဟု ကန်သစ်ကျေးရွာမှ ဦးမျိုးလင်းက ပြောသည်။

**ရောင်နီတင်ဝင်း**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ဒေသထွက်ကုန်များပြပွဲနှင့်အတူ ပို့ကုန်မြှင့်တင်ရေးဆွေးနွေးပွဲကို မုံရွာမြို့တွင် ကျင်းပမည်

**မုံရွာ နိုဝင်ဘာ ၁၂**

ဒေသထွက်ကုန်ပြပွဲနှင့် ပို့ကုန်မြှင့်တင်ရေးဆွေးနွေးပွဲကို မုံရွာမြို့ မြို့တော်ခန်းမ၌ နိုဝင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က ကျင်းပရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဒေသထွက်ကုန်ပြပွဲနှင့် ပို့ကုန်မြှင့်တင်ရေးဆွေးနွေးပွဲဖွင့်ပွဲကို နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီတွင် မုံရွာမြို့ မြို့တော်ခန်းမရှေ့၌ ကျင်းပမည်ဖြစ်ကာ ပို့ကုန်မြှင့်တင်ရေးစာတမ်းများကို ဌာနဆိုင်ရာခြောက်ခု၊ အသင်းအဖွဲ့ငါးဖွဲ့၊ DaNa Facility မှ စာတမ်း သုံးစောင်တို့ကို တင်သွင်းဖတ်ကြားကြမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ထွက်ကုန်များဖြစ်သည့် ရွှေဘိုပေါ်ဆန်းစပါး၊ ပဲမျိုးစုံ၊ ပြောင်းနှင့် ဆက်စပ်ပစ္စည်းများ၊ ကျောက်ကာယွန်းထည်၊ စစ်ကိုင်းငွေထည်၊ စစ်ကိုင်းဂီတာ၊ အရာတော်သနပ်ခါး၊ စိန်တလုံးသရက်သီး၊ စစ်ကိုင်းကြိမ်ထည်လုပ်ငန်း၊ မအူမြေပဲဆားလှော်လုပ်ငန်းစသည့် ဒေသထွက်ကုန်များ ခင်းကျင်းပြသ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စာတမ်းများကို မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်ရေးဦးစီးဌာန စားသုံးသူရေးရာဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ ပညာရှင်များ ပြုစုထားသောစာတမ်းများကို ဖတ်ကြားကြမည်ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်၊ စစ်ကိုင်းတိုင်းဒေသကြီး ကုန်သည်စက်မှုအသင်း၊ မြန်မာလူငယ်လုပ်ငန်းရှင်များအသင်း၊ မြန်မာအမျိုးသမီး စွမ်းဆောင်ရှင်များအသင်းနှင့် တိုင်းဒေသကြီး ခရိုင်တောင်သူများအသင်းတို့ကလည်း စာတမ်းများဖတ်ကြားမည်ဖြစ်သည်။ DaNa Facility က ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမူဘောင်အကြောင်း၊ စီးပွားရေး ပတ်ဝန်းကျင်ဆိုင်ရာ ညွှန်းကိန်းများအကြောင်းနှင့် ဒေသအလိုက် ပို့ကုန်မြှင့်တင်ရေး မဟာဗျူဟာစာတမ်းများကို ဖတ်ကြားဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



**မွန်ပြည်နယ် ဘီးလင်းမြို့နယ် ရဲမှူး စိုးမြင့်၊ ဒု-ရဲမှူး ချစ်ကိုကို၊ ရဲအုပ်ဒွေးဝင်းတို့ဦးစီးသည့် အသိပညာပေးမှုခင်းယာဉ်သည် နိုဝင်ဘာပထမပတ်က ဘီးလင်းမြို့နယ် ဆရာစံရပ်ကွက်တွင် ပြည်သူများအား မှုခင်းကျဆင်းရေး အသိပညာပေးဆောင်ရွက်စဉ်။**

မြို့နယ်(ပြန်/ဆက်)



## ပုဇွန်တောင်မြို့နယ်၌ မူကြိုအရွယ်ရင်သွေးငယ်များ ကဗျာရွတ်ပြိုင်ပွဲ ကျင်းပ

**ပုဇွန်တောင် နိုဝင်ဘာ ၁၂**

(၉၇)နှစ်မြောက် အမျိုးသားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မူကြိုအရွယ် ရင်သွေးငယ်လေးများ၏ ကဗျာရွတ်ပြိုင်ပွဲကို နိုဝင်ဘာ ၁၀ ရက် မွန်းတည့် ၁၂ နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် ပြန်/ဆက်ဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ပုဇွန်တောင်မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဦးရဲနောင်ချစ်က ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စာရေးဆရာမ ဒေါ်ခင်လပြည့်ဝင်းက အမျိုးသားနေ့နှင့်ပတ်သက်သည့် အကြောင်းအရာများကို ရင်သွေးငယ်လေးများအား ဟောပြောဆွေးနွေးကာ မူကြိုကလေးငယ်လေးများက ဂုဏ်ပြုကဗျာများကို ရွတ်ဆိုယှဉ်ပြိုင်ကြသည်။

ယင်းနောက် မူကြိုအရွယ်ကဗျာရွတ်ပြိုင်ပွဲတွင် ဆုရရှိကြသည့် ရင်သွေးငယ်လေးများအား တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။ အဆိုပါပြိုင်ပွဲသို့ (၅၂)လမ်း ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းမှ ရင်သွေးငယ်လေးများက လာရောက်ယှဉ်ပြိုင်ခဲ့ကြရာ ဆရာမများနှင့် မိဘပြည်သူများက လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရွှေနေ နှင့် ဓားတောင်၊ မီးပင်လယ်

ဦးဟန်ညွန့် (ဥပဒေ)

**နိဒါန်း**

"ဆရာ"

"ဗျာ"

"ကျွန်တော် ငိုချင်စိတ် ပေါက်နေတယ်ဆရာ"

"ဟေ ဘာဖြစ်လို့လဲကွ"

"ကျွန်တော်တင်တဲ့ အယူခံမှုရှုံးသွားလို့ပါ။ ဘယ်လိုမှ ရှုံးမယ်မထင်ဘူး။ နိုင်မှာအသေအချာလို့ တွက်ထားတာ ဆရာ"

"ဩော်. . "

"တရားသူကြီးက ဘက်လိုက်တာပဲ ဖြစ်မယ်ဆရာ"

"ဟင်"

"အမှုသည်တွေကလည်း ကျွန်တော့်အပြစ်လို့ ထင်နေကြတယ်။ ကျွန်တော် ရှေ့နေမလုပ်ချင်တော့ဘူး။ ဆိုက်ကားပဲ ပြန်နင်းတော့မယ်ဆရာ"

"ဟာ"

**ငိုမလိုလို**

ငိုမလိုလိုမျက်နှာနှင့် ကျွန်တော့်ရုံးခန်းထဲ ဝင်လာသော စိတ်ဓာတ်အလွန်ကျနေသည့် ချစ်တပည့် ရှေ့နေလူငယ်တစ်ဦး၏အသံပါ။ ကျွန်တော့်ထံမှာ Chamber (အလုပ်သင်)ဆင်းခဲ့သော ကျွန်တော့်တပည့် ရှေ့နေတစ်ဦးပါ။ စာအလွန်တော်။ အလုပ်အင်မတန်ကြိုးစား။ မျှော်လင့်ချက်များစွာဖြင့် ဥပဒေဘာသာလေ့လာ။ ရှေ့နေအလုပ်ကို ခုံမင်စွာ ဆောင်ရွက်သူတစ်ဦးပါ။ အယူခံမှု လိုက်ပါရင်း အမှုရှုံး၍ စိတ်ဓာတ်ကျပြီး ဆိုက်ကားနင်းစားတော့မည်ဟုပင် ပြောနေရှာပြီ။ ဩော် ချစ်တပည့်ရယ်။ လောကအလယ်မှာ ဤမျှဖြစ်ရလေသလား။ ဘဝကိုအရှုံးပေးတော့မည်လား။ ဆုံးရှုံးမှုကို လက်မြှောက်ပြီး ဝမ်းနည်းကြေကွဲမှုဖြင့် အစားထိုးမည်လား။ ဤသို့ဖြင့် ချစ်တပည့်ရေ ဒါလေးဖတ်ကြည့်။

**ဓားတောင်၊ မီးပင်လယ်**

"ဓားတောင်"ဆိုတာဘာလဲ။ ဓားတွေနှင့် ရောပြွမ်းစိုက်ထူထားသည့်တောင်။

"မီးပင်လယ်"ဆိုတာကတော့ "မီးတွေနဲ့လောင်မြိုက်စီးဆင်းနေသောပင်လယ်" ဟု ဆိုကြပါစို့။

"အခက်အခဲတွေချည်း သက်သက်။ ဆင်းရဲဒုက္ခတွေချည်း အပြည့်အနှက်။ လွယ်ကူတာ ဘာမှမပါ။

**ဆရာကြီးမြသန်းတင့် (ခေါ်) ဦးမြသန်း**

စာရေးဆရာကြီး မြသန်းတင့်၊ အမည်ရင်း ဦးမြသန်း၊ ပညာအရည်အချင်း B.A.B.L.၊ ဇာတိပခုက္ကူနယ်သား။ (ကျွန်တော်တို့ ပခုက္ကူနယ်သားချင်းမို့ ကြွားစရာရှိတိုင်း ထုတ်ပြောရဖန် များလှ)။ ဆရာကြီးရေးခဲ့သမျှ စာအုပ်တွေထဲမှာ "ကျွန်တော်အကြိုက်ဆုံး စာအုပ်ပြပါ" ဟုဆိုလျှင် ဤစာအုပ်ကိုပြမည် (ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်) တဲ့။ စာအုပ်အမည်ကိုက ရဲသည်။ ထက်သည်။ မြက်သည်။ ဓားတောင်တဲ့။ မီးပင်လယ်တဲ့။ ဓားတောင်ကို ကျော်မည်တဲ့။ မီးပင်လယ်ကို ဖြတ်မည်တဲ့။ ကောင်းလိုက်တဲ့စကားလုံးများ။ ထက်မြက်တဲ့ စကားလုံးများ။ စွဲမက်တဲ့စကားလုံးများ။ အားသစ်၊ ခွန်သစ်၊ စိတ်သစ်၊ လူသစ်၊ မှုသစ်ဖြစ်စေတဲ့ ဝတ္ထုကြီး။ ဒီဝတ္ထုကို ကျွန်တော့်တပည့် ရှေ့နေအားပေးဖတ်မှ တော်ရော့မည်။ စာပေလောကမှာ အအောင်မြင်ဆုံး၊ အငြင်းပွားရဆုံး၊ အထင်ရှားဆုံး စာအုပ်။ (ဘဝတက္ကသိုလ်စာပေထုတ်၊ ၁၉၉၅)

**ဇာတ်ဆောင်(၄)ယောက်**

(၁) အလုပ်သမား သံချောင်း

(၂) အိမ်ပြေး ရဲမြင့်

(၃) ကဗျာဆရာယောင်ယောင်၊ အလုပ်လက်မဲ့၊ ခေတ်ပညာတတ် ကိုနန္ဒာ

(၄) မှော်ခိုစက်လှေပိုင်ရှင် ဦးဘရန်

**ဇာတ်လမ်း ဇာတ်အိမ်**

သူတို့ လေးယောက်၊ သင်္ဘောပျက်။ ကျွန်းတစ်ကျွန်းပေါ် ရောက်သွား။ တစ်ယောက်နှင့်တစ်ယောက် ပုံစံမတူ။

(၁) သံချောင်း လက်တွေ့သမား၊ အခက်အခဲ ရင်ဆိုင်ရဲသူ

(၂) ကိုနန္ဒာ စာသမား၊ ဟိုယောင်ယောင်၊ ဒီယောင်ယောင်

(၃) ဦးဘရန် ကိုယ်ကျိုးရှာသမား

(၄) ရဲမြင့် လမ်းမှားက လမ်းမှန်ရောက်လာသူ

**ဝတ္ထုရှည်ရှယ်ချက်**

ဒုက္ခရောက်သည့်အချိန် လူတွေ၏စရိုက်၊ စိတ်နေစိတ်ထား ဖုံးကွယ်ထား၍မရ။ လူငယ်၊ လူကြီးပြဿနာ ဘယ်လို အဖြေရှာမလဲ။ ထူးခြားလေးနက်သော သရုပ်ဖော် ဝတ္ထုရှည်ကြီး။

**ကြိုးပမ်းမှု**

စာရေးဆရာကြီး မြသန်းတင့်ကိုယ်တိုင် ပင်လယ်တွင် နှစ်ရှည်လများ နေထိုင်ခဲ့ပြီး ခံစားခဲ့ရသော ကိုယ်တွေ့ဝတ္ထု။ လက်ဝဲစွန်း၊ လက်ယာစွန်းများမှ ဝေဖန်အတိုက်ခိုက်ခံရသောဝတ္ထု။ ဝေဖန်ချက်များကို စာရေးဆရာက တစ်ခွန်းမျှ တုံ့ပြန်ခြင်းမပြုခဲ့။ လူတိုင်း ကွဲလွဲပိုင်ခွင့်၊ ဝေဖန်ပိုင်ခွင့် ရှိသည်ဟူသော ယူဆချက်ရှိခဲ့။

**ဓားတောင်ကိုဘယ်လိုဖန်တီးခဲ့သလဲ**

စာရေးဆရာကြီးမြသန်းတင့်က-

ကျွန်တော်သည် ပင်လယ်တွင် အချိန်အတော်ကြာမျှ နေခဲ့ဖူးပါသည်။ ပင်လယ်တွင် နေခဲ့ရစဉ်က အနစ်နာခံသော၊ ကိုယ်ကျိုးစွန့်သော၊ အများအကျိုးကို ဆောင်ရွက်လိုသော၊ ဖြောင့်မှန်သော လူငယ်အချို့ကို ကျွန်တော်တွေ့ခဲ့ရပါသည်။ သူတို့သည် ပညာတတ်များ မဟုတ်ကြပါ။ ဓားတောင်ဝတ္ထုထဲမှ သံချောင်းကဲ့သို့ လယ်သမားမိဘများမှ ပေါက်ဖွားလာသော ကျေးလက်လူငယ်များဖြစ်ပါသည်။ အချို့မှာ မြို့ပြလက်လုပ်လက်စား မိဘများမှ ပေါက်ဖွားလာသော လူငယ်များဖြစ်ပါသည်။ ထိုလူငယ်များ အကြောင်းကို ကျွန်တော်ရေးချင်ပါသည်။

ထိုအခါတွင် ကျွန်တော်သည် သူတို့၏စရိုက်များကို ပေါင်း၍ သံချောင်းဟူသော ဇာတ်ကောင်တစ်ကောင်ကို ဖန်တီးပါသည်။

မြို့မှ ပညာတတ်လူငယ်များကို ကျွန်တော်တွေ့ပါသည်။ သူတို့သည် အရာရှိကြီးများ၊ လူကုံထံများ၏ သားများဖြစ်ကြပါသည်။ သူတို့အနက် အချို့သည် လေလွင့်နေကြပါသည်။ လူငယ်၏အားမာန်ကို မဟုတ်သည့်နေရာတွင် ဖြုန်းတီးပစ်နေကြပါသည်။ အချို့နေရာများတွင် ခေတ်နောက်ကျသော၊ အယူသီးသော လူကြီးနှင့် တက်ကြွသော၊ ရှေ့သို့အတင်းသွားနေသော၊ တန်ဖိုးသစ်များကို လှမ်းကြည့်နေသည့် လူငယ်တို့၏ ပဋိပက္ခကို ကျွန်တော် မြင်နေရပါသည်။ ထိုပဋိပက္ခသည် တစ်ခါတစ်ရံ မမှန်ကန်သောနည်းဖြင့် ပေါက်ကွဲလာတတ်ပါသည်။ ထိုအကြောင်းကို ကျွန်တော်ရေးချင်နေပါသည်။

ဤ၌ ပင်လယ်တွင်တွေ့ခဲ့ရသည့် အတွေ့အကြုံနှင့် မျက်မှောက်ခေတ်လူငယ်တို့၏ အကြောင်းကို ပေါင်းစပ်ကာ "ဓားတောင်"ကို ကျွန်တော် ဖန်တီးခဲ့ခြင်းဖြစ်ပါသည်တဲ့။

(စာ-၇)

**သူတို့လေးဦး**

သံချောင်း၊ ရဲမြင့်၊ ကိုနန္ဒာ၊ ဦးဘရန် (သူတို့လေးဦး) သည် သင်္ဘောပျက်၊ ကျွန်းကလေး တစ်ကျွန်းပေါ်သို့ ရောက်၊ လူ့အဖွဲ့အစည်းကလေးတစ်ခု ထူထောင်။ ဘဝအခက်အခဲကို ရင်ဆိုင်ရဲသူ။ စာတွေ့သာရှိသူ။ လမ်းမှန်ရောက်သွားသူ၊ ကိုယ်ကျိုးကြည့်သူများပီပီ ကြုံခဲ့၊ ဆုံခဲ့ပုံ။ သူတို့လေးဦး ဆက်ဆံရေး။ သူတို့လေးဦး ပဋိပက္ခ။ မည်သို့ ဖြေရှင်းကြမလဲ စသဖြင့် ဆရာကြီးက ရေးထားပါသည်။

**သမိုင်းစာအုပ်များကိုဖတ်လျက်**

ကျွန်တော်တို့သည် ကျောင်းတုန်းက သမိုင်းစာအုပ်များကို သင်ကြရ၏။ ယခုတိုင်လည်း သမိုင်းစာအုပ်များကို ဖတ်လျက်ရှိကြ၏။ နောင်တွင်လည်း ဖတ်နေကြဦးမည်ဖြစ်၏။ မနေ့က အဖြစ်အပျက်များသည် သမိုင်းထဲရောက်သွားကြ၏။ မနက်ဖြန်ကျလျှင် ယနေ့အဖြစ်အပျက်များသည်လည်း သမိုင်းဖြစ်သွားကြလိမ့်ဦးမည်။ အချိန်ဟူသော ပညတ်ချက် မကုန်ဆုံးသေးသရွေ့ ကျွန်တော်တို့သည် သမိုင်းကို ဖြတ်သန်းနေကြရဦးမည်ဖြစ်၏။

(စာ-၁၃)

**ဘဝချင်းကွာကြ၏**

တစ်ယောက်က အလုပ်သမား၊ တစ်ယောက်က လမ်းသရဲ၊ တစ်ယောက်က ကဗျာဆရာ၊ တစ်ယောက်က မှော်ခိုစက်လှေပိုင်ရှင်။ အလုပ်သမားနှင့် လမ်းသရဲကျောင်းသားသည် သက်တူရွယ်တူလူငယ်များ။ သို့သော် ဘဝချင်းကွာကြ၏။ အခြေအနေချင်းကွာကြ၏။ ကြီးပြင်းပုံချင်းလည်း ကွာကြ၏။ ဤသည်မှာ သူတို့နှစ်ယောက်၏ ပဋိပက္ခဖြစ်၏။ (စာ-၁၇)

ထိုလူငယ်နှစ်ယောက်သည် အကျပ်အတည်းတွေ့ကြ၏။ စားစရာနေစရာ မရှိသည့်အခြေသို့ ရောက်ကြ၏။ လမ်းသရဲကျောင်းသားသည် ဘာကိုမျှမလုပ်တတ်။ မိမိ၏ဘဝတည်မြဲရေးအတွက် သူတိုက်ပွဲဝင်တတ်၏။ အန္တရာယ်ကို ကာကွယ်တတ်၏။ သူတစ်ပါးအကျိုးကို ဆောင်ရွက်တတ်၏။ (စာ-၁၇)

ထိုအခါ၌ လူငယ်စိတ်ရှိသော လမ်းသရဲ ကျောင်းသားသည် အလုပ်သမားလူငယ်ကို အားကျ၏။ သူ့လို စွန့်စားချင်၏။ သူ့ရင်ထဲတွင်ရှိသော လူငယ်၏သတ္တိ၊ လူငယ်၏အားမာန်၊ လူငယ်၏စိတ်ဓာတ်တို့သည် ပြန်၍ပေါ်လာကြ၏။ (စာ-၁၈)

**ခန်းခြောက်နေလေပြီဟူသော အရေးအသား**

အမှုရှုံး၍ စိတ်ဓာတ်ကျနေသော ကျွန်တော့်တပည့် ရှေ့နေလူငယ်ပေါက်စအား ကျွန်တော် ဘာပြောရပါ့။ လူငယ်ဘဝဖြစ်သော်ငြား (အလကားနေရင်း) ဤသို့ ကျဆုံးတော့မည်လား။ ကျွန်တော် စဉ်းစားရပါတော့မည်။ စာရေးဆရာကြီး မြသန်းတင့်၏စာအုပ်မှာ ဇာတ်လမ်းအဖွင့်တွင် ဤသို့ ရေးသားထားပါ၏-




"မည်မျှကြာအောင် သတိမေ့မြောနေသည်မသိ၊ သူ့တစ်ကိုယ်လုံးသည် နာကျင်လျက်ရှိသည်။ ရင်ထဲတွင် တလှပ်လှပ် ခံစားရသည်။ ခေါင်းက တရိပ်ရိပ်မူးသည်။ ခြေလက်တို့ကို မသယ်ချင်တော့။ သယ်လည်း မသယ်နိုင်တော့။ ရင်ညွန့်ထဲမှာ မီးစကြီးထိုးထားသလို ပူနေသည်။ ပါးစပ်မှာ စေးထန်းနေသည်။ သူသည် တံတွေးကို မျိုချ၏။ မျိုချ၍မရ။ သူ့ပါးစပ်ထဲတွင် တံတွေးပင်မရှိတော့။ ခန်းခြောက်နေလေပြီ။"

ကျွန်တော်ဆက်၍ ဆက်၍ဖတ်သွားမိသည်။ စာတစ်အုပ်လုံး ဇွဲတွေ၊ မာန်တွေ။ ပဋိပက္ခတွေ၊ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ။ ငိုသံ၊ ရယ်သံ၊ အံကြိတ်သံ၊ တက်ခေါက်သံ၊ မြူးကြွသံ၊ ညည်းညူသံ၊ အသံစုံ။ မယုံစရာပင်လား။

**နေရစ်ခဲ့ပေတော့ သံချောင်းရေ**

ရဲမြင့်က လက်ထဲက ပန်းခွေကို ရေပြင်သို့ပစ်ချလိုက်သည်။ ပန်းခွေသည် လှိုင်းစီးကာ အဝေးသို့ ရောက်သွားသည်။

"နေရစ်ခဲ့ပေတော့ သံချောင်းရေ၊ ဒီပန်းခွေကလေးနှင့် မင်းဝိညာဉ်ဟာ မိုးကုပ်စက်ဝိုင်းအောက်က ပင်လယ်ပြင်တစ်နေရာမှာတော့ ပေါင်းဆုံမိကြမှာပါ။ ဆင်းရဲပင်ပန်းခံခဲ့တဲ့၊ မဟုတ်မခံခဲ့တဲ့၊ ကိုယ်ကျိုးစွန့်တဲ့ မင်းရဲ့စိတ်ဓာတ်ဟာလည်း တို့ရင်ထဲမှာ ကိန်းအောင်းနေမှာပါ။ မင်းပျော်တယ်ဆိုတဲ့ ပင်လယ်ပြင်ကြီးမှာ နေရစ်ခဲ့ပေဦးတော့"

**ပင်လယ်ကိုချစ်သော သံချောင်း**

ပင်လယ်မှာ ကျန်ရစ်ခဲ့ပြီ။ (စာ-၃၂၉)

**ရှေ့နေပေါက်စ ဘဝအစ**

ဆရာကြီးမြသန်းတင့်က ဓားတောင်ကိုကျော်ရမည်၊ မီးပင်လယ်ကိုဖြတ်ရမည်ဟု ဝတ္ထုရေးပြ၍ ဘဝသင်ခန်းစာပေးခဲ့ပါပြီ။ ရှေ့နေပေါက်စရော ဘဝအစ စိတ်ဓာတ်ကျမည်လား။ အရှုံး အနိုင် ဘယ်လိုပြိုင်မှာလဲ။

**အရှုံးအနိုင်**

ပွဲတစ်ပွဲမှာ အရှုံးအနိုင်ရှိစမြဲ။ ကိုယ်ပဲနိုင်မှာ အသေအချာဟု ပိုင်းဖြတ်ထားသော်ငြား လောကသစ္စာတရားကား ကျယ်ပြောလှပေသည်။ စီရင်ထုံး အကိုးအကား၊ ဖြစ်စဉ်ဖြစ်ရပ်၊ သမာသမတ်ကျကျ တင်ပြခဲ့သည့် တပည့်ရှေ့နေ၏ ဇွဲမာန်ကို ဆရာလေးစားပါသည်။ နိုင်ရမည်ဟူသော အခြေခံအချက်ကို တွက်စစ်ပိုင်းခြား၊ ကြိုးစားလုံ့လ၊ ဝီရိယဖြင့် ရှေ့နေတာဝန် ကျေပွန်ခဲ့သည့်အတွက်လည်း ယုံကြည်အားကိုးပါသည် အမောင်ရှေ့နေ။ အရှုံးပြီးလျှင် အနိုင်ဆိုတာ တစ်နေ့ ပေါ်လာမည်မှာ အသေအချာ။

**နိဂုံး**

ရှေ့နေပေါက်စရေ။ အားတွေမာန်တွေ မလျှော့လေနှင့်။ စာရေးဆရာကြီးမြသန်းတင့်က သူ့စာအုပ်ကို အောက်ပါကဗျာဖြင့် မော်ကွန်းတင်လိုက်ပါသည်ခင်ဗျား-

- ♦ ဓားတွေက တောင်တန်းလောက် များတယ်။
- ♦ မီးလျှံတွေက ပင်လယ်ပြင်လောက်ကျယ်တယ်။
- ♦ သည်ဓားတောင်တန်းနှင့် သည်မီးပင်လယ်ကို ငါကျော်ဖြတ်မယ်။

(တရုတ်အလုပ်သမား လူငယ်တစ်ဦး၏ ကဗျာတစ်ပုဒ်)

> "စာရေးဆရာကြီး မြသန်းတင့်ကိုယ်တိုင် ပင်လယ်တွင် နှစ်ရှည်လများ နေထိုင်ခဲ့ပြီး ခံစားခဲ့ရသော ကိုယ်တွေ့ဝတ္ထု။ လက်ဝဲစွန်း၊ လက်ျာစွန်းများမှ ဝေဖန်အတိုက်ခိုက်ခံရသောဝတ္ထု။ ဝေဖန်ချက်များကို စာရေးဆရာက တစ်ခွန်းမျှ တုံ့ပြန်ခြင်းမပြုခဲ့။ လူတိုင်း ကွဲလွဲပိုင်ခွင့်၊ ဝေဖန်ပိုင်ခွင့် ရှိသည်ဟူသော ယူဆချက်ရှိခဲ့. . ."



# ဂျိုးအော်ဝင်န် နဲ့ တရားဝင်လက်တွဲဖို့ ဆန္ဒတွေရှိနေတဲ့ တေလာဆွစ်

အမေရိကန်ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်ဟာ ပြီးခဲ့တဲ့ နိုဝင်ဘာ ၁၀ ရက်မှာ သူ့ရဲ့ တေးအယ်လ်ဘမ်သစ် "Reputation"ကို စတင်ထုတ်လွှင့်ပေးခဲ့ပြီဖြစ်ပါတယ်။ ဒီလိုတေးအယ်လ်ဘမ်သစ်ကို အောင်မြင်စွာထုတ်လွှင့်နိုင်ခဲ့ပြီးနောက်မှာတော့ ပေါ့ပ်ကြယ်ပွင့်ဟာ သူ့ရဲ့အချစ်ရေးနဲ့ပတ်သက်ပြီး အချိန်ပေးကာ ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေထွက်နေတဲ့ ဗြိတိန်မင်းသား ဂျိုးအော်ဝင်န်နဲ့ တရားဝင်လက်တွဲကာ အများရှေ့မှောက် အတူပေါ်ထွက်လာဖို့ ဆုံးဖြတ်ထားပြီးဖြစ်တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

တေလာဆွစ်ဟာ လန်ဒန်မှာ မကြာမီကျင်းပပြုလုပ်သွားမယ့် "MTV Europe Music Awards "တေးဂီတဆုပေးပွဲမှာ ချစ်သူဖြစ်တဲ့ ဂျိုးအော်ဝင်န်နဲ့တွဲဖက်ကာ ကော်ဇောနီပေါ်လျှောက်လှမ်းဖို့ အစီအစဉ်ရှိနေတာဖြစ်ပါတယ်။ ဒီလိုအခမ်းအနား အတူတက်ပြီး သူတို့နှစ်ဦးချစ်သူတွေအဖြစ် လက်တွဲနေပြီဖြစ်ကြောင်း အများရှေ့မှောက် တရားဝင်ထုတ်ဖော်ပြသချင်တာဖြစ်တယ်လို့လည်း သိရပါတယ်။

ပေါ့ပ်ကြယ်ပွင့်နဲ့ရင်းနှီးတဲ့ သတင်းရင်းမြစ်တစ်ဦးရဲ့ ထုတ်ဖော်ပြောကြားချက်အရ တေလာဆွစ်ဟာ သူ့ရဲ့ပုဂ္ဂိုလ်ရေးရာကိစ္စရပ်တွေကို အများရှေ့မှောက် ပြန်လည်ချပြဖို့ ဆန္ဒတွေရှိနေတာဖြစ်ပြီး ကာလအတော်ကြာ ပရိသတ်တွေနဲ့ အဆက်အသွယ်ဖြတ်ကာ လူမှုကွန်ရက်မီဒီယာပေါ်မှာလည်း ပေါ်ထွက်လာတာကို တွေ့ရခဲ့တဲ့ တေလာဆွစ်ဟာ ဒီလိုအများရှေ့မှာ ပြန်လည်ပေါ်ထွက်လာဖို့အတွက် ဝမ်းမြောက်နေမိကြောင်းလည်း သိရပါတယ်။

ဗြိတိန်သရုပ်ဆောင်မင်းသားတစ်ဦးဖြစ်တဲ့ ဂျိုးအော်ဝင်န်နဲ့ တေလာဆွစ်တို့ဟာ ချစ်သူတွေဖြစ်နေကြကြောင်း ယခုနှစ် နှစ်စပိုင်းကစတင်ပြီး ကောလာဟလတွေ ပေါ်ထွက်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် နှစ်ဦးစလုံးက တရားဝင်ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိဘဲ သတင်းထောက်တွေနဲ့ တွေ့ဆုံချိန်တိုင်းမှာလည်း ဓာတ်ပုံအရိုက်မခံဘဲ ပုန်းလျှိုးကွယ်လျှိုးလှုပ်ရှားသွားလာခဲ့ကြတာဖြစ်ပါတယ်။ ဒီလို ကွယ်ဝှက်ထားရတာဟာ တေလာဆွစ်အနေနဲ့ ချစ်သူသစ်ကို အများရှေ့ချပြနိုင်မယ့် အချိန်အခါနဲ့ အခွင့်ကောင်းကို စောင့်ဆိုင်းနေတာဖြစ်ပြီး လာမယ့် နိုဝင်ဘာ ၁၂ ရက်ညမှာ ကျင်းပသွားမယ့် တေးဂီတထူးချွန်ဆုပေးပွဲမှာတော့ နှစ်ဦးသားအတူတက်ရောက်လာမှာလားဆိုတာကိုတော့ စောင့်မျှော်ကြည့်ရှုရမှာပဲ ဖြစ်ပါတယ်။

အေးပြည့်
စုစည်းသည်

## ပထမသီတင်းပတ်အတွင်း တေလာဆွစ်ရဲ့အယ်လ်ဘမ် တစ်သန်း ရောင်းချရမည်ဟု ခန့်မှန်း

အမေရိကန်ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်ဟာ များစွာသော စမ်းသပ်ထုတ်လွှင့်မှုတွေနဲ့ အရောင်းမြှင့်တင်ရေးလုပ်ငန်းတွေကို လုပ်ဆောင်ခဲ့ပြီးနောက် ပြီးခဲ့တဲ့ နိုဝင်ဘာ ၁၀ ရက်မှာ သူ့ရဲ့ခြောက်ခုမြောက် စတီရီယိုတေးအယ်လ်ဘမ် "Reputation"ကို စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ သောကြာနေ့မှာ စတင်ထုတ်လွှင့်ခဲ့တဲ့ တေးအယ်လ်ဘမ်ဟာ စတင်ထုတ်လွှင့်ခဲ့ပြီးနောက် ၂၄ နာရီအတွင်း ကြည့်ရှုသူနဲ့ ဝယ်ယူသူများစွာကို ပိုင်ဆိုင်ခဲ့တာဖြစ်ပါတယ်။ ထုတ်လွှင့်ခဲ့ပြီးနောက် တစ်ရက်အကြာ ပြီးခဲ့တဲ့ စနေနေ့မှာတော့ ဘေဘုတ်ရဲ့ အကျော်ကြားဆုံးသောတေးသီချင်း ၂၀၀ စာရင်းမှာ ပါဝင်နေပြီး ဘေဘုတ်ရဲ့ စာရင်းတွေအရ စနေနေ့အထိ တေးအယ်လ်ဘမ်ပေါင်း ခုနစ်သိန်းရောင်းချခဲ့ပြီးဖြစ်ကြောင်း သိရပါတယ်။ ဒါကြောင့် ရောင်းအားအလွန်ကောင်းခဲ့တဲ့ ယင်းတေးအယ်လ်ဘမ်ဟာ စတင်ထုတ်လွှင့်ခဲ့တဲ့ ပထမသီတင်းပတ်အတွင်း အနည်းဆုံးတေးအယ်လ်ဘမ်ပေါင်း တစ်သန်းခန့် ရောင်းချရမှာဖြစ်ကြောင်း ဒေးလီးမေးယူကေဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

တေးအယ်လ်ဘမ်သစ်စတင်မထုတ်လွှင့်မီ နှစ်ရက်ခန့်အလိုမှာ သူ့ရဲ့တေးအယ်လ်ဘမ်သစ်မှာပါဝင်မယ့် တေးသီချင်းတွေရဲ့အမည်တွေ အွန်လိုင်းပေါ်မှာ ပေါ်ထွက်လာခဲ့ပြီးတဲ့နောက် တေလာဆွစ်က သူ့ရဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေ တစ်ဆင့် တေးသီချင်းအမည်တွေကို တရားဝင်ထုတ်ဖော်ပြသခဲ့ပါတယ်။ တေလာဆွစ်ထုတ်ဖော်ပြသခဲ့ရာမှာ သူ့ရဲ့တေးအယ်လ်ဘမ်သစ်မှာ တေးသီချင်းစုစုပေါင်း ၁၅ ပုဒ်ပါဝင်နေတာကိုလည်း တွေ့ရပါတယ်။ ဒါ့အပြင် တေလာဆွစ်ရဲ့ တေးအယ်လ်ဘမ်သစ်မှာ ပါဝင်မယ့် တေးသီချင်းတွေဟာ တရားဝင်စတင်ထုတ်လွှင့်ပေးခြင်းမပြုမီ တစ်ရက်ခန့်အလိုမှာလည်း အွန်လိုင်းပေါ်မှာ ပျံ့နှံ့ခဲ့ပါတယ်။ ဒီလို လုံခြုံရေးကျိုးပေါက်ခဲ့တာတွေရှိခဲ့ပေမယ့် တရားဝင်ထုတ်လွှင့်ပေးချိန်မှာလည်း တေးအယ်လ်ဘမ်ဟာ ရောင်းအားအလွန်ကောင်းခဲ့ပြီး လက်ရှိမှာ ဘေဘုတ်ရဲ့ အကျော်ကြားဆုံးသောတေးသီချင်းစာရင်းမှာ ထိပ်ဆုံးက ရပ်တည်နေတာကိုလည်း တွေ့ရပါတယ်။

"Reputation"တေးအယ်လ်ဘမ်မှာပါဝင်နေတဲ့ တေးသီချင်းတွေအနက် "Look What You Made Me Do""တေးသီချင်းကို တေလာဆွစ်က စတင်ထုတ်လွှင့်ပေးခဲ့တာဖြစ်ပြီး ယင်းတေးသီချင်းနဲ့ တေးဗီဒီယိုဟာ စံချိန်သစ်များစွာကို ချိုးနိုင်ခဲ့တာလည်းဖြစ်ပါတယ်။ အဲဒီနောက် တေလာဆွစ်က "Ready For It"၊ " Gorgeous"၊ "Call It What You Want" နဲ့ "New Year's Day"တေးသီချင်းတွေကို တေးအယ်လ်ဘမ်တစ်ခုလုံးမထုတ်လွှင့်မီ ပရိသတ်ဆီအရောက်ပို့ခဲ့ကာ တေးသီချင်းစုစုပေါင်း ငါးပုဒ်ထုတ်လွှင့်ခဲ့ပါတယ်။ ယင်းတေးသီချင်းတွေအနက် " Gorgeous "နဲ့ " New Year's Day "တေးသီချင်းတို့ဟာ လက်ရှိချစ်သူ ဗြိတိန်မင်းသား ဂျိုးအော်ဝင်န်အတွက် ရည်ရွယ်ရေးသားထားတာဖြစ်ကြောင်း မီဒီယာတွေနဲ့ ပရိသတ်တွေက ဝေဖန်ခဲ့ကြတာလည်း တွေ့ရပါတယ်။

လတ်တလောမှာ ထုတ်လွှင့်ပေးခဲ့တဲ့ အဆိုပါတေးအယ်လ်ဘမ်ဟာ တေလာဆွစ်ရဲ့ ဂီတသက်တမ်းတစ်လျှောက် ဘေဘုတ်ရဲ့ တေးဂီတဇယားကို ငါးကြိမ်ဆက်တိုက် ဦးဆောင်ခွင့်ရခဲ့တဲ့ တေးအယ်လ်ဘမ်



ဖြစ်လာခဲ့ပါတယ်။ တေလာဆွစ်ရဲ့ လက်ရှိအချိန်အထိ တေးအယ်လ်ဘမ်ပေါင်း တစ်သန်းနှင့်အထက် ရောင်းချခဲ့ရတဲ့ တေးအယ်လ်ဘမ်တွေကတော့ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်အတွင်းထုတ်လွှင့်ခဲ့ပြီး တေးအယ်လ်ဘမ်ပေါင်း ၁ ဒသမ ၂၉ သန်းရောင်းချခဲ့ရတဲ့ တေးအယ်လ်ဘမ် "1989"၊ ၂၀၁၂ ခုနှစ်အတွင်း စတင်ထုတ်လွှင့်ခဲ့ပြီး တေးအယ်လ်ဘမ်ပေါင်း ၁ ဒသမ ၂၁ သန်းရောင်းချခဲ့ရတဲ့ "Red"နဲ့ ၂၀၁၀ ခုနှစ်အတွင်း ထုတ်လွှင့်ခဲ့ကာ တေးအယ်လ်ဘမ်ပေါင်း ၁ ဒသမ ၀၅ သန်းရောင်းချခဲ့ရတဲ့ တေးအယ်လ်ဘမ် "Speak Now "တို့ဖြစ်ကြပြီး နောက်ဆုံးထုတ်လွှင့်ထားတဲ့ ခြောက်ခုမြောက် စတီရီယိုတေးအယ်လ်ဘမ် "Reputation"ကလည်း ပထမသီတင်းပတ်အတွင်းမှာပင် တေးအယ်လ်ဘမ်ပေါင်း တစ်သန်းခန့်ရောင်းချရနိုင်ဖွယ်ရှိကြောင်း စောင့်ကြည့်သူတွေက ခန့်မှန်းထားတာဖြစ်ပါတယ်။



## အရွယ်လွန်မှ ရင်သွေးတစ်ဦး ထပ်ရဦးမယ့် မစ္စတာဘင်း

ဟောလိဝုဒ်ရုပ်ရှင်လောကမှာ ကျော်ကြားတဲ့ဇာတ်ကောင်တစ်ဦးဖြစ်တဲ့ မစ္စတာဘင်းဇာတ်ရုပ်မှာ ပင်တိုင်ပါဝင်သရုပ်ဆောင်ထားတဲ့ မင်းသားကြီး ရိုဝမ်အကင်ဆန်ဟာ လက်ရှိမှာတော့ အသက်(၆၂)နှစ်အရွယ်ရှိခဲ့ပြီဖြစ်ပါတယ်။ ဒီလိုခြောက်ဆယ်ကျော်သက်တမ်းကို ရောက်ရှိလာခဲ့ပြီးနောက် သူဟာ နောက်ထပ်ရင်သွေးလေးတစ်ဦးကို မကြာမီ တွေ့မြင်ပိုင်ဆိုင်ခွင့်ရတော့မှာဖြစ်ပြီး အဆိုပါရင်သွေးလေးဟာ သူ့အတွက် တတိယမြောက်ရင်သွေးလေးဖြစ်တယ်လို့လည်း မစ်ရာဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ရိုဝမ်ရဲ့ လက်ရှိချစ်သူ အသက်(၃၃)နှစ်အရွယ် သရုပ်ဆောင်မင်းသမီး လူစီဖို့ဒ်ဟာ သူနဲ့ရခဲ့တဲ့ ရင်သွေးလေးကို လွယ်ထားရတာဖြစ်ပြီး သူတို့နှစ်ဦးရဲ့ ပထမဆုံးသောရင်သွေးလေးလည်းဖြစ်ပါတယ်။ လူစီဟာ ရင်သွေးလေးကို လာမယ့် သီတင်းပတ် အနည်းငယ်အကြာမှာ မွေးဖွားမှာဖြစ်ပြီး လာမယ့်နှစ်အစပိုင်းမှာ မျက်နှာမြင်ဖို့ရာ ခန့်မှန်းထားကြောင်းလည်း သိရပါတယ်။

ရိုဝမ်ဟာ လက်ရှိမှာ သူ့ရဲ့ဇနီးဟောင်းဖြစ်သူ ဆန်နက်ထရာစက်ထရှိုင်းနဲ့ ရရှိခဲ့တဲ့ သားတစ်ဦး၊ သမီးတစ်ဦး ရှိပါတယ်။ သားလေးက အကြီးဖြစ်ပြီး အသက်(၂၃)နှစ်အရွယ်ရှိပြီဖြစ်ကာ ဘန်လို့ အမည်ရပါတယ်။ သမီးလေးကတော့ အသက်(၂၁)နှစ်အရွယ်ရှိပြီဖြစ်ကာ လီလီလို့ အမည်ရတယ်လို့လည်း သိရပါတယ်။

## အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)
## မဟာဝိဇ္ဇာဘွဲ့သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၊ ၂၀၁၇-၂၀၁၈ပညာသင်နှစ်မှ စတင်၍ မဟာဝိဇ္ဇာဘွဲ့ သင်တန်းများ စတင်ဖွင့်လှစ်မည် ဖြစ်ပါသည်။

၂။ မဟာဝိဇ္ဇာဘွဲ့သင်တန်းများကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ဖွင့်လှစ်သွားမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်း ကိုက်ညီသူများ လျှောက်ထားနိုင်သည်-

(က) ပေးအပ်မည့်ဘွဲ့ - မဟာဝိဇ္ဇာဘွဲ့(ဂီတ/သဘင်/ပန်းချီ/ပန်းပု/ရုပ်ရှင်နှင့်ပြဇာတ်)

(ခ) သင်တန်းကာလ - (၂)နှစ်

(ဂ) ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်

(၁) ဂီတ/သဘင်/ပန်းချီ/ပန်းပုအထူးပြုဘာသာရပ်များဖြင့် ၁၉၉၇ခုနှစ်မှ ၂၀၀၆ခုနှစ်ထိ ဝိဇ္ဇာဘွဲ့၊ ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့၊ ဘွဲ့လွန်အနုပညာဒီပလိုမာ ရရှိသူများအနက်မှ မဟာဝိဇ္ဇာသင်တန်း တက်ရောက်ရန် အဆင့်မီသူ။

(၂) ရုပ်ရှင်နှင့်ပြဇာတ်အထူးပြုဘာသာရပ်ဖြင့် ၂၀၀၉ခုနှစ်မှ ၂၀၁၄ခုနှစ်အထိ ဝိဇ္ဇာဘွဲ့၊ ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ ရရှိသူများအနက်မှ မဟာဝိဇ္ဇာသင်တန်းသို့ တက်ရောက်ရန် အဆင့်မီသူ

(၃) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတက်ရောက်နေသူ မဖြစ်စေရ။

(၄) သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းအတိုင်း အချိန်ပြည့်မိစ္စာ တက်ရောက်နိုင်သူ၊

(၅) ဝန်ထမ်းဖြစ်ပါက သင်တန်းကို အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း သက်ဆိုင်ရာဌာန အကြီးအကဲ၏ ခွင့်ပြုချက် ပူးတွဲတင်ပြရမည်။

(ဃ) သင်တန်းဝင်ခွင့်စစ်ဆေးခြင်း

(၁)၂၃-၁၁-၂၀၁၇ရက် နံနက် ၉း၀၀နာရီမှ ၁၂း၀၀နာရီထိ အင်္ဂလိပ်စာရေးဖြေစာမေးပွဲ
မွန်းလွဲ ၁၃း၀၀နာရီမှ ၁၆း၀၀နာရီထိ သက်ဆိုင်ရာအနုပညာဘာသာရပ် ရေးဖြေစာမေးပွဲ

(၂)၂၄-၁၁-၂၀၁၇ရက် နံနက် ၉း၀၀နာရီ မှ ၁၆း၀၀နာရီထိ သက်ဆိုင်ရာအနုပညာဘာသာရပ် လူတွေ့နှင့်လက်တွေ့စစ်ဆေးခြင်း

